www.burmeseclassic.com

မောင်စိန်ဝင်း
ပုလဲကျွန်း

# မေ့ရက်ရဲစေ



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ❐ ၄၃၈/၂၀၀၀(၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ❐ ၄၁၄/၂၀၀၀ (၆)
ပုံနှိပ်ခြင်း ❐ ၂၀၀၀-ပြည့်နှစ်
ဇူလိုင်လ၊ ပထမအကြိမ်
အုပ်ရေ ❐ ၁၀၀၀
တန်ဖိုး ❐ ၃၀-ကျပ်
ထုတ်ဝေသူ ❐ ဒေါ်ရွှေအိမ်
တိုင်းလင်းစာပေ
အမှတ်(၈/၆၅)၊ အုပ်စု(၃)၊
အောင်သိဒ္ဓိလမ်း၊
တော်သွားကြီးကုန်း၊ အင်းစိန်။
အဖုံးနှင့်အတွင်းပုံနှိပ်သူ ❐ ဒေါ်ခင်လှ (၀၅၈၆၇)
ခေတ်ဦးပုံနှိပ်တိုက်
အမှတ်(၁၇၄)၊ ၃၇လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်။

BURMESE CLASSIC .com

# မေ့ရက်ရဲ့ဝေ

## မောင်စိန်ဝင်း [ပုတီးကုန်း]

သုံးချင်း ဝတ္ထုသစ်

ရွှေသမင်စာပေ
၄၁/၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး — ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC .com

## မေ့ရက်ရဲ့ငစ

မေ့ရက်ရဲ့စေ . . .

မေ့ပါစေကွယ်

လွယ်လွယ်ခံစား

ချန်ထားပါစေ . . .

ကံတရားလို့သာ ဖြေရင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

နှိဒါနှင်း

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# (၁)

အဝင်ပေါက်ဆီသို့ လှမ်းကြည့်လိုက်မိစဉ် ရင်သည်တော်လည်းသည့်နှယ် သွက်သွက်ခါ တုန်လှုပ်သွားပြီလားမသိ။ အံ့သြကြည့်ဖြင့် စူးစိုက်ထားမိဆဲ။ ခင်မိုးခိုင်ပါပဲဟုသိရင်း ရင်တွင်း၌ ကြေကွဲရပြန်သည်။ တာရှည်စွာ စူးနစ်နေခဲ့သော နှလုံးသားဒဏ်ရာဆူးကို တစ်စုံတစ်ဦးက လာပြီးနှဲ့နေလှုပ်နေပြန်ပြီလား။ နာကျင်ခံစားမှု ဝေဒနာကို ဘာသာနားအလည်ဆုံး။ သူ့အဖော်တို့ လှည့်ကြည့် ပြုံးပြစကားခွန်းစလိုက်တာ တွေ့သည်။ အချိုမြိန်ဆုံးသော ထင်ခဲ့ဖူးသော အပြုံးက သူ့နှလုံးသားကို မြားတို့စူးဝင်ပြီး တစ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လုံးပျံ့အောင် ဖွင့်ထားသည့် အနောက်တိုင်းသီချင်းသံသည် သူ့နားမှာ တိုးလျသွားသလို။ သူထိုင်နေသည့် ရှေ့ဘက်မှမှန်အကာနားမှ လှမ်းမြင်နေရသော ဆိုင်ထဲမြင်ကွင်းသည်လည်း မှေးမှိန်ရောထွေးသွားသလို။ သူ့အကြည့်အာရုံသည် ခင်မိုးခိုင်နှင့်သူ့အဖော်ထံ၌သာ ကပ်ငြိနေ၏။ ကိုယ်တိုင်ယူရသောစနစ်မို့ ကောင်တာရှေ့မှာ ရပ်နေတာ လှမ်းမြင်သည်။ ငဲ့စောင်းပြုံးပြ စကားခွန်းစတွေဝေနေဆဲ . . .။ ပြီးတော့ ခင်မိုးခိုင်က ကောင်တာနှင့် အနီးဆုံးက လွတ်နေသည့်စားပွဲမှာ နေရာယူထိုင်လိုက်တာတွေ့သည်။ သူ့ အဖော်က ကောင်တာရှေ့မှာရပ်ရင်း လိုအပ်တာမှာနေသည်။ ခင်မိုးခိုင်က သူနှင့်စားလွယ်ခုတ်မှာ မျက်နှာချင်းဆိုင်ထိုင်နေသည်မို့ သူ့ဘက်ကို အကြည့်ဝေ့ပါက သူ့ကိုတွေ့သွားနိုင်သည်ပဲ။ ခဏအကြာမှာ သူ့အဖော်က ခင်မိုးခိုင်ရှေ့မှာ ပန်းကိုချလိုက်ပြီး မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်၏။

ရုတ်တရက် အကြည့်လွှဲကာ ကောင်တာအပေါ်ဘက် နံရံ ဆီ လှမ်းကြည့်မိ၏။

ထာဝစဉ် သတိရနေမယ် . . . ဆိုသည့် မီးအလင်းဖြင့် ရွှေ့လျားပေါ်လာတတ်သော စာသားကလေးကို နံရံထက်မှာ မြင်သည်။

ရင်သည် အတိုင်းမသိ တုန်လှုပ်နေပြန်ပါရောလား။





ထာဝစဉ် သတိရနေဦးမှာတဲ့လား . . . ကွယ် . . .။

သက်ပြင်းရှည် အလိုအလျောက် ချမိရင်း ခေါင်းကိုငုံ့လိုက်၏။

"သားသားစားပြီးရင် သွားရအောင်နော်"

မုန့်စားနေသည့် ကလေးကို ခပ်ပြုံးပြုံးကြည့်ပြောလိုက်သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

# (၂)

အထွက်ပေါက်ဆီကို လှမ်းကြည့်လိုက်စဉ် ရင်သည်
တောင်ဝမှ ချော်ရည်မျှော်မျှော်များ ပွင့်ထွက်သွားသည့်နှယ် ဖြစ်မ
လားမသိ။ ကျောက်တောင်မှ အစိတ်စိတ်ကွဲဖြာကျလာသ
ကျောက်သား၊ ကျောက်ခက်၊ ချော်ရည်စက်ပြာပူတို့ကား နှလုံးသ
ပေါ်သို့ ကျလာပြီဟု ခင်မိုးခိုင်ထင်သည်။ နာကျင်ပူလောင်မှု
အထုအထည်ကား တစ်သက်တာခံစားရ [illegible] ခံစခဲ့သည်
ဝေဒနာမီးကျီးခဲကား အမှတ်တရလေပြည်အပင့်မှာ ရဲရဲ
လာပြီလေ . . . ။

ခပ်ခွေခွေ ခပ်စောင်းစောင်း အနေအထား မြင်လ
ရသော်ငြား နှလုံးသားအထိ တွယ်ငြိဖူးသော သူ့သဏ္ဍာ



www.burmeseclassic.com

www.burmeseclassic.com



အသေအချာသိပြန်သည်။ အပေါက်ဝဆီ လျှောက်နေသော တက်နေဝန်း၏ နောက်ကျောကို ငေးမောကြည့်ရင်း သက်ပြင်း ငွေ့ငွေ့ချလိုက်မိပြန်သည်ပဲ။

လက်ဆွဲထားသည့် ကလေးငယ်ဆီ စူးစိုက်ကြည့် မိပြန်သည်။ ကလေးတောင် အတော်ကြီးပြီပဲဟု ရင်ထဲမှာ စကားဆို ဖြစ်သေး၏။

"အသိတွေ့လို့လား"

စကားသံအကြားကြောင့် အသိဝင်ပြီး အာရုံကိုဆွဲ၏။ ခပ်ပြုံးပြုံးပြန်ကြည့်ကာ ခင်မိုးခိုင်က ခေါင်းကိုဆတ်ခနဲ ညိတ်လိုက်သည်။ နံရံဆီမှ ပန်းချီကားဆီ အကြည့်ပို့မိပြန်၏။ ပြုံးရွှင်နေသည့် ကလေးနောက်မှာ ပန်းခိုင်ပန်းဖူးတွေ အဆုပ်လိုက်ဝေလို့ပါလား . . .။ ကလေးမျက်နှာကလေးကား ပန်းပွင့်များနှယ် လတ်ဆတ် နုမျစ်ချစ်ခင်စဖွယ်လေး . . .။

× × ×



# တက်နေဝန်း

www.burmeseclassic.com

www.burmeseclassic.com

## (၁)

အမှန်တော့ သည်ခရီးမှာ သူပါဖို့မဟုတ်။

ခရီးမထွက်ခင်ညက ဖေဖေ့ဆီက ဖုန်းဝင်သည်။ ဖေဖေသည် နိုင်ငံခြားမှာ လုပ်စရာရှိသည်များကို လုပ်နေရသော်လည်း သူနှင့် ကိုကို့ကို စိတ်ချထားတတ်သူမဟုတ်။ နှစ်ရက်ခြား တစ်ခါလောက် ဖုန်းဆက်လေ့ရှိသည်။ ဖုန်းထဲမှနေ၍ ခိုင်းစရာ၊ စီစဉ်စရာရှိသည်များကို စီစဉ်လေ့ရှိသည်။ ဖေဖေဖုန်းဆက်တော့ သည်ခရီးစဉ်ကို သူပြောပြလိုက်၏။ ခရီးက သူတို့ကုမ္ပဏီအတွက် အရေးပါသော ခရီးလည်းဖြစ်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တတ်နေထွန်းကို ထားခဲ့ . . . မင်းလိုက်သွားလိုက်သား"

ဖေဖေတ ကိုကို့ကို ရန်ကုန်မှာ ထားခဲ့ခိုင်းသည်။ ကိုကိုတ ခပ်အေးအေးသမားမို့ သွက်လက်ချက်ချာသည့် သူ့ကို လိုက်ပါသွားစေချင်မှန်း နားလည်သည်။

"မောင်မြင့်ထွန်းတို့၊ ကိုအောင်မြတ်ကျော်တို့ကလဲ မင်းနဲ့ ပိုရင်းတာပဲ . . . မင်းလိုက်သွားတာ ပိုအဆင်ပြေတာပေါ့"

ဖေဖေဆက်ပြောသည့် စကားမှာလည်း အမှန်ပင်။ တစ်ခရီးတည်းသွားကြရမည့် ကိုအောင်မြတ်ကျော်နှင့် ကိုမြင့်ထွန်းက သူနှင့် သူငယ်ချင်းတွေလို ပေါင်းနေကြသူတွေ။ မန်နေဂျာ ရာထူးတွေ ယူထားကြသော်ငြား သူတို့သုံးဦးကား လူငယ်လူလွတ်တွေမို့ လုပ်ငန်းပြင်ပအချိန်မှာ ခပ်ပျော်ပျော်နေတတ်သူတွေပင်။ ကိုကိုကျတော့ လူငယ်ဖြစ်လျက် လူကြီးလိုနေထိုင်တတ်သူ။ ကိုကိုက သူတို့ထက်မြင့်သော ဒါရိုက်တာအဖွဲ့ဝင်ဖြစ်ပြီး သူတို့ကို သိပ်ရောနှောလေ့မရှိ။

"မန္တလေးမှာ ဘယ်သူလာကြိုမလဲ"

"ကိုအောင်မြတ်ကျော် စီစဉ်ထားတယ် ပြောတယ် . . . ဖေဖေ"

"အဲဒီက ဝန်ထမ်းနှစ်ယောက်ကိုလဲ တစ်ခါတည်း ခေါ်သွားနော် . . . ဒါမှ သူတို့ဆက်ပြီး အလုပ်လုပ်လို့လဲ အဆင်





ပြေအောင်လို့"

"ကောင်းတယ်"

ဖေဖေ့ဖုန်းချပြီးတော့ နောက်နေ့ ညနေ ငါးနာရီရထားဆင်းဖို့ သူပြင်ဆင်ရတော့သည်။ ရန်ကုန်မှ မထွက်မီ ရန်ကုန်မှာရှိနေသည့် အလုပ်တွေကို သူဖြတ်ခဲ့ရမည်ပဲ။ ကိုကို့ကို လွှဲစရာရှိသည်တို့ လွှဲခဲ့ရဦးမည်လေ။

x x x



www.burmeseclassic.com

www.burmeseclassic.com

# (၂)

[illegible]မကို ကန်တော့စဉ် မေမေက ကလေးတစ်ဦးကို မှာ သူ့တို့ သူ့ကိုစောင့်ရှောက်မှုထားသည်။ အဲ့ရပြီးသည်နှင့် ဖေဖေ့အလုပ်မှာ ဝင်လုပ်စေခြင်းဖြစ်သော လုပ်ငန်းကျွမ်းကျင်၍ အလုပ်ကိုနားလည် လာခဲ့ရသည်ပဲ။ စင်စစ်တော့ ကောင်းသားစိတ်၊ လူငယ်စိတ် မကုန်ချင် သေးပေ။ တာဝန်ကြီးကြီးယူ၍ လုပ်ငန်းကြီးကြီးလုပ်ကိုင်နေရခြင်း ဖြင့် မိမိ၏ လွတ်လပ်မှုများ ဆုံးပါးသွားရခြင်းကို တမ်းတနေချင် သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးတွေနဲ့လဲ ရှုပ်ရှုပ်ယှက်ယှက် ဖြစ်မလာစေနဲ့ဦးနော်"

မေမေကမှာတော့ သူပြုံးနေလိုက်သည်။ သူရည်းစားများတာ၊ ကောင်မလေးတွေ အများကြီးနဲ့တွဲတာ မေမေက ကြိုက်သည်မဟုတ်။ နောက်ပိုင်းမှာတော့ သူကအပျော်တွဲတာကို မေမေသဘောပေါက်သွားပြီး၊ ယခင်ကလောက်တော့ မပူပင်တတ်တော့။

"သားက လူကြီးဖြစ်နေပါပြီ၊ မေမေကလဲ . . . တကယ်ချစ်တဲ့သူနဲ့ပဲ သားတွဲနေချင်နေပြီ"

မေမေ့အပါးမှ ခွာရင်း သူခပ်ပြုံးပြုံး ပြောလိုက်သည်။

"မင်းအကြောင်းသိရင် ဘယ်မိန်းကလေးမှလဲ တကယ်ချစ်ရဲမှာ မဟုတ်ဘူး . . . မင်းကမိန်းကလေးတွေကို အရုပ်ကလေး တွေလို ကြိုက်ရုံကြိုက်တတ်တာ"

မေမေ့ကို ဘာမှပြန်မပြောမိတော့။ သူ့အခန်းဘက်ကို ထွက်လာခဲ့သည်။ ကိုကို့အခန်းရှေ့မှဖြတ်စဉ် ကိုကိုစာဖတ်နေတာ ဖွင့်ထားသော တံခါးမှ လှမ်းမြင်ရ၏။

ကိုကိုက သူနှင့်ဆန့်ကျင်ဘက်စရိုက်ရှိသူပင်။

× × ×





လေးယောက်အိပ်စင်ပါသော ရထားတွဲနှင့် သူတို့ပါလာခဲ့သည်။ သူတို့နှင့် အတူပါသော ခရီးသည်မှာ အသက်ကြီးပိုင်းဖြစ်၍ အလွန်အေးကာ စကားနည်း၏။

သူတို့သုံးယောက်ကတော့ သူတို့လုပ်ငန်းတာဝန်များကို မေ့လျော့သွားကြပြီး အပျော်ခရီးထွက်လာသလိုပင်။ သူတို့၏ သုံးဆယ်ကျော်စ အသက်အပိုင်းအခြားက သူတို့၏ လွတ်လပ်ပျော်ရွှင်မှုများကို ပြန်လည်ဖန်တီးပေးလိုက်လေသလားမသိ။

ကိုအောင်မြတ်ကျော်က သူ့မှာပါလာသည့် ဝီစကီပုလင်းကို ဖွင့်သည်။ ကိုမြင့်ထွန်းနှင့် သူကတော့ အရက်ကို ကြိုက်ကြိုက်မက်မက်ရှိသူတွေ မဟုတ်သော်ငြား သောက်ရမည့် ဝိုင်းများကြုံကသောက်နိုင်သူများပင်။ ပါလာသည့် ခရီးသည်ကို ခွင့်တောင်းပြီး သူတို့ အရက်ဝိုင်းစလိုက်၏။ ကိုမြင့်ထွန်းနှင့်သူက ကျောင်းမှာကတည်းက ရင်းနှီးသူတွေ။ ကိုအောင်မြတ်ကျော်ကို အလုပ်ထဲရောက်မှ ဆုံရသော်လည်း ရင်းနှီးကျွမ်းဝင်ခဲ့၏။

ရထားသည် အရှိန်ဖြင့် အမှောင်ထုကို ဖြတ်ကျော်လျက်ရှိ၏။

အအေးဓာတ်က တဖြည်းဖြည်းပိုလာသည်။ တောင်ငူအကျော်မှာ သိသိသာသာ အေးလာပြီး အနွေးထည်တွေ ထပ်[illegible]လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကောင်မလေးတွေ အကြောင်းပြောပါဦး . . . တက်နေဝန်း"

ဝီစကီပုလင်းကို အဖုံးပိတ်၍သိမ်းရင်း ကိုအောင်မြတ်ကျော်က ခပ်ပြုံးပြုံးပြောသည်။

"မရှိတော့ပါဘူး . . . အစ်ကိုရာ၊ အလုပ်ဒီလောက်များပြီး တာဝန်ပိနေတာနဲ့ ဘယ်ကောင်မလေးနဲ့မှလဲ အဆက်အသွယ် မရှိတော့ပါဘူး"

ဟု ခပ်ပြုံးပြုံး ပြန်ပြောလိုက်၏။

"ဟိုတလောက အလုပ်ထဲလိုက်လာတာရော"

"ကေသွယ်ထွန်းကို ပြောတာဖြစ်မယ်"

"ကားအနက်နဲ့လေ"

သူခေါင်းညိတ်ပြလိုက်သည်။

"ဒီကောင်မလေးက မင်းကို ခဏခဏလာတွေ့ဖော်ရသေးသားပဲ"

ဟု မြင့်ထွန်းက ဝင်ထောက်၏။

"သူလဲ ဘယ်လောက်ကြာခံမလဲဗျာ . . . ကောင်မလေးတွေကလဲ ငါ့ကိုချစ်တာမှ မဟုတ်တာ၊ ကြိုက်တာဆိုတော့ ရေရှည် မခံဘူးပေါ့"





"ဒီကောင်က ကျောင်းမှာတုန်းက နာမည်ကြီးဗျ"

"အရမ်းစွံတာ . . . ကောင်မလေးတွေကိုက လိုက်ကြိုက်ကြတာ"

မြင့်ထွန်းက ကိုအောင်မြတ်ကျော်ကိုကြည့်ရင်း ပြောလိုက်သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## (၃)

မနက်ခုနစ်နာရီ ပတ်ဝန်းကျင်မှာ မန္တလေးဘူတာကြီးသို့ ရထားကဝင်သည်။ ခြောက်နာရီလောက်ကတည်းက သူတို့နိုးပြီး အဆင်သင့်ဖြစ်နေကြသည်ပဲ။ ဘူတာမှာ ရထားဆိုက်တော့ သူတို့ ဆင်းလိုက်ကြသည်။

"ဘူတာကို လာကြိုကြမှာလား ကိုအောင်မြတ်ကျော်"

မြင့်ထွန်းကမေးသည်။

"အေးကွ. . . လာကြိုမယ်ပြောတယ်"၊



www.burmeseclassic.com

www.burmeseclassic.com



ဟိုသည်အကြည့်ဝေ့ရင်း ကိုအောင်မြတ်ကျော် ပြန်ပြောသည်။ အထက်မြန်မာပြည်နှင့် ပတ်သက်၍ ကိုအောင်မြတ်ကျော် တာဝန်ယူရသည်မို့ လာကြိုမည့်သူများမှာ သူတို့နှင့် မရင်းနှီးဟု သူတို့နားလည်သည်။ ရန်ကုန်ရုံးချုပ်သို့ အဝင်အထွက်ရှိသူတွေ လောက်သာ မျက်မှန်းတန်းမိလေမည်။

"ရပ်စောင့်ကြည့်တာ ကောင်းမယ် . . . လျှောက်ရှာနေရင် လွဲကုန်မယ်"

ပြောရင်းသူတို့ တစ်နေရာမှာ ရပ်နေလိုက်၏။

"ဟော . . . ဟိုမှာ"

ကိုအောင်မြတ်ကျော် အသံထွက်လာပြီး သူတို့အကြည့်များ ပါ ကိုအောင်မြတ်ကျော် ကြည့်ရာဆီသို့ ရောက်သွား၏။ သူတို့ဆီသို့ အနွေးထည်ကုတ်အင်္ကျီဝတ်ထားသော အမျိုးသမီး တစ်ဦး လျှောက်လာနေတာ လှမ်းမြင်သည်။

"ကျွန်မ . . . ဟိုဘက်တွဲတွေ လိုက်ကြည့်နေမိတာ"

အနားသို့ရောက်လာခိုက် ကိုအောင်မြတ်ကျော်ကို လှမ်းပြောသံကြားလိုက်ရ၏။

ထူးထူးဆန်းဆန်း အသံတစ်ခုကို ကြားလိုက်ရသလိုပင်။ ရင်ထဲမှာ တုန်တုန်လှုပ်လှုပ်ဖြစ်သွားသည် မဟုတ်သော်ငြား၊ အံ့ဩထူးဆန်းသွားသလို ခံစားလိုက်ရသည်မှာအမှန်။ ကိုအောင်မြတ်





ကျော်နှင့် ထိုအမျိုးသမီး ပြောနေသံတို့ကို မကြားတစ်ချက် ကြားတစ်ချက်။ ဘာလို့ ဒီလောက်ရင်းနှီးနေတဲ့ အသံဖြစ်နေရတာတဲ့လဲ။ သူကောင်မလေးတွေထဲက တစ်ဦးဦး၏ အသံဟု နောက်ဆုံးတော့ သူလက်ခံလိုက်ရင်း ဝေ့ခနဲ တစ်ချက်ကြည့်ဖြစ်သည်။ ကိုယ်ခန္ဓာသည် အသွယ်အလျ၊ ပြည့်ဖြိုးသည့်ဘက်သို့ လုသည်။ အသားက အညိုဘက်သန်းသော်လည်း စိုပြည်မှုကြောင့် ထင်းသည်။ မျက်နှာထားတင်းတင်းသည် ခပ်တောက်တောက် မျက်ဝန်းအစုံကြောင့်ပို၍ မာနေသယောင်။ ခြုံကြည့်ပါက သူကြိုက်၍တွဲလေ့ရှိသော ဖြူဖြူသွယ်သွယ် ကောင်မလေးတွေနှင့် မတူသည့်ရုပ်မျိုးဟု ဆိုရမည်လား။

"ညည်းတစ်ယောက်တည်းလား"

"ဟုတ်တယ်ဆရာ . . . ကျွန်မကို တာဝန်ပေးထားလို့ . . ကျွန်မကဆရာတို့ကို ရှေ့ကလက်ဖက်ရည်ဆိုင်မှာ ခည့်ခံပြီး . . . လာကြိုမယ့် ကားပေါ် တင်ပေးလိုက်ရုံပါပဲ"

"ဟိုမြို့က လာကြိုမှာပေါ့"

မန္တလေးကနေ သူတို့ခရီးဆက်ကြရမည်ပဲ။ မန္တလေးကို သူတို့ ဖြတ်သန်းရုံမျှသာ။

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . မိတ်ဆက်ပေးရဦးမယ် . . . ညည်းကရှုံ့ချုပ်လဲ အရှောက်နည်းတယ် . . . သူတို့နဲ့ သိမှာမဟုတ်ဘူး . . . ဒါ ဦးမြင့် ထွန်းတဲ့ . . . ရောင်းဝယ်ရေး မန်နေဂျာ၊ ဒါက ဦးတက်နေဝန်း . . သူက ဖြည်ပဆက်ဆံရေး မန်နေဂျာ . . . အမ်ဒီကြီးရဲ့သား အငယ်လေ"

"သူက ဒေါ်ခင်မိုးခိုင် . . . တဲ့"

"ကျွန်မကတော့ ဆရာတို့ နာမည်တွေ သိနေပါတယ် . . . ကိုယ့်အလုပ်က လူကြီးတွေပဲ"

စကားတစ်လုံးမှ ပြန်မပြောမိပါဘဲ၊ ဘောင်းဘီရှေ့အိတ်ထဲမှာ လက်နှိုက်ထားရင်း ခပ်ပြုံးပြုံး ခေါင်းဆတ်ပြလိုက်မိသည်။

ကိုယ့်အလုပ်က လူကြီးတွေပဲ ဆိုသည့်လေသံမှာ အလုပ်နှင့် ပတ်သက်နေ၍ သိထားသင့်တယ်ထင်လို့ သိထားပါ တယ်ဆိုသည့် သဘောမျိုး သက်ဝင်နေသလို သူတွေးမိပြန်၏။

"ကဲ . . . သွားကြရအောင်"

ကိုအောင်မြတ်ကျော် စကားအဆုံးမှာ အောက်မှချထားသည့် လက်ဆွဲအိတ်ကို မယူရင်း လွယ်လိုက်၏။

"ဆရာတစ်ခုခု ကျသွားသလားပဲ"

လှမ်းပြောလိုက်သည့် အသံကြောင့် သူ့မျက်နှာဆီ





အကြည့်ရောက်၏။ သူလက်ညှိုးညွှန်ရာကို ငုံ့ကြည့်လိုက်မိသည်။

"ဟာ . . . နာရီပြုတ်ကျတာ"

ကျသွားသည့် နာရီလေးကို သူပြန်ကောက်ယူလိုက်၏။

"ကျေးဇူးပါပဲ . . နာရီကြိုးပင်က အစကတည်းက ချောင်နေတာ လွယ်အိတ်ကြိုးက သံငုတ်ကလေးနဲ့ ချိတ်မိသွားတာ ဖြစ်မယ်"

နာရီကြိုးပင်ကလေး ပြုတ်ကျနေတာတွေပြီး ပြောလိုက်၏။ သူ့ကိုဘာမှ ပြန်မပြောဘဲ အကြည့်လွှဲသွားကာ ပြန်ပြီး ခပ်ကြောင်ကြောင် ဖြစ်သွားသည်။ ကျေးဇူးတင်စကားကို အလေးထားပုံ မရ။ သူ့ကို ကျေးဇူးတင်နေစရာလည်း မလိုဆိုသည့်သဘော မျိုးဖြင့် ကိုအောင်မြတ်ကျော်နှင့် စကားဆက်ပြောနေတာတွေ့၏။

"ဆရာတို့ ခဏလောက် . . . ဟိုရှေ့မှာများ ကားရောက်နေမလားလို့ လွဲနေမှာစိုးလို့ သွားကြည့်လိုက်ဦးမယ်"

ဘူတာရှေ့အရောက် ခဏရပ်နေခိုင်းပြီး ထွက်သွားသည်။ ပြည့်ဖြိုးသည့် ခန္ဓာကိုယ်နှင့် မလိုက်သလို လှုပ်ရှားမှုက သွက်လက်နေသည်ထင်၏။

"ဒီက ဘယ်သူမှ မလိုက်ဘူးလားအစ်ကို"

သူ ကိုအောင်မြတ်ကျော်ကို မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစကတော့ လိုက်ဖို့ငါပြောထားတာပဲကွ၊ သူတို့လဲ အလုပ်ရှုပ်နေတယ်ထင်တယ်"

"ဟာ . . . ဘယ်ဖြစ်မလဲ . . . တစ်ယောက်တော့ လိုက်ခဲ့ရမှာပေါ့ . . . ဒါမှ ကျွန်တော်တို့က သူတို့နဲ့ လွဲသွားခဲ့လို့ရမှာလေ . . . အစ်ကို အဲဒီဒေါ်ခင်မိုးခိုင်ကို မြန်မြန်ခေါ်ခဲ့ပေါ့"

"ဟော့ကောင် . . . မင်းအလုပ်သဘော ပြောတာပါနော်" ရယ်ရင်း သူ့ပခုံးကို လှမ်းဖက်ကာ ကိုအောင်မြတ်ကျော်က နောက်၏။

"အတည်ပြောတာပါ အစ်ကိုရ"

"သူ့ဒီပုံမျိုးမကြိုက်ဘူး . . . ကိုအောင်မြတ်ကျော်၊ သူက ပိန်ပိန်သွယ်သွယ် ပါးပါးလျလျမှ" မြင့်ထွန်းကဝင်ပြောလိုက်သည်။

"ကားတော့ မတွေ့ရသေးဘူး . . . ချိန်းထားတဲ့ ဆိုင်ပဲ သွားရအောင်"

သူတို့စကားအပြတ်မှာ ရောက်လာရင်း ပြောသည်။ ဘူတာရှေ့ဆီမှ ဆိုင်ကို ဦးတည်လိုက်ကြ၏။

× × ×





"ခင်မိုးခိုင် . . . ဘာသောက်မလဲ"

သူတို့အားလုံး မှာပြီးချိန်မှာ ဘာမှမမှာရသေးသော ခင်မိုးခိုင်ကိုကြည့်ရင်း ကိုအောင်မြတ်ကျော်က မေးလိုက်သည်။

"ကျွန်မဘာမှ မသောက်တော့ဘူး"

ခပ်ပြုံးပြုံးပြန်ဖြေလိုက်သည့် စကားက သူ့နားထဲမှာ ဆန်းနေသလို။ အမှန်ဆို သူက အိမ်ရှင်မပေပဲ။ သူကလာကြို သူပဲ။ သူကလည်း တစ်ခုခုသောက်သင့်တာပေါ့ဟု တွေးသည်။

"အပူမသောက်ချင် အအေးသောက်လေ . . . အအေးလဲ ရမှာပါ"

"ဘာမှမသောက်တော့ပါဘူး ဆရာ"

"ဘာဖြစ်လို့လဲဗျ"

သူ့နှုတ်မှ အလိုလိုထွက်သွားသည်။ သူ့အမေးကြောင့် သူ့မျက်နှာဆီ အကြည့်ရောက်လာသည်။ ခပ်ပြုံးပြုံး လှမ်းအကြည့်မှာ ပီရိသေသပ်သော နှုတ်ခမ်းပါးလေးတွေကို သတိထားမိ ဖြစ်၏။

"မကြိုက်လို့ပါ"

"ဒါဆိုလဲ တစ်ခုခုစားဗျာ"

ခပ်ပြုံးပြုံး ခေါင်းကို ယမ်းခါပြသည်။

"ဆာတဲ့အချိန်ကလွဲရင် ကျွန်မဘာမှ မစားတတ်ပါဘူး"

"ဝမှာစိုးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



သူမေးချင်သည့် မေးခွန်းကို မြင့်ထွန်းက ရင်းနှီးသည့် လေသံဖြင့် ဝင်မေးလိုက်သည်။

"မဝပါဘူးဟာ၊ ညည်းကကြည့်ကောင်းရုံပါပဲ၊ ဒီကောင်တွေကြိုက်တဲ့ မော်ဒယ်တွေ ပုံစံဖြစ်ချင်ရင်တော့ တစ်မျိုးပေါ့"

ကိုအောင်မြတ်ကျော်က ဝင်ပြောလိုက်သည်။

"ဝမှာစိုးတာလဲ မဟုတ်ပါဘူး၊ ကျွန်မက လက်ဖက်ရည်၊ ကော်ဖီ၊ ဘာဖြစ်ဖြစ်၊ တစ်ခုခုစွဲလမ်းသွားမှာ ကြောက်တာ၊ ဒါကြောင့် အကျင့်လုပ်ပြီး တမင်မသောက်တာပါ"

အင်္ကျီအိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ယူလိုက်သည်။ တစ်လိပ်ထုတ်ပြီး မီးညှိဖွာရှိုက်ရင်း မီးခိုးတွေကြားမှ မျက်နှာကို လှမ်းကြည့်ဖြစ်သေးသည်။ မီးခိုးငွေ့တို့ မျက်နှာချင်းဆိုင်မှ သူ့ဆီအရောက်မှာ လက်ဖြင့်ကာယမ်းလိုက်တာမြင်၏။

"ကဲ . . . ခင်မိုးခိုင် . . . ဟိုကို ဘယ်သူလိုက်ဖို့ စီစဉ်ထားသေးလဲ"

လာချပေးသည့် လက်ဖက်ရည်ပန်းကန်ကို ရွှေ့ဆွဲယူရင်း ကိုအောင်မြတ်ကျော်က မေးသည်။

"ဟုတ်တယ်ဆရာ . . . ကျွန်မလဲ ပြောမလို့ပါ . . . ကျွန်မတို့ ရုံးကလူတွေ အလုပ်ရှုပ်နေကြတယ်၊ ထည့်ပေး





ဖို့ ကြည့်မမြင်ဘူး . . . တကယ်လို့ လိုအပ်ရင်တော့ ကျွန်မနဲ့ ကျွန်မသူငယ်ချင်းပဲ လိုက်ခဲ့ရမှာ"

"လိုက်ခဲ့ရင်ကောင်းပါတယ် . . . ကျွန်တော်ကလဲ ဒီမလာခင်ညက ဖေဖေ့ကို မန္တလေးက လူခေါ်သွားမယ်လို့ ပြောထားခဲ့တယ်လေ"

"ဟုတ်ကဲ့ . . . ကျွန်မလိုက်ခဲ့ပါ့မယ် . . . ဒီလိုလုပ်ပါလေ . . . လာကြိုတဲ့ သူတွေလာရင် . . . ကျွန်မပြန်မယ်၊ ပြီးတော့ ကျွန်မရုံးကစောင့်နေမယ် . . . အချိန်ကျွန်မကို ပြောပေါ့"

ပြောရင်း လက်ကနာရီကိုကြည့်သည်။

"ခင်မိုးခိုင် သူငယ်ချင်းကို သွားပြောရဦးမှာလား"

"သူက ကျွန်မနဲ့ တစ်ဆောင်တည်းနေတာပါ"

ပြောနေစဉ်မှာ ဆိုင်ထဲသို့ဝင်လာသူတို့ဆီသို့ အကြည့်ရောက်သွားတာတွေ့၏။

"ဦးထွန်းဝင်းတို့ လာပြီ"

ဟု ခင်မိုးခိုင် နှုတ်မှထွက်သည်။

စားပွဲရောက်တော့ သူတို့ကို ဦးထွန်းဝင်းနှင့် မိတ်ဆက်ပေးသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

(၃)

အချိန်အတိအကျ ချိန်းဆိုအပြီးမှာ ခင်မိုးခိုင်က သူတို့ကို နှုတ်ဆက်ပြီး ဆိုင်ထဲမှ ထွက်သွားသည်။ နွဲ့လျသည်ထက် သွက်လက်ဖျတ်လတ်မှုဘက်ကိုကဲကာ ယောကျ်ားလေးတစ်ဦးနှယ် သွားလာလှုပ်ရှားမှုကို သူငေးကြည့်နေမိပြန်၏။

"ခင်မိုးခိုင်က အလုပ်လုပ်တာ တိကျပြတ်သားတယ်၊ သွက်လက်ချက်ချာတယ်၊ စကားပြောတာတော့ ဘုဆတ်ဆတ်နဲ့ သူနဲ့ကိုယ် အလုပ်အကြာကြီး တွဲလုပ်ခဲ့ဖူးတယ်"

ကိုအောင်မြတ်ကျော်စကားကြောင့် ကိုအောင်မြတ်ကျော်မျက်နှာဆီသို့ အကြည့်ကို ရွှေ့လိုက်သည်။ ကိုအောင်မြတ်ကျော်



www.burmeseclassic.com

www.burmeseclassic.com

# (၄)

ပြောထားခဲ့သည့် အဆောင်လိပ်စာအတိုင်း ဦးထွန်းဝင်း၏ ကားလေးထိုးရပ်လိုက်၏။ ရုံးကသွားစောင့်မည် ပြောသော်လည်း ရုံးကို တကူးတက ခင်မိုးခိုင်သွားနေရဦးမည် အတွေးဖြင့် အဆောင်ကပဲ စောင့်ပါဟု သူဝင်ပြောခဲ့သည်လေ။

ကားဟွန်းတီးလိုက်သည်နှင့် အဆောင်ခန်းထဲမှ ခင်မိုးခိုင်နှင့် အဖော်မိန်းကလေး တစ်ဦးထွက်လာတာ တွေ့သည်။ သူတို့အလာကို ကြိုတင်စောင့်ဆိုင်းနေပုံရ၏။ အချိန်ကို လေးစားစွာကြိုတင်စောင့်ဆိုင်းနေခြင်းအတွက် ခင်မိုးခိုင်ကို သူကျေနပ်သွားခဲ့ပြန်သည်။ မျက်နှာမှာ အခြယ်အသမရှိသော်ငြားလည်း နှုတ်ခမ်းသားကို နီရဲနေအောင်ဆိုးထားတာ သတိပြုဖြစ်၏။ ထဘီစကပ်ရွှေဝါဝန်တွေနှင့် အတွေများနေသည့် ခေတ်ထဲမှာ ရှိုးရှိုးလုံချည်ဝတ်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ထားသည့် မိန်းကလေးမှာ အမြင်ဆန်းနေသလိုပင်။ ခင်မိုးခိုင်နှင့် ပါလာသည့် အမျိုးသမီးကလည်း ခပ်အေးအေးရိုးရိုးပုံစံမျိုး။

ကားထိုးရပ်လိုက်စဉ် သူထိုင်နေသည်မှာ အဆောင်ဝင်းတံခါးဘက်မှာ ကျနေ၏။ သူ့ဘက်မှ ကားတံခါးကို ဖွင့်ပြီး ခင်မိုးခိုင်ဝင်ထိုင်တော့ သူက မြင့်ထွန်းဘက်သို့ ကပ်ပေးလိုက်သည်။ ခင်မိုးခိုင်နှင့် သူကကပ်လျက် အနေအထားဖြစ်သွားတော့၏။

"အိတ်တွေနောက်မှာ ထားလိုက်ပါလား"

"ရတယ် ဦးထွန်းဝင်း . . . လူပေါ်မှာပဲ တင်ထားလို့ရပါတယ် . . . "

ပါလာသည့်အိတ်က ခပ်သေးသေးမို့ သူတို့ပေါင်ပေါ်မှာပဲ တင်ထားလိုက်ကြသည်။

"ရလား . . . ကျွန်တော် ရှေ့နည်းနည်းတိုးပေးမယ်"

အသားချင်းထိကပ်နေသည့်ကို အားနာစိတ်ဖြင့် သူပြောလိုက်၏။

"ရပါတယ်"

ဟု သူ့ကို မကြည့်ဘဲ ခင်မိုးခိုင် ပြန်ပြောသည်။

သနပ်ခါးနံ့ သင်းသင်းကို သူရလိုက်ပြန်၏။

× × ×



(၅)

ခရီးသည် မနီးမဝေးနှင့် ကားမောင်းချိန် သုံးနာရီလောက်ကြာသည် ထင်ရ၏။ ဦးထွန်းဝင်းနှင့် ခင်မိုးခိုင်ကလုပ်ငန်းတိစ္စများကို တစ်လမ်းလုံးပြောလာကြသည်။ မြင့်ထွန်းနှင့် သူက တစ်ခါတစ်ခါမှ ဝင်ပြောမိသည်။ ခင်မိုးခိုင်၏ လေသံနှင့် စကားပြောဟန်သည် မာဆတ်၍ မနွဲ့မချို။ မိန်းကလေးအများစုက သူတို့ထက် သုံးလေးနှစ်လောက် ကြီးသူကိုပင် သမီးဟု နာမ်စားသုံးနေသည့်ကာလမှာ ခင်မိုးခိုင်၏ ကျွန်မဆိုသည့် အသုံးအနှုန်းကို သူသတိထားဖြစ်သည်။ မိမိကိုယ်ကို ယုံကြည်မှုရှိနေသည့် လေသံဟုလည်း နားလည်မိပြန်၏။

"ဘီယာနည်းနည်း သောက်ရအောင်ကွာ . . . ခရီးပန်း



www.burmeseclassic.com

www.burmeseclassic.com

(၆)

တည်းခိုခန်းတစ်ခုမှာ သူတို့တည်းဖို့ ဦးထွန်းဝင်းက စီစဉ်ထားသည်။ တည်းခိုခန်းရှေ့မှာ ကားထိုးရပ်ပြီး သူတို့ ကားပေါ်မှ ဆင်းလိုက်ကြ၏။

"ဦးထွန်းဝင်း ကျွန်တော်တစ်ခုပြောပါရစေဗျာ"

"ပြောပါ . . . ကိုတက်နေဝန်း"

"သူတို့ မိန်းကလေးနှစ်ယောက် ဒီမှာတည်းရင် မသင့်တော်ဘူးလားလို့ . . . သူတို့ကို အခြားတည်းဖို့ နေရာများ စီစဉ်ပေးရင် ရနိုင်မလားမလား"

သူ့စကားကြောင့် အားလုံးက အာရုံရှုးစိုက်ပြီး သူ့ဆီ



www.burmeseclassic.com

www.burmeseclassic.com



ခဲကြည့်ရောက်ကြသည်။

"တာ . . . ရပါတယ် . . . ကျွန်တော့်အိမ်မှာ လိုက် တည်းလဲ ဖြစ်ပါတယ်"

"တည်းခိုခန်းဆိုတာက ဘာပြောပြော . . . နည်းနည်း တော့ အဝင်အထွက်လဲ ရှုပ်တာပေါ့ဗျာ . . . ပြီးတော့ အထူးသဖြင့် ကျွန်တော်တို့ ခွဲပြီးတည်းကြတော့ သူတို့ အတွက် ကောင်းမှာပါ"

"နာမည်ပျက်စရာ ရှိရင်လဲ မင်းပါနေတော့ ပိုဆိုးတာ ပေါ့"

မြင့်ထွန်းကတော့ ရင်းနှီးသူမို့ သူကို ရယ်ပြောပြောရင်း နောက်လိုက်၏။

"အမှန်ပဲ . . . ကျွန်တော်ပါနေတော့ . . . ကျွန်တော့် ကို ခပ်ရှုပ်ရှုပ်လို့ လူတွေက သတ်မှတ်ထားကြတာ" ဟု ခပ်ပြုံးပြုံးပင် ပြောလိုက်သည်။

"ရပါတယ် . . . ကျွန်တော့် သမီးတွေလဲရှိတော့ ကျွန် တော့်အိမ်မှာပဲ သူတို့နှစ်ယောက်ကို ခေါ်သွားလိုက်မယ် လေ"

"အဲဒါ ကောင်းမယ်ထင်ပါတယ်"





ခင်မိုးခိုင်တို့ကတော့ ဘာမှဝင်မပြောဘဲ နားထောင်နေ တာတွေ့သည်။

"ကောင်းပါတယ် . . . တည်းခိုခန်းတွေကတော့ ဟိုတယ်ကြီးတွေလိုတော့ စည်းကမ်းသိပ်ကြီးမှာ မဟုတ် ဘူး . . . နည်းနည်းတော့ ရှုပ်တာပေါ့ကွာ"

"ဟိုတယ်ကြီးတွေလဲ တကယ်တည်းမယ့်သူ ရှားတော့ အရှင်လောက် စည်းကမ်းတွေ ဘာတွေ မတင်းကျပ် တော့ပါဘူး . . . အစ်ကိုရာ"

ကိုအောင်မြတ်ကျော်ကို သူလှမ်းကြည့်ရင်း ပြောလိုက်မိ သည်။

"ကျွန်မတို့အတွက် အခုလို စဉ်းစားပေးတာ ကိုတက်နေ ဝန်းကို ကျေးဇူးတင်ပါတယ် . . . ကျွန်မလဲ ဒီကစ္စကို လမ်းမှာ စဉ်းစားမိသေးတယ် . . . စပြောရမှာ အားနာ လို့"

ခင်မိုးခိုင်က သူ့မျက်နှာကိုကြည့်ရင်း ကျေးဇူးတင်စကား ကို ဆိုသည်။ ခင်မိုးခိုင်အတွက် သူဘာကြောင့် ပူပင်စဉ်းစားနေမိ တာလဲဟု ရင်ထဲမှာ ဘာသာမေးမိပြန်သေး၏။

"ကဲ . . . ဆရာတို့ အခန်းအတွက် ကျွန်တော်ပြောပြီး သားပဲ . . . ဆရာတို့ကျန်ခဲ့တော့ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



သွားမယ် . . . ညနေပိုင်းမှ ကျွန်တော်တို့ ပြန်လာခဲ့မယ်”

ဦးထွန်းဝင်းက နှုတ်ဆက်သည်။

ခင်မိုးခိုင်တို့ ကားပေါ်ပြန်တက်ကြ၏။

“မင်းက ခင်မိုးခိုင်သိက္ခာအတွက် ပူပင်တတ်နေပြီလား”

ကားထွက်အသွား တည်းခိုခန်းထဲ လှမ်းဝင်ရင်း မြင့်ထွန်းက ပြောလိုက်သည်။

“တစ်ခရီးတည်းသွားပြီး ခွဲတည်းရတာတော့ မကောင်းဘူးပေါ့ကွာ . . . ဒါပေမယ့် . . . ဒီတည်းခိုခန်းမှာ သူတို့ မတည်းသင့်ဘူး ငါထင်လို့”

“ဟုတ်တယ် . . . မိသားစုတည်းတာ နည်းလိမ့်မယ်”

ကိုအောင်မြတ်ကျော်ကလည်း မှတ်ချက်ပေးသည်။

သူတို့ရှေ့မှဖြတ်ပြီး တည်းခိုခန်းထဲမှ ထွက်သွားသည့် အတွဲ တစ်တွဲကို သူတို့ငဲ့ကြည့်မိကြသေးသည်ပဲ။

“ဆောရီးကွာ . . . ငါမင်းကို နောက်လိုက်တာ များသွားတယ်”

အခန်းသော့ယူပြီး အခန်းဆီ အလာမြင့်ထွန်းက တောင်းပန်စကားဆို၏။

“ဘာလဲ . . . မြင့်ထွန်း”





“မင်းပါတော့ ပိုနာမည်ပျက်နိုင်တယ် ပြောလိုက်တာ” သူပြုံးသည်။

“အမှန်လဲ ဒီအတိုင်းဖြစ်မှာပဲလေ . . . မင်းတို့နဲ့ဆို ဘယ်သူက ဘာမှ ပြောမှာမဟုတ်ဘူး . . . ငါက ကောင်မလေးတွေနဲ့ ခပ်ရှုပ်ရှုပ်နေခဲ့တဲ့ကောင်ဆိုတော့ ကောင်မလေးတစ်ယောက်နဲ့ ငါ့ကိုတွေ့သွားတဲ့ ငါ့အသိဆိုရင် ဒီကောင်လာရှုပ်နေပြန်ပြီ ထင်မှာပဲ”

“ဘာဖြစ်ဖြစ် ခင်မိုးခိုင် မင်းကို အထင်သေးသွားနိုင်တာပေါ့”

ရယ်ရင်းသူငဲ့ကြည့်သည်။

“ငါက အထင်ကြီးနေစေချင်တာမှ မဟုတ်တာကွာ၊ ငါ့အကြောင်း သူလဲနည်းနည်းရိပ်မိသွားတာပေါ့ ဟုတ်ဘူးလား”

အခန်းတံခါးကို သော့ဖွင့်ဝင်လိုက်ရင်း ပြောသည်။

နှစ်ယောက်ခန်းသည် ကျဉ်းလွန်းနေသလို ထင်ရပြီး၊ သန့်ရှင်းသပ်ရပ်မှုမရှိ။

ကိုအောင်မြတ်ကျော်ကို သူတို့နှင့် ကပ်လျက်မှာ တစ်ယောက်တည်း နေစေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျဦးလိုက်တာကွာ"

"နယ်ပဲကွာ . . . ဗိုလ်လောက်ပဲရှိမှာပေါ့"

ခုတင်ခြေရင်းမှာ အိတ်ကိုထားရင်း သူပြောလိုက်၏။

× × ×



(၃)

သည်ညနားပြီး မနက်ဖြန် မနက်မှာ သူတို့ အလုပ်စကြရမည်ဖြစ်သည်။ ရုံးချုပ်မှလာသော သူတို့နှင့်သည်နယ်မှ ရုံးတာဝန်ခံများ၊ နယ်ကိုယ်စားလှယ်များ၊ ကန်ထရိုက်များ တွေ့ဆုံဆွေးနွေးကြမည်။ ပြီးလျှင် သူတို့လုပ်ငန်းသစ်တိုးချဲ့ထားသော မြို့နယ်လေးများအထိ သွားသင့်လျှင် သွားကြရပေမည်။ ညနေမှာ သူတို့အဖွဲ့ခေါင်းဆောင်ဖြစ်မည့် ကိုအောင်မြတ်ကျော်က အခန်းထဲမှ လှမ်းခေါ်ပြီး သူတို့ကို အလုပ်ကိစ္စညှိနှိုင်းခဲ့သည်။

ညနေထမင်းစားချိန်မှာ ဦးထွန်းဝင်း ရောက်လာသည့်ကားပေါ်မှာ ခင်မိုးခိုင်တို့ နှစ်ဦးကို တွေ့လိုက်ရ၏။ မ[illegible]ရှေ့မှလိုအပ်သည့် အချက်အလက် ကိန်းဂဏန်းများ ရှာဖွေသိနိုင်ရန်



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မတက်မီ ကိုအောင်မြတ်ကျော်က ခင်မိုးခိုင်ကို လှမ်းပြော၏။

"ဒီည ဒီက ကန်ထရိုက်ဒေါ်မိမိကြီးက ထမင်းကျွေးဖို့ ဖိတ်ထားတယ်"

ကားစထွက်တော့ ဦးထွန်းဝင်းက ပြောသည်။ မြို့ပြင် ခပ်ကျကျနေရာမှာရှိသော စားသောက်ဆိုင်ကလေးကို သူတို့ရောက်၏။ မြို့နှင့်စာပါက သန့်ရှင်းသပ်ရပ်ပြီး အဆင့်မြင့်သည့် စားသောက်ဆိုင်ကလေးဟု သူထင်သည်။ ဆိုင်အဆောင်အအုံ၏ အပြင်ဘက်မှာရှိသော မြက်ခင်းပြင်ရှိ စားပွဲမှာ သူတို့ဝင်ထိုင်လိုက်ကြ၏။

"ဒေါ်မိမိကြီးက သူ့သမီးကိစ္စရှိလို့ စောင့်ရမှာမို့ နည်းနည်းနောက်ကျမယ်လို့ ကျွန်တော့်ကို မှာလိုက်တယ် ကျွန်တော်ကပဲ ဧည့်ခံပေးထားပါတဲ့၊ ဆရာ ဦးအောင်မြတ်ကျော်တို့ ကြိုက်တာမှာကြပါ"

ဦးထွန်းဝင်းက ကားသော့ကလေးကို လက်ဖြင့် ဝှေ့ယမ်းရင်း ပြောသည်။ စားပွဲမှာ နေရာယူတော့သူနှင့် ခင်မိုးခိုင်က မျက်နှာချင်းဆိုင်ဖြစ်ပြီး၊ ခင်မိုးခိုင်နှင့် ကိုအောင်မြတ်ကျော်က ကပ်လျက် အနေအထားဖြစ်နေသည်။

"ညီလေးတက်နေဝန်း ဘာသောက်မလဲ . . . မြင့်ထွန်း





ကြိုက်တာမှာလေ"

ကိုအောင်မြတ်ကျော်က သူတို့ကို လှမ်းပြောသည်။

"ခင်မိုးခိုင်တို့က ဘာစားကြမလဲမှာလေ"

"ရပါတယ် . . . ဦးထွန်းဝင်း . . . ဘာမှာမှာ ကျွန်မတို့စားပါတယ်"

ခင်မိုးခိုင်နှင့် အတူပါလာသော ထားထားအေးက ပြောသည်။

"အအေးသောက်ချင်လဲ သောက်လေ . . . ထမင်းဆာရင်လဲ ကြိုက်တာမှာစားနှင့်ပေါ့ ခင်မိုးခိုင်"

ကိုအောင်မြတ်ကျော်က ခင်မိုးခိုင်ကို လှည့်ပြောသည်။

"ဦးအောင်မြတ်ကျော် ဘာသောက်မလဲမှာပါ"

"ဦးထွန်းဝင်းရော ဘာသောက်မလဲ အတူတူပေါ့"

"ကျွန်တော်က အရက်မသောက်ပါဘူး . . . အချိုရည်ပဲသောက်မယ်"

"ဒါဆို မင်းတို့နှစ်ယောက် ဘာသောက်မလဲ . . . ငါတော့ ဝီစကီသုံးပက်လောက် သောက်မယ်"

ခင်မိုးခိုင်က ကိုအောင်မြတ်ကျော်မျက်နှာကို ဖျက်ခနဲ ဝေ့ကြည့်လိုက်တာတွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ မမျှော်လင့်ဘဲ ကိုအောင်မြတ်ကျော်က မသောက်ဘူး ပြောလိုက်တော့ ပထမမယုံချင်။ နောက် ကိုအောင်မြတ်ကျော်က ဘာလို့ ခင်မိုးခိုင်ပြောတာကို သည်လောက်နာခံရတာလဲဟု သိချင်စိတ် ဖြစ်လာတော့၏။ သူတို့အလျင်က ဘယ်လောက်အတိုင်းအတာအထိ ရင်းနှီးခဲ့ကြလို့လဲ။ ခင်မိုးခိုင်က ဘာလို့ သည်လောက် ဩဇာရှိနေရတာလဲ။

"ကျွန်တော်တို့ သောက်ရင်ကော"

မြင့်ထွန်းက ခပ်ပြုံးပြုံးလှမ်းမေးသည်။

"မင်းတို့သောက်တာမြင်ရင် ငါလဲ သောက်ချင်မှာပေါ့ကွာ"

"ဆရာကလဲ သူများသောက်တာနဲ့ ဘာဆိုင်လဲ"

ထားထားအေးက ဝင်ပြောသည်။

"ခင်မိုးခိုင် နင်သူတို့ကို မသောက်ဖို့ ပြောလေဟာ"

ကိုအောင်မြတ်ကျော်က သူ့ဆုံးစံအတိုင်း ရယ်ကျဲကျဲ ပြော သည်။

ထိုစဉ် အနားရောက်လာသော ဝိတ်တာလေးက သူ့အနားမှာ လာရပ်၏။

"ငါ့အတွက် ဝီစကီ နှစ်ပက်ပေးကွာ . . . ဘာလက်ခ်လေဘယ်ပေး၊ ဆိုဒါတစ်လုံး၊ ရေခဲတစ်ပွဲယူခဲ့"





သူက ဘာရယ်မဟုတ်၊ ကိုအောင်မြတ်ကျော်ကို စချင်စိတ်ဖြင့် မှာလိုက်၏။

"ကျွန်မသူတို့ကို မတားပါဘူး . . . ဒီခရီးမှာ ဆရာက အဖွဲ့ခေါင်းဆောင်ပဲ ဆရာတားရမှာပေါ့"

သူ့အရက်မှာလိုက်တာ ကြားတော့ ခင်မိုးခိုင်မျက်နှာက သိသိသာသာပျက်သွားတာ သတိထားလိုက်မိသည်။ မျက်နှာကို မြန်၍ ပြင်လိုက်ရင်း ကိုအောင်မြတ်ကျော်ကို ပြောတာ ကြားလိုက်၏။

"ကျွန်တော်က အစကတည်းက မသောက်ဘူးပြောထားတာ . . . ဇာက်နေဝန်းကို မေးကြည့်ပါလား၊ သောက်ချင်စိတ်မရှိလို့ အအေးပဲသောက်မယ် . . . ကိုကာကိုလာတစ်ဘူးပေး"

မြင့်ထွန်းက ဝင်ပြောလိုက်၏။

"ကိုကာကိုလာ နောက်ထပ်သုံးဘူးပေး"

ဟု ခင်မိုးခိုင်တို့အတွက်ပါ ဦးထွန်းဝင်းက မှာသည်။

"ကျွန်တော်ကတော့ သောက်မယ်ဆုံးဖြတ်ပြီးသား . . . ဘယ်သူတားတား ရမှမဟုတ်ဘူး"

"ကျွန်မ ကိုဇာက်နေဝန်းကို မတားဘူးနော်၊ တားမယ်လို့ထင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်ကာ စူးစိုက်ကြည့်ရင်း သူ့ကိုမေးသည်။

"တားရင်လဲ ကျွန်တော်က ရမယ့်သူမှ မဟုတ်တာပဲ"

"အေးပါကွာ ... သောက်ပါ။ ငါလဲ မင်းကို မတားပါဘူး၊ မင်းအကြောင်း ငါအသိဆုံးပါ မင်းအဖေအမိဒီကြီးတားလဲ မင်းကနေမယ့်ကောင် မဟုတ်ဘူး၊ ခေါင်းဘော တင်းတဲ့ကောင်ပဲ "

ကိုအောင်မြတ်ကျော်က သူနှင့်ခင်မိုးခိုင်၏ တင်းမာမှုကြားမှာ ဝင်ပြောလိုက်သည်။

စားပွဲထိုးကလေးက သူမှာသည့် ဝီစကီနှစ်ပက်နှင့် ဆော်ဒါ ရေခဲလာချပေး၏။ ဆော်ဒါကို ဖောက်လိုက်ရမလားဆိုတော့ သူခေါင်းညိတ်ပြသည်။

ဖောက်လိုက်သည့် ဆော်ဒါပုလင်းထဲမှ အမြှုပ်များ ဝေကျလာသဖြင့် ပုလင်းကို စောင်းထားရသည်။

ခင်မိုးခိုင်က ကိုအောင်မြတ်ကျော်ကို အရက်မသောက်ဖို့တားတာ ဆူကာဘဲဖြစ်လို့ ရင်ထဲမှာ သည်လောက်ဖြစ်နေရတာလဲ။ သူ့အကြောင်းပြချက်နဲ့သူ ဆိုလျှော်နေသားပဲဟု တွေးသော်ငြား စိတ်ကမငြိမ်ချင်။

ခင်မိုးခိုင်ကို ရှဲ့ပြီး အရက်မှာသောက်လိုက်မိပြီသိတော့ သူတုန်တုန်လှုပ်လှုပ် ဖြစ်သွားမိပြန်သည်။





ဖန်ခွက်နံ့ရဲကို ရေခဲလာထိသံက နားထဲမှာ ဆူညံသွား သလို။

ဆိုဒါရေခဲရောထားသော်လည်း ဝီစကီတစ်ကျိုက်သည် လည်ချောင်းကို ခပ်ပြင်းပြင်းရှရှလေး မွှတ်တိုက်သွားပြန်သည် င်၏။

ခင်မိုးခိုင့်ကို ကြည့်လိုက်တော့ ဦးထွန်းဝင်းနှင့် စကား တ်ဆုံကျနေသည်။ ခဏအကြာမှာ ဒေါ်မိမိကြီးသားအမိ င်လာ၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## (၈)

"မင်း ဒီညအရက်သောက်တာ များတယ်"

ကိုအောင်မြတ်ကျော် ဝင်အိပ်သွားပြီးနောက် မြင့်ထွန်းနှင့် သူက အိပ်မပျော်သဖြင့် တည်းခိုခန်း၏ အပြင်ဘက်သို့ ထွက်လာခဲ့သည်။

ပြည့်လုနီးလရောင်သည် ခြံဝန်းတွင်းမှာ ဖြာကျ၏။ သနောင်းရိပ်ကြားမှ ဖြာကျနေသည့် လရောင်ကို ငေးရင်း သနောင်းပင်ရင်းမှ ထိုင်ခုံမှာ သူတို့ထိုင်ဖြစ်သည်။

မြင့်ထွန်းစကားကြောင့် မြင့်ထွန်းမျက်နှာဆီ အကြည့်ရောက်၏။ သူ့ကိုမကြည့်ဘဲ မြင့်ထွန်းက ခပ်ဝေးဝေးမှ ပန်းခိုင်လေးတွေဆီ ငေးနေတာမြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ခါတိုင်းထက် များသွားတယ်"

"မင်း ခင်မိုးခိုင်ကို အရွဲ့တိုက် သောက်နေတာ မဟု
လား"

မြင့်ထွန်းစကားကြောင့် ရင်ထဲမှာ တုန်တုန်လှုပ်
ဖြစ်သွားမိသည်မှာ အမှန်ပင်။ သည်လိုမဖြစ်နိုင်ပါဘူးဟု သ
ဘာသာကာကွယ်တွေးဖြင့် ဖြေဖျောက်ခဲ့သည်ပဲ။ အခုတော့ မေ
လှုပ်ရှားပါရိပ်မိနေတဲ့ အဖြစ်ပါလား စဉ်းစားဖြစ်ပြန်၏။

"ငါ့ဘာသာသောက်ချင်လို့ပါ"

ယုံကြည်မှုနည်းသလို လေသံက ပျော့လွန်းနေပြီထင်

"ငါသိပါတယ် . . . မင်းခါတိုင်း ဒီလောက်မှ မသော
တာ"

"သူ့ကို ငါက ဘာလို့ရွဲ့ရမှာလဲ"

"မသောက်နဲ့တားတာ ခံချင်လို့"

"ငါ့ကို တားတာမှ မဟုတ်ဘဲ"

"မင်းကို မတားတာကိုလဲ မင်းမကျေနပ်ဘူး"

သစ်ရွက်ကြွေကို လေအဝေ့မှာ မြက်ခင်းနှင့် ရှပ်တိုက်
ကိုပင် နားမှာ ကျယ်လောင်စွာ ကြားလိုက်ရသလို။ တကယ်
ထိတ်လန့်တကြား ဖြစ်သွားရပြန်၏။





"မဖြစ်နိုင်တာကွာ"

"ကိုအောင်မြတ်ကျော်ကို အရေးထားယူတားတာကိုလဲ မင်း မကြည်လင်ဘူး"

"ဘာဆိုင်လို့လဲ"

"ပထမတော့ ကိုအောင်မြတ်ကျော်က ခင်မိုးခိုင်တားတာကို လက်ခံလိုက်တဲ့ အပေါ်မှာ မင်းကျေနပ်ချင်မှ ကျေနပ်မယ် . . . မိန်းကလေးတစ်ယောက်တားလို့ မသောက်ဘူးဆိုတာ ရှက်စရာလို့ မင်းထင်ချင်ထင်မယ် . . . ဒါကြောင့် မင်းရွဲ့ပြီး အရက်မှာတာ၊ နောက်တော့ မင်းကိုလဲ ဂရုစိုက်တာ ခံချင်စိတ်ကြောင့် မင်းပေါက်ကွဲသွားတာ"

မြင့်ထွန်း ပြောသလို ဟုတ်နေသတဲ့လား။ မိန်းကလေးတစ်ယောက်က အရက်မသောက်ဖို့ တားတာကိုတော့ သူမလိုက်နာချင်သည်မှာ အမှန်။ သူ့ကို ဆရာလုပ်သည်ဟု သူက တွေးဖူးသည်။ အခုသူ့ကို ခင်မိုးခိုင် ဂရုတစိုက် မရှိခြင်းအပေါ်မှာ မကျေနပ်တာ တကယ်ဖြစ်မည်ဆိုပါက ခင်မိုးခိုင်၏ ဂရုပြုခြင်းကို သူ ဘာကြောင့် လိုလားရပါသတဲ့လဲ။

"သောက်ရင်းနဲ့ သောက်ကောင်းသွားတာပါ"

မရေမရာ အဖြေတစ်ခုကို မလုံမလဲ ပြောကြည့်မိတော့



www.burmeseclassic.com

www.burmeseclassic.com



မြင့်ထွန်းကရယ်သည်။

"မင်းမှ အရက်မကြိုက်တာဘဲ တက်နေဝန်း"

သက်ပြင်းချရင်း သူဘာမှ ပြန်မဖြေမိ။

"သူမကြိုက်တာတွေ လိုက်လုပ်လို့ ငါက ဘာအတ ကျေးဇူးရမှာလဲ . . . ငါသူ့ကို စိတ်ဝင်စားရင် သူကြို အောင်ဟန်ဆောင် ပြမှာပေါ့ကွာ . . . ဟုတ်ဘူးလား

သည်အဖြေကို သူ့ဘာသာ အတော်လေး သဘော သွားသည်။ အတော်လေး ခိုင်ခိုင်လုံလုံ ရှိသည်ပဲဟု ရင်ထဲ ကျေနပ်သည်။

"မင့်ကို စိတ်မဝင်စားစေချင်တဲ့ စေတနာတွေ မင့်အ စိတ်မှာ ပေါ်လာပြီး . . . သူမကြိုက်တာ လုပ်ပြတာ မဖြစ်နိုင်ဘူးလား၊ သူ့ဆီက ယူချင်ရချင်တာထက် သ နစ်နာမှာတွေးပြီး ကိုယ်က ဖြည့်ဆည်းပေးချင်တာ ပိုပြီးရောဂါရင့်တဲ့ သဘောမဲ"

"မဖြစ်နိုင်တာကွာ"

ပြောလိုက်ရသော်လည်း ခင်မိုးခိုင် နာမည်ပျက် သိက္ခာကျမှာ အစစအရာရာ သူတွေးဖြစ်သည်ကတော့ အမှန် သူနှင့် တွဲဖူးသော မိန်းကလေးတွေထဲက တစ်ဦးတစ်ယောက် ဘယ်သူကမှ မထင်စေချင်။





"လူတွေက ကိုယ်အချစ်ခံရဖို့လောက်ပဲ . . . ဦးစားပေး စဉ်းစားတတ်ကြတာ . . . အဲဒီလို အချစ်ခံရဖို့ အချစ်ကို ရဖို့ ဘယ်လိုလုပ်မလဲပဲ တွေးနေတတ်ကြတာ၊ တကယ် ရင်ထဲမှာဖြစ်လာတဲ့ မေတ္တာတရားကတော့ ကိုယ်ကသာ သူ့ကိုချစ်စိတ်နဲ့ ကာကွယ်စောင့်ရှောက်ဖို့ ကိုယ်ကသာ သူ့အတွက်ပေးဖို့ အလိုလို စဉ်းစားပြီးသား ဖြစ်နေတတ် တယ်တဲ့"

"အင်း . . . ပြောပါဦး"

"မင်းကြည့်ရတာ ခင်မိုးခိုင်အတွက် တော်တော် စဉ်းစား နေပုံပဲ၊ မင်းမသိရင်လဲ . . . မသိစိတ်ကဖြစ်တာနေမှာ၊ ငါပြောမယ် . . . ကားပေါ်မှာထိုင်တာတောင် ခင်မိုးခိုင် ဘက်ကို ကိုယ်ယိမ်းမှာ၊ လက်ချင်းထိမှာစိုးပြီး မင်းသတိ ထားနေတာ ငါရိပ်မိတယ်၊ ငါ့ဘက်ကိုချည်း အတင်း တိုးပြီး ကိုယ်ကိုကျုံ့ထိုင်နေတာ"

"ငါ အခွင့်အရေးယူတယ်ထင်မှာ စိုးလို့ပါကွာ"

"အဲဒါထက် သူ့သိက္ခာကို ထိပါးမှာ မင်းငဲ့လို့"

"မြင့်ထွန်း မင်းကစကားတတ်တိုင်း"

"တည်းခိုခန်းရောက်တော့လဲ ဘယ်သူမှ မစဉ်းစားမိခင်



www.burmeseclassic.com

www.burmeseclassic.com



ခင်မိုးခိုင်အတွက် မင်းစဉ်းစားမိတယ်"

"မကောင်းတဲ့ မိန်းတလေးတွေ ရှိတဲ့ နေရာဖြစ်မှာ စိုးလို့"

"မင်းပူစရာလား၊ ကောင်းတဲ့ မိန်းကလေးတွေလဲ အများကြီးရှိနိုင်တာပဲ"

"ဒါက မဓရရာဘူးလေ. . . ပြီးတော့ ငါတို့နဲ့ တည်းခိုခန်းမှာ အတူတူဆိုတော့ မဖြစ်စေချင်တာပါပဲ"

"အဲဒါကိုက မင့်စေတနာလေ"

"တော်တော့ကွာ. . . မြင့်ထွန်း"

"မင်း ငါ့အောက်ပြတာတွေ လက်ခံရဲ့လား"

ညှင့်ကော်တစ်ကောင်၏ အော်သံကို ခပ်လှမ်းလှမ်းမှ ကြားနေရပြန်၏။

"ငါမိန်းတလေးတွေ အများကြီး တွဲခဲ့ဖူးတာပဲ"

"မင်းက စိတ်မလှုပ်ရှားပါဘူး . . . ငြင်းမလို့လား"

"ငါကြိုက်တဲ့ ပုံစံမျိုးနဲ့လဲ တခြားစီ"

"ဟကောင်ရ၊ ကြိုက်တာမဟုတ်ဘူး . . . အခုဟာက ချစ်တာ"

ရင်ထဲမှာ ဒိတ်ခနဲဖြစ်သွားရသည်။

"မဖြစ်နိုင်တာကွာ . . . အချစ်ဆိုတာ ဒီလောက်မြန်





သတဲ့လား"

"မျက်စိချင်း အဆုံမှာတောင် လျှပ်တစ်ပြက် အချစ်စိတ်ဖြစ်နိုင်တယ်ဆိုထားတာပဲ . . . မင်းအပျော်တွေပဲ တွဲဖူးတာ၊ ကြိုက်တာတွေပဲ မင်းရခဲ့ယူခဲ့ဘူးတာ . . . ချစ်တာကို မင်း နားမလည်သေးပါဘူးကွာ"

မြင့်ထွန်းကို ဘာမှပြန်မပြောနိုင်ဘဲ ခပ်ဝေးဝေးကိုးရင်းသက်ပြင်းကို သူချမိသည်။

မြင့်ထွန်းစကားကို သူဘယ်လိုမှ လက်မခံချင်။

အမြင်အာရုံမှာ ခင်မိုးခိုင်၏ သဏ္ဍာန်ရစ်ဝဲ လာပြီဆိုတော့ ဘာသာတုန်လှုပ် ချောက်ချားစွာ ခံစားလိုက်ရပြန်၏။

ဝေ့ဖြတ်သွားသည့် လေဖြင့် သစ်ရွက်ခြောက်တို့ လျှောတိုက်နေကြပြန်ပြီပဲ။

× × ×



www.burmeseclassic.com

www.burmeseclassic.com

(၉)

ကိုယ်တိုင်သီချင်း မဆိုတတ်သော်ငြား သီချင်းတွေကို ခံစားနှစ်မြိုက်စွဲလမ်းမိသည်ပဲ။ ကဗျာတွေကို ကိုယ်တိုင်မစပ်တတ်သော်ငြား စွဲလမ်းကြီးစွာ ကဗျာများကို ဖတ်ခဲ့ ခံစားခဲ့ဖူးသည်ပဲ။

ညမှာ မျက်လုံးများစွာရှိ၏။
နေ့မှာတော့ မျက်ဝန်းတစ်ခုတည်းသာ . . .
အဲဒီ မျက်ဝန်းတစ်ခုတည်းဖြင့် ကမ္ဘာမြေပြင်ကို
မြင်ခွင့် ရနိုင်သည်ပဲ။
စိတ်မှာ မျက်လုံးများစွာရှိ၏။
နှလုံးသားမှာတော့ မျက်ဝန်းတစ်ခုတည်းသာ . . .
အဲဒီမျက်ဝန်းတစ်ခုတည်းဖြင့် ဘဝကို နားလည်ခွင့်
ရနိုင်သည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ခဲ့ဖူးသည့် နိုင်ငံခြားကဗျာတစ်ပုဒ်ကို အတွေ
ရောက်သည်။ သည်အတိုင်းဟုတ်ချင်မှလည်း ဟုတ်မည်။ သူအ
မှာ ရောနေတော့၏။ ဘာပဲဖြစ်ဖြစ်၊ နှလုံးသားမှာရှိသည့် မျက်
တစ်ခုတည်းကတော့ "အချစ်"ဆိုတာ သူခံစားသိနေပြန်သည်။

လေးနက်စွာ တစ်ခါဖူးမျှ မစဉ်းစားခဲ့မိသော အချစ်
သူစဉ်းစားနေမိသည်ကိုက အဆန်းပင်။

သူကအာရုံ အသစ်အဆန်းတွေဆီမှာ မွေ့လျော်လွ
သော စိတ်ရှိသည်။ မီးခြစ်ကလေးတွေ၊ ခါးပတ်ကလေးတွေ၊ န
လေးတွေက အစ၊ အသစ်အသစ်တွေကို သူဝယ်ယူစုဆောင်းေ
ရှိသည်။ နှစ်သက်စွဲလမ်းခြင်းသည် နောက်အသစ်တစ်ခုကို ေ
သည်အခါ၌ ချုပ်ငြိမ်းသွားရစမြဲ။ ကောင်မလေးတွေကိုလည်
သူက အဖော်အဖြစ် ထည်လဲတွဲခဲ့သည်။ ကြိုက်နှစ်သက်သည်
ရယူနိုင် ခြင်းဖြင့် စိတ်တွင်းက ကျေနပ်သာယာမှုကို သူဖန်တီးယ
သည်လေ။

မြင့်ထွန်းပြောသည့် အချစ်သည် ကြိုက်နှစ်သက်ခြ
ကင်းစွာ 'ရင်မှာဖြစ်တည်လာတတ်ပါသလား။ မကြိုက်သည့်အ
သည် ချစ်ခြင်းမေတ္တာကြောင့် လှပစွဲလမ်းစရာ ဖြစ်လာနိုင်ပါသ
လား။

ခင်မိုးနိုင်မှာ သူ့အလှနှင့် သူရှိပေမည်။ ပြည့်ပြည့်ဖြိ





စွဲလမ်းနှစ်သက်စရာ ကောင်းချင်ကောင်းပေမည်။ သူက ပြည့်ဖြိုး
မှုကို မနှစ်သက်။ ခန္ဓာကိုယ်၏ လှပဖွံ့ဖြိုးမှုက ယောက်ျား အများ
စုကို ဆွဲဆောင်နိုင်သည်ဟု သူလက်ခံသော်ငြား၊ သူကား သွယ်လျ
လွန်းသည်ကိုသာ မက်မောခဲ့သူလေ။ ခင်မိုးခိုင်၏ နုမျစ်လတ်
ဆတ်သော အချိုးအဆစ် ဖွံ့စည်းမှုသည် သူ့ကို ရင်မခုန်စေခဲ့
သည်ကို ဘာသာအသိဆုံး။

ဒါဆို ခင်မိုးခိုင်နှင့်ပတ်သက်၍ သူဘာကြောင့် လှုပ်ရှား
စိတ်ဖြစ်ခဲ့ရပါသတဲ့လဲ။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

နောက်တစ်ရက်မှာ တွေ့ဆုံဆွေးနွေးခြင်း၊ လုပ်ငန်းများ
လှည့်လည်ကြည့်ရှုခြင်းဖြင့် အလုပ်အားလုံး ပြီးသလောက်
သွားသည်။ ခင်မိုးခိုင်၏ အထောက်အကူများစွာ ရယူနိုင်ခြင်း
လုပ်ငန်းအမြန်ပြီးမြောက်ခဲ့ရသည်ကိုလည်း အားလုံးက
ကျော်ခံခဲ့ရသည်။ မန္တလေးရုံးခွဲမှာ နေသော်လည်း အထက်မြန်မာ
ည်နှင့် ဆိုင်ရာလုပ်ငန်းအားလုံးကို ခင်မိုးခိုင်က ကျွမ်းကျွမ်း
ဝင် နက်နက်ရှိုင်းရှိုင်းသိနေသည်။

"ခင်မိုးခိုင်တို့ မနက်ဖြန် ပြန်လို့ရပြီ . . . ကိုယ်တို့ကတော့ ဦးထွန်းဝင်းနဲ့ နယ်မြို့လေးတွေ ရောက်တုန်းဆင်းဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



တားမြစ်လိုက်တာ ကျွန်မဘက်က လွန်သွားသလို ... အဲဒါ နားလည်အောင် ကျွန်မနည်းနည်းပြော ချင်လို့"

"ပြောပါ မခင်မိုးခိုင်"

"အရက်နဲ့ ပတ်သက်ရင် ကျွန်မက အစွန်းရောက် ခံစားမှုရှိတာ အမှန်ပဲ... ကျွန်မဘဝမှာ ဒီခရီးမှာ အရက်သောက်တဲ့ဝိုင်းမှာ တစ်ဝိုင်းတည်းထိုင်ခဲ့ဖူးသေး တာ"

"ခြော်"

"ကျွန်မ အရက်ကို အရမ်းမုန်းတယ်"

"ဗျာ"

"ကျွန်မတိုတိုပဲ ပြောပါ့မယ်၊ အရက်က ကျွန်မဘဝနဲ့ ဆက်သွယ်နေခဲ့လို့ပါ၊ ကျွန်မအဖေက အရက်အလွန် အကျွံသောက်တယ်၊ နောက်ဆုံးမေမေနဲ့ အရက်ကြောင့် ပဲ ကွဲခဲ့ရ တယ်၊ အရက်ကျွန်ဖြစ်ပြီး လမ်းဘေးမှာ သေ ခဲ့ရတယ်၊ ကျွန်မနဲ့ အစ်ကိုက မေမေနဲ့ ရုန်းကန်ခဲ့ရတာ ကိုကိုကြီးလာတော့လဲ အရက်သမား ဖြစ်လာတယ် မေမေ့ကို နှိပ်စက်တယ် .. နောက်ဆုံး အရက်ကြောင့် ... ဘူး။





အသေဆိုးနဲ့ သေခဲ့ရပြန်တယ် ... အဲဒီလောက်ဆို ကျွန်မအရက်ကို အစွန်းရောက်အောင်မုန်းတာ ကိုတက် နေဝန်း နားလည်နိုင်မယ် ထင်ပါတယ်"

"ဟုတ်ကဲ့ ... စိတ်မကောင်းပါဘူး"

"အဲဒီ အရက်ကို မုန်းတဲ့စိတ်ကြောင့် မလိုအပ်ဘဲ စွဲလမ်း နိုင်တဲ့ အရာမှန်သမျှ ကျွန်မမုန်းတယ် ... ဥပမာ - ဆေးလိပ်၊ လက်ဖက်ရည်၊ ကော်ဖီ စသဖြင့်ပေါ့၊ ကျွန်မ စိတ္တဇ ဖြစ်ချင်ဖြစ်နေ မလားမသိဘူး"

"ကျွန်တော် ဆေးလိပ်ကိုတော့ အရမ်းစွဲလမ်းတယ်၊ အရက်ကတော့မသောက်လဲဖြစ်တယ်၊ မကြိုက်သေးဘူး ပေါ့"

"အဲဒါပါပဲ ... ကျွန်မက ကျွန်မခံစားမှုနဲ့ ရှုတ်တရက် ကြီး ဆရာဦးအောင်မြတ်ကျော်ကို ဟိုညကတားလိုက်မိ လို့ စိတ်မကောင်း ဖြစ်ရတယ် ... ကိုတက်နေဝန်းက မှာသောက်လိုက် တော့ ကျွန်မကို သတိပေးလိုက်သလို ဖြစ်သွားတယ်၊ ကျွန်မက တားရအောင် ကျွန်မနဲ့ဘာ ဆိုင်လို့လဲဆိုတဲ့ အသိရောက်လာခဲ့တယ်လေ"

ခင်မိုးခိုင်ကို ငေးစိုက်ကြည့်မိရင်း ဘာမှ ပြန်မပြောမိ

× × ×



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

ခင်မိုးခိုင်တို့ ပြန်သွားပြီး နောက်ရက်များသည် သိသိသာသာကြီး လစ်ဟာခြောက်သွေ့သွားသလို ထင်ခဲ့ရခြင်းကို ဘာဘာမကျေနပ်ချင်။ ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်လာတတ်သည့် ခင်မိုးခိုင်နှင့် ပတ်သက်နေသော အာရုံများကို ကြိုးစားဖယ်ထုတ်သော်လည်း မရ။ တဒင်္ဂဆုံခဲ့၊ ပြောခဲ့သည်များက အဖန်ဖန်၊ အထပ်ထပ်၊ မြင်တတ်ကြားတတ်နိုင်စွမ်း ရှိနေပြီတဲ့လား။

တောတောင်ရေမြေ သဘာဝကလည်း သတိရချင်စိတ်ကို တမင်နှိုးဆွနေပြန်သလို။ မူးမြစ်ကို အဖြတ်မှာ ဘာကြောင့်မှတ်မှတ်ရရ ဖြစ်ရပြန်ပြီလဲ။ မူးမြစ်ရေ နောက်နောက်ထဲမှာပင်



www.burmeseclassic.com

www.burmeseclassic.com



ခင်မိုးခိုင်၏ အရိပ်ကိုမြင်နေနိုင်ပြီတဲ့လား။

"ဘာလဲ လွမ်းနေပြီလား"

"ခဏလေးဆုံတဲ့ သူတစ်ယောက်ကို ငါကဘာလို့ လွမ်း
မှာလဲ"

"ဟာ . . . ဟော့ကောင် . . . ငါက ဘယ်သူ့ကို ပြောတာ
ထင်လို့လဲ"

ရယ်ကျဲကျဲ စူးစိုက်ကြည့်နေသည့် မြင့်ထွန်းကို သူမော
ကြည့်သည်။

"ခင်မိုးခိုင်ကို ပြောတာ မဟုတ်လား . . . မင်းဘာတွေ
ချဦးမလို့လဲ"

သူ့စကားကြောင့် မြင့်ထွန်းရယ်သည်။

"မင့်ဘာသာ မလုံမလဲ ဖြစ်တာပဲ သူငယ်ချင်း . . . ငါက
ရန်ကုန်ကိုလွမ်းနေပြီလား မေးတာ . . . မင်းအတွေး
မှာ ခင်မိုးခိုင်ရှိနေတာ အခုမှပေါ်တော့တယ်"

မြင့်ထွန်း၏ ရယ်ပြောပြောလိုက်သည့် စကားမှာ သူရှ
စိတ်ဝင်သည်။ သူ့ဘာသာမလုံမလဲ ဖြစ်ရတာ သတိပြန်ရသည်။

"ဘယ်သိမလဲကွ . . . မင်းဟာက"

"ငါနားလည်ပါပြီ . . . တာက်နေဝန်းရာ . . ."





"ငါခ ရီးပန်းလို့ပါ"

အကြည့်ကိုလွဲတာ မှုးမြစ်ထဲမှာ ပေါ်နေသည့် သောင်ပြင်
အကြည့်ပို့လိုက်ရင်း ခင်မိုးခိုင်ကို သတိတရရှိနေမိတာ ဘာသာ
းမလည်ချင်။

ညနေ ထမင်းစားချိန်မှာ အရက်သောက်ကြတော့
အရက်ခွက်ကိုကိုင်ရင်း ခင်မိုးခိုင်ပြောခဲ့သည့်များက အကြားအာ
မှာ ရောက်လာခဲ့ပြန်ပြီပဲ။

အရက်ကို မသောက်လဲရတယ်၊ မကြိုက်သေးပါဘူးဟု
သူပြောခဲ့စဉ်က မကြိုက်ရင်လဲ မသောက်ဘဲ နေပါလားဆိုသည့်
တားမျိုး သူကိုဘာကြောင့် ခင်မိုးခိုင်မပြောခဲ့တာတဲ့လဲ။

ပတ်သတ်စရာ မလိုတော့သည့် လူ၊ သူစိမ်းတစ်ရုံဆံသည်
ူ ခင်မိုးခိုင် သတ်မှတ်ခဲ့လေပြီလား။

အတွေးများက ခင်မိုးခိုင်နှင့်သာ ပတ်သက်ရစ်ဝဲ နေပြန်
တော့သည်လေ . . . . . ။

× × ×



www.burmeseclassic.com

www.burmeseclassic.com

(၁၂)

မိမိစိတ်ကိုပင် မိမိမယုံနိုင်၊

မန္တလေးကပြန်ရောက်ပြီး ခင်မိုးခိုင်ကို တွေ့ချင်နေပြန်တော့ ဘာသာအံ့သြတုန်လှုပ်ရပြန်သည်။ ကိုအောင်မြတ်ကျော်က ပြန်ရက်သတ်မှတ်ပြီး ခင်မိုးခိုင်ကို ရထားလက်မှတ်လုပ်ခိုင်းထားသည်ပြောတော့ ခင်မိုးခိုင်နှင့် တွေ့စရာရှိသေးလား အတွေးက ကြည်နူးကျေနပ်ရပြန်သည်။ သူတို့ ပြန်ရောက်မည့် ရက်ကတနင်္ဂနွေမို့ ရုံးပိတ်ပြီး ရုံးကိုရမယ်ရှာသွားလို့လည်း မဖြစ်။ ခင်မိုးခိုင်ကို တွေ့ဖို့ခက်ပြီပဲဟု ပူပင်ဆဲမှာ ကိုအောင်မြတ်ကျော်က ရထားလက်မှတ်ကိစ္စကို ပြောတော့ သူဝမ်းသာသွားခဲ့သည်။ ညနေပိုင်းလောက်မှ မန္တလေးပြန်ရောက်ပြီး ညနေငါးနာရီရထား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တန်းတက်ဖို့ ကိုအောင်မြတ်ကျော် စီစဉ်ထားခဲ့သည်။

"နေ့လယ်လောက် မန္တလေး မရောက်နိုင်ဘူးလား"

"ဘာလဲ၊ မင်း ခင်မိုးခိုင်ကို တွေ့ဖို့အချိန်ရချင်လို့လား"

မြင့်ထွန်းစကားက သူ့အတွေးကို သိနေသလိုမို့ ဘာမှ ပြန်မပြောနိုင်။

"နားချင်လို့ပါကွာ"

ဟု စကားကို လျှောချလိုက်သော်ငြား၊ စိတ်ထဲမှာကား မလုံချင်။

"မရောက်နိုင်ဘူး . . . သုံးနာရီလောက်မှ ရောက်မယ် ထင်တယ်"

"ရထားလက်မှတ်က"

"ခင်မိုးခိုင် ဘူတာကို လေးနာရီခွဲလောက်လာလိမ့်မယ်"

"သူမလာရင်တော့ အခက်ပဲ"

ကိုအောင်မြတ်ကျော်ရော မြင့်ထွန်းပါ ပြုံးသည်။

"ဘာလဲ . . . မတွေ့လိုက်ရမှာ သိပ်စိုးရိမ်နေလား"

"မဟုတ်ပါဘူး . . . မြင့်ထွန်းရာ၊ လက်မှတ်က သူ လာမှ ငါတို့ရမှာမို့ပါ"

"သူမလာလဲ၊ သူ့သူငယ်ချင်း ထားထားအေးကို လာပို့





ဖို့ ငါမှာထားတယ်"

ကိုအောင်မြတ်ကျော်၏ အနောက်အပြောင်စကားက အရှင်မှ စိုးရိမ်မှုကို နှိုးဆွပေးလိုက်သလိုပါလား။ ခင်မိုးခိုင် မလာဘဲ ထားထားအေးသာ ရောက်လာပါက ခင်မိုးခိုင်ကို တွေ့ရတော့ မည်မဟုတ်ဆိုသည့် အတွေးက ပူပန်မှုကို မွေးဖွားစေပြန်သည်။

စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး ဖွာရှိုက်ရင်း သင်္ကြန်မြင်းတို မီးခိုးငွေ့နှင့်အတူ မှုတ်ထုတ်လိုက်မိပြန်၏။

အလွတ်ရနေခဲ့သည့် ကဗျာတစ်ပုဒ်က အတွေးမှာ ဝင်လာပြန်သည်။ ဘာကြောင့်သည်ခရီးမှာ ကဗျာတွေကို အတွေး မြင့် ရွတ်ဆိုကြည့်နေမိပြန်ပါသတဲ့လဲ။

နှလုံးသားမှာ ကဗျာနှယ်တွယ်ငြိစရာ၊ ခံစားစရာတွေ ရှိလို့နေပါသတဲ့လား . . . ။

ချစ်သူ၏ အသံတား
ငှက်တို့၏ တေးသွားမှာ . . .
ကျောက်လွှာတိုဖြတ်ပြီး
စမ်းတို့၏ ရေစီးမှာ . . .
ညင်သာဖျတ်ဖျတ်
သစ်ရွက်တို့ လေခတ်သံမှာ . . .
ထာဝရ ကြားနေနိုင်ပါသတဲ့ . . . ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ၏ ရနံ့ကား
ပန်းများ၏ ဝတ်ဆံမှာ . . .
ရာသီတို့၏ စခြင်း
မြေသင်းနံ့၊ နှင်းမြူနံ့၊ မိုးစက်နံ့တွေမှာ . . .
ပျံ့ဆွတ်ခိုတွဲ
လေပြည်ထဲမှာ . . .
ထာဝရရှူရှိုက်နေနိုင်ပါသတဲ့ . . .။
ချစ်သူ၏အသွင် . . .
မြင်သမျှ အရာကို ဖန်တီး
နှီးနွယ်သွယ်ယှက်
အာရုံထဲက မထွက်နိုင်
အိပ်မက်ထဲထိ
မကြည့်ဘဲ တွေ့
ငြိစွဲ၍ထင်
ထာဝရရင်ခုန်နိုင်ပါသတဲ့ . . .။

ထာဝရရင်ခုန်နိုင်စရာ အချစ်ကို တကယ်တွေ့ပြီတဲ့လား။ ခင်မိုးခိုင်သည် သူ့ကို ထာဝရရင်ခုန်အောင် ဖန်တီးနေတော့ မှာတဲ့လား။

သူနှလုံးသားကို သူပြန်မြင်လာသလိုပင်။

× × ×



# (၁၃)

အပြန်မှာ ဦးထွန်းဝင်းကို ဒုက္ခမရောက်စေချင်တော့ အဖြင့် လိုက်မပို့ခိုင်းဘဲ ကားတစ်စီး ငှား၍ ပြန်ခဲ့သည်။ ခန့်မှန်းထားသည့်အတိုင်းပင် ညနေသုံးနာရီကျော်မှ သူတို့ မန္တလေးကို ရောက်၏။ ရထားက ငါးနာရီဆိုတော့ နှစ်နာရီမရှိတရှိသာ အချိန် တော့သည်မို့ ဘူတာနားက ဆိုင်တစ်ဆိုင်မှာ သူတို့ အချိန်ဖြုန်း ထိုက်သည်။

ကိုအောင်မြတ်ကျော်နှင့် မြင့်ထွန်းတို့က ဘီယာသောက် သော်လည်း သူက မသောက်ဖြစ်။

"ဘာလဲ ခင်မိုးခိုင်လာမှာမို့ အရက်နံ့ ထွက်မှာ စိုးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဟု မြင့်ထွန်းကစသည်။

"ဘာဆိုင်လို့လဲကွာ . . . မသောက်ချင်လို့ပါ"

ဟု သူပြန်ပြောရင်း ခင်မိုးခိုင်ကို သတိရနေသည်ကတော့ အမှန်ပင်။ လေးနာရီသာသာမှာ သူတို့ ဘူတာကို ဆင်းခဲ့သည်။ သူ နာရီကို တကြည့်ကြည့် လုပ်နေတာတွေ့တော့ မြင့်ထွန်းက ကိုအောင်မြတ်ကျော်ကို လက်တို့ပြီး သူ့ကို မေးငေါ့ပြသည်။

"လက်မှတ်အတွက် စိုးရိမ်နေလို့ နေမှာပါကွာ"

သူပြန်ပြောသည့် ဆင်ခြေစကားကို ကိုအောင်မြတ်ကျော်က ပြောရင်းနောက်၏။ သူပြုံးနေလိုက်မိသည်။

"ဒီကောင်က ရန်ကုန်က . . . ရန်ကုန်က ကောင်မလေး တွေကို လွမ်းလို့ မပြန်ဖြစ်မှာ စိုးရိမ်နေတာဖြစ်မှာ . . ."

မြင့်ထွန်းပြောသလို သူ့ရင်ထဲမှာ ဘာကြောင့်မခံစားရတာတဲ့လဲ။ ခင်မိုးခိုင်ကို ခွဲပြီး ပြန်ရမှာ ဘာကြောင့် စိတ်မကောင်းဖြစ်နေရပြန်တာလဲ။ သူနှင့် ခင်မိုးခိုင်တို့၏ တွေ့ဆုံမှုမှာ မဖြစ်စလောက် အချိန်ကလေး။ သံယောဇဉ်ရှိစရာ မည်မည်ရရ ရယ်လို့ မရှိလိုက်။ မြင်ခိုက်တွေ့ခိုက်၊ ခဏမျှကြုံကြိုက်ခွင့် ရသည်လေးကို သူဘာကြောင့် ဒီလောက်ဖြစ်နေရသည်မှာ နားမလည်ချင်ပြန်။

"ဟော . . . လာပါပြီ"

ကိုတင်ထွန်းအောင်၏ စကားကြောင့် အကြည့်ကို





ရွှေ့လိုက်တော့ ခင်မိုးခိုင်ကို မြင်သည်။ လက်ထဲမှာ အိတ်တစ်လုံး ဆွဲပြီး သူတို့ဆီ သွက်သွက်လျှောက်လာနေသည့် ခင်မိုးခိုင်ကို ငေးစိုက် ကြည့်နေမိ၏။

လုံချည်အနက်ရောင် ဖျော့ဖျော့က တင်းရင်းသည့် ကိုယ်အလှကို ပို၍ပေါ်လွင်လာစေသလို၊ အဖြူရောင် အင်္ကျီ အပေါ်မှ အနီရောင် ကုတ်ဖျော့ဖျော့လေးကို ထပ်ဝတ်ထားသည်။ အခြယ်အသကင်းသည့် မျက်နှာမှာ နှုတ်ခမ်းကို အနီရဲရဲ ဆိုးထားတာ သတိထားဖြစ်ပြန်သည်။

"တက်နေဝန်းက လည်မင်းတရှည်ရှည်နဲ့ မျှော်နေတာ ကြာပြီ"

အနားရောက်လာခိုက် ကိုအောင်မြတ်ကျော်၏ အနောက်အပြောင်စကားကြောင့် သူမျက်နှာ အထားခက်ရ ပြန်သည်။

"ဘာလဲ ရထားလက်မှတ်ဖိုးတွေ ကျွန်မသုံးပစ်လိုက်ပြီ ထင်လို့လား"

ရယ်ကျဲကျဲ ပြန်ပြောလိုက်သည့် စကားကြောင့် နေသာ ထိုင်သာဖြစ်ရင်း ပြုံးမိ၏။

"တကယ်ပဲ ခင်ဗျားကို မျှော်နေတာ"

"ရန်ကုန်မပြန်ဖြစ်မှာ စိုးရိမ်နေပုံရတယ်"



www.burmeseclassic.com

www.burmeseclassic.com



မြင့်ထွန်းစကားကိုလည်း ခင်မိုးခိုင်က နောက်ရင်း ပြန်ချေပသည်။

ပိုက်ဆံအိတ်ထဲမှ ရထားလက်မှတ်ကိုထုတ်ပြီး ကိုအောင်မြတ်ကျော်ကိုပေးလိုက်၏။

"ဒါက ရထားပေါ်စားသွားဖို့"

လိမ္မော်သီးတွေပါသည့် အိတ်ကို မြင့်ထွန်းလက်သို့ လှမ်းပေး၏။

"ဒုက္ခရှာလို့ဗျာ"

ဟု မြင့်ထွန်းက အားနာစကားဆိုသည်။

"ကျွန်မ ဆရာကိုအောင်မြတ်ကျော်ကို အကူအညီတောင်းစရာရှိလို့ လာဘ်ထိုးတာ"

အရယ်နှောရင်းပြောတော့ သူပါစိတ်ဝင်တစား နားစွင့်ဖြစ်၏။ တိုနေပြီဖြစ်သည့် စီးကရက်ကို ဖွာရင်း အောက်ချတာ ဖိနပ်ဖြင့် နင်းသည်။

"ဘာလုပ်ပေးရမလဲပြော"

"ကျွန်မ ပါ့စ်ပို့လျှောက်ထားတယ် . . . မြန်မြန်ထွက်အောင် ကူညီလို့ရရင် ကူညီစေချင်တယ်ဆရာ . . . ဒီစာရွက်ထဲမှာ အချက်အလက်တွေ ကျွန်မကူးထား





တယ် . . . အကျိုးအကြောင်း ဖုန်းဆက်လို့ ရအောင်လို့ ကျွန်မအဆောင် ဖုန်းနံပါတ် ထည့် ရေးထားတယ်" ပြောပြီး စာရွက်ကို ထုတ်လိုက်၏။

"တက်နေဝန်းကို ပေးလိုက် . . . ဒီကိစ္စဒီကောင် ကူညီနိုင်တယ်"

ကိုမြင့်ထွန်းက သူ့ဘက်လှည့်ကြည့်ပြီးပြောသည်။ သူက ခင်မိုးခိုင်လက်မှ စာရွက်ကလေးကို လှမ်းယူလိုက်

"ကြာပြီလား"

"သိပ်တော့ မကြာသေးပါဘူး . . . ဘယ်အခြေအနေ ရှိပြီလဲ သိချင်လို့ပါ"

"ကျွန်တော် စုံစမ်းပြီး ပြန်ဆက်ပေးမယ်လေ"

စာရွက်ကလေးကို အကျႌအိတ်ထဲသို့ ခေါက်ထည့်ရင်း သူပြောလိုက်၏။

"ကျွန်မအတွက် ဒုက္ခတော့ မများပါဘူးနော်"

"ဒီကောင့်အတွက် ဒုက္ခမဟုတ်ပါဘူး"

မြင့်ထွန်းက ရယ်ကျဲကျဲပြောသည်။

"အလုပ်တွေ အရမ်းများနေတဲ့ လူတွေချည်းမို့ ဒုက္ခပေး



www.burmeseclassic.com

www.burmeseclassic.com



သလို ဖြစ်မှာစိုးလို့ပါ”

သူဘာမှ ပြန်မပြောဖြစ်ဘဲ ပြုံးနေလိုက်၏။

“ဖုန်းဆက်ရင် ဘယ်အချိန်တွေ အဆင်ပြေမလဲ မခင် ခိုင်”

“ရပါတယ်၊ ညဆိုရင်တော့ ပိုကောင်းတယ်၊ အဆောင် ဖုန်းကအဝင်လဲ အချိန်နဲ့ပိုက်ဆံပေးရတာဆိုတော့ အ နာစရာတော့ မရှိပါဘူး”

“ကဲ . . . ရထားပေါ်တက်ရအောင်”

ဟု ကိုအောင်မြတ်ကျော်က ပြောသည်။

ရထားပေါ် မတက်မီ ခင်မိုးခိုင်ကို သူတစ်ချက် စူးစို ကြည့်မိပြန်၏။

သူ့အကြည့်က စူးရဲသွားလေသလားမသိ။ မျက်လွှာ ချကာ ခင်မိုးခိုင်၏ မျက်နှာရှက်သွေးဖြန်းသွားတာ သူသတိထ ဖြစ်ပြန်သည်ပဲ။

× × ×



(၁၄)

ရန်ကုန်ပြန်ရောက်ပြီး တစ်ပတ်အတွင်းမှာပင် ခင်မိုးခိုင် စ်ပို့ကိစ္စကို သူစုံစမ်းသည်။ အကျိုးအကြောင်း အစုံအလင် ညည့်နေ့က မနက်ပိုင်း အဆောင်ကို သူဖုန်းဆက်လိုက်၏။ တိုင်ထားပါပြောပြီး ခဏအကြာမှာ ရုံးသွားပါပြီဆိုတော့ င်မေးသွားခဲ့ရပြန်သည်။ ရုံးဖုန်းနံပါတ်က သူ့ဆီမှာ ရှိနေသော် သူ့ရုံးကို မဆက်ချင်။ ဖုန်းဆက်မိပြီး စကားတော်ပြော်နှင့် နေရပါက အလုပ်ထဲမှာ ခင်မိုးခိုင် အပြောခံရနိုင်သည်ပဲ။

ညရောက်အောင် စောင့်ပြီးမှ ဖုန်းဆက်တော့မည် တွေး ၏။ ညရောက်ဖို့ အချိန်အကြာကြီး စောင့်နေရသလား ထင် ၏။ ရန်ကုန်ပြန်ရောက်ပြီး ခင်မိုးခိုင်ကို သတိတရ ရှိနေမိသော



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် အလွန်ထူးဆန်းနေသည်လေ။ သတိရနေစရာ ခိုင်
မာမာ အကြောင်းအချက် မရှိပါဘဲ သတိရနေခြင်းကိုက သဘော
ကို ဆန့်ကျင်နေသလား တွေးမိသေး၏။ စကားတစ်ခွန်း၊ မျက်
တစ်ချက်အငေ့သည်ပင် မမေ့စရာဟု ဖန်တီးလိုက်လေသလား

သတိရနေစရာ . . .
တမင်မရှာရဘူး အချစ်ရယ် . . .
ချစ်သူနဲ့ပတ်သက်
လက်သည်းလေးကျိုးတာ
မျက်စောင်းလေးထိုးတာတအစ . . .
တစ်ဘဝလုံး မှတ်မိနေစရာတွေချည်းပါကွယ် . .

ကဗျာကို ဖတ်မိတော့ သူ့ရင်ထဲ တုန်တုန်လှုပ်လှုပ်
ပြန်ပြီပဲ။

ခင်မိုးခိုင်က သူ့ချစ်သူမဟုတ်တာဘဲလေ။ ဘာလို့
တွေလို သူက သတိရချင်ရတာတဲ့လဲ။

ညရောက်တော့ ခင်မိုးခိုင်ဆီကို ဖုန်းခေါ်သည်။
ပါတ်က မှားပြီးနှစ်ခါသုံးခါ ပြန်နှိပ်နေရတော့ သူ့စိတ်တွေ
တာ ဘာသာသတိထားလိုက်မိသေး၏။ သံရှည်ဆွဲ၍ ဖုန်း
စဉ် ရင်ထဲမှာ တလှုပ်လှုပ်။ ဖုန်းလာကိုင်တော့ ခင်မိုးခိုင်နဲ့
စေဟု သူပြောသည်။ ခဏကိုင်ထားပါဆို၍ စောင့်ရသ





အကြာကြီးဟု ထင်၍ ရင်မောရပြန်သည်ပဲ။ မလိုအပ်ဘဲ ဖုန်းလက်
ကိုင်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိပြန်သည်။

"ကျွန်မ ခင်မိုးခိုင်ပါ"

အသံမာဆတ်ဆတ်သည် တလှုပ်လှုပ်ခုန်ဆဲ သူ့ရင်ကို
အေးမြသွားစေ၏။

"တက်နေဝန်းပါ ခင်မိုးခိုင်"

"ဩော် . . . ကိုတက်နေဝန်း"

နှုတ်မှ အံ့ဩဟန်၊ အံ့ဩသံဟု နားလည်လိုက်၏။

"အံ့ဩနေတာလား"

"ဟုတ်တယ် . . . ကျွန်မ တကယ်ကို အံ့ဩနေတာ"

"ဘာဖြစ်လို့လဲဗျာ"

"ဖုန်းဆက်လို့ပေါ့"

"ကျွန်တော် မနက်ကလဲ ဆက်တယ်"

"အဟုတ်"

"အဟုတ်ပါ"

"ကျွန်မက ကျွန်မဆီကို ဖုန်းဆက်မယ့်သူတွေထဲမှာ
ကိုတက်နေဝန်းကို ထည့်မစဉ်းစားခဲ့တာ အမှန်ပဲ"

"ကျွန်တော် ပါ့စ်ပို့ ကိစ္စစုံစမ်းပြီး ဆက်မယ် ပြောခဲ့တာပဲ



www.burmeseclassic.com

www.burmeseclassic.com



မခင်မိုးခိုင်"

ရယ်သံလွင်လွင်ကို သူကြားနေရသည်။

"စိတ်တော့ မဆိုးပါနဲ့နော်"

"မဆိုးပါဘူး"

"ခပ်ပေါ့ပေါ့ပြောခဲ့တာပဲလို့ ကျွန်မထင်ပြီး မေ့ထာ
လိုက်တာ၊ ကျွန်မဆီကို ဖုန်းဆက်မယ်လို့ မမျှော်လ
ခဲ့တာ အမှန်ပဲ"

"ကျွန်တော် ပေါ့ပေါ့တန်တန် မပြောတတ်ပါဘူး"

ရယ်နေပြန်သည်။

"ကျွန်မ . . . အဲလို ထင်ခဲ့တာ . . . တောင်းပန်ပါတ

"ထင်စရာတွေရှိလို့လား"

"ခပ်ပျော်ပျော်၊ ခပ်သွက်သွက် နေတတ်တဲ့သူဆို
ကျွန်မစကားကို အလေးအနက် ထားမယ်မထင်လို့

"ကျွန်တော် မခင်မိုးခိုင်ကို အလေးအနက်ထားပါတ

သူစကားလွန်သွားပြီးလား စဉ်းစားရင်း အားနာ
ပါသည်။ တစ်ဖက်ကအသံခဏငြိမ်သွားတာ သူစကားေ
လားဟုတွေးရင်း စိတ်မကောင်း။

"ပါ့စ်ပို့ ကိစ္စက အားလုံးအဆင်ပြေပါတယ် . . .





မကြာတော့ဘူး ပြောတယ်"

ဟု သူ့စကားကို လွှဲလိုက်၏။

ပြီးတော့ ခရီးအကြောင်းကို ရှေးဟောင်းနှောင်းဖြစ် ပမာ
တားတွေ အကြာကြီးပြောဖြစ်ခဲ့သေးသည်ပဲ။

ကျွန်တော်နောက်တစ်ကြိမ် ဆက်ဦးမယ်ပြောကာ ဖုန်းချ
လိုက်တော့ အကြာကြီးခွဲနေရသူ တစ်ဦးကို တွေ့ခဲ့ရသူပမာ ရင်ထဲ
မှာ ကျေနပ်သွားခဲ့တာ အမှန်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

ဒုတိယအကြိမ် ဖုန်းဆက်ဖြစ်တော့လည်း သူ့ပါစီပို ကိစ္စအကြောင်းပြချက်နှင့်ပင်။ ပါစီပိုကိစ္စက နည်းနည်းလေးပြောပြီး အခြားအကြောင်းတွေ အကြာကြီးပြောဖြစ်ပြန်၏။ သူက ခင်မိုးနိုင်နှင့် စကားပြောနေရတာ ငယ်ပေါင်းကြီးဖော် တွေ့နေရသည့်နှယ်။ ပြောစရာ စကားတွေက ရင်မှာအပြည့်။ တစ်ခါတစ်ခါတော့ သူတချည်း ပြောနေမိတာမို့ နားထောင်နေရသည့် ခင်မိုးနိုင်ကို အားနာနေ မိသား။

"ခရီးက ရန်ကုန်ပြန်ရောက်ကတည်းက ကျွန်တော်လဲ အရက်မသောက်ဖြစ်သေးဘူး၊ ခင်မိုးနိုင်ရဲ့ အမေနဲ့ အစ်ကိုအကြောင်းက ကျွန်တော့်ခေါင်းထဲ အဖြစ်ခက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတတ်တယ်”

ဘာရယ်မဟုတ်သူပြောလိုက်ခြင်းပင်။ ရန်ကုန်မြို့ရောက် လာကတည်းက အပေါင်းအသင်းတွေ မဆုံဖြစ်တာလည်းပါသည်။ ဘာပွဲ၊ ညာပွဲတွေ မရှိတာလည်း ပါသည်။ သူအရက်မသောက်ဖြစ်သေး။ သူကတစ်ကိုယ်တည်း အရက်သောက်ချင်လို့သောက်တယ်ဆိုတာ သူမှာမရှိ။

“တကယ်ပြောတာလား”

“တကယ်ပေါ့ဗျာ . . . ခင်မိုးခိုင်က ကျွန်တော့်စကားဆိုသံသယအမြဲရှိနေပုံရတယ်”

“အဲလို မသောက်ဘဲလဲ နေနိုင်တယ်ပေါ့”

“နေနိုင်တာပေါ့၊ ကျွန်တော်က အရက်သမားမှ မဟုတ်တာ”

“ဒါဆို နေနိုင်ရင် ဘာလို့ အစလုပ်သောက်မှာတဲ့လဲ ကိုတက်နေဝန်းရယ်၊ အရာရာတိုင်း နည်းနည်းလေးတစခဲ့ကြတာပဲ၊ သေးသေးလေးကစပြီး၊ ကြီးကြီးမားမားဖြစ် အပေါင်းအသင်းနဲ့ဆိုတော့လဲ၊ ဘာရယ်မဟုတ်ဘူး သောက် ဖြစ်ကြတာပါပဲ”

“မသောက်ဘဲနေပေါ့ . . . ကောင်းဘူးလား”





ခင်မိုးခိုင်က သူ့ကိုအဲသည်လိုတားတာ ဘာကြောင့်ကြည်နူးသာယာနေရတာတဲ့လဲ။

“မခင်မိုးခိုင်က ကျွန်တော့်ကို အရက်မသောက်ဘဲ နေစေချင်တာလား”

ခပ်အုပ်အုပ် ရယ်သံကြားရသည်။

“ကျွန်မက ဘယ်သူ့ကိုမှ အရက်မသောက်စေချင်ဘူး . . . အရက်သောက်တဲ့သူကိုလဲ ကျွန်မ မခင်ချင်ဘူး . . . အရက်ကိုတော့ ကိုယ့်အစွဲအလမ်းနဲ့ အရမ်းမုန်းတယ်”

“ကျွန်တော်က မသောက်ဘဲ နေရင်နေနိုင်ပါတယ်”

“ကျွန်မ မယုံဘူး”

“တစ်နေ့တော့ ကျွန်တော်ယုံအောင်ပြနိုင်မယ်ထင်ပါတယ်”

“ကြည့်ရတာပေါ့”

“ကျွန်တော်က ဆေးလိပ်ကို အရမ်းစွဲလမ်းတာ . . . အရမ်းစွဲလမ်းတဲ့ ဆေးလိပ်ကိုတောင် ဖြတ်ချင်စိတ်တော့ရှိတယ် . . . ဖြတ်ဖို့မလွယ်လို့”

“တကယ် မဖြတ်ချင်လို့နေမှာပေါ့”

ရယ်ပြောပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ခင်မိုးခိုင်နှင့် ဖုန်းပြောရသည်မှာ အတော်လေး ကြာသွားသည်ကို သတိမထားမိလိုက်။ ရင်းနှီးကျွမ်းဝင်မှုကြောင့် စကားပြောစရာတွေက မရှားတော့။

ကျွန်မတို့ ဖုန်းပြောတာ ကြာသွားပြီလားမသိဘူး ဆိုတော့မှ ခင်မိုးခိုင်အားတုံ့အားနာနှင့် သူ့စကားတွေကို နားထောင်နေရှာပါလား အတွေးဝင်သည်။

ကျွန်တော် မခင်မိုးခိုင်နဲ့ စကားပြောရတာ ပျော်တယ်ဗျာလို့ ပြောလိုက်တော့ တစ်ဖက်က အံ့ဩနေသလို အသံ ဆိတ်ငြိမ်သွားခဲ့ပြန်သည်ပဲ။

"ဒါ ရင်ထဲက စကားအမှန်ပါ ခင်မိုးခိုင်"

ဖုန်းချလိုက်လို့ အဆက်အသွယ် ပြတ်သွားသော်ငြား ရင်ထဲမှာကား ခင်မိုးခိုင်၏ စကားတို့ ကျန်ရစ်နေပြီကော။

တစ်နေ့ထက် တစ်နေ့ပိုပြီး ရင်မောလာရတယ်ကွယ်။

× × ×



(၁၆)

လုပ်ငန်းနှင့် ပတ်သက်သည့် ညှိနှိုင်းပွဲတစ်ခုမှ ပြန်ရောက်လာပြီး မကြာခင်မှာပင် ဖုန်းဝင်လာသည်။

ခင်မိုးခိုင် ဖုန်းဆက်မည်ဟု ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့သည်မှာ အမှန်။

"တက်နေဝန်းပါ"

"ကျွန်မ ခင်မိုးခိုင်ပါ"

"ဟာ၊ ခင်မိုးခိုင်၊ ကျွန်တော့်ဆီကို ဖုန်းဆက်တယ်နော်"

တကယ်ပင် မဖော်ပြနိုင်လောက်အောင် အံ့ဩနေမိပြန်၏။ ဝမ်းသာကြည်နူးမှုကြောင့် ရင်သည် လှုပ်ခတ်တုန်ခါနေရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် အရမ်းသြအံ့သွားတယ် . . . သိလား . . . အခု

ညေ့ခံပွဲတစ်ခုက ပြန်ရောက်လာတာ . . . ခင်မိုးခိုင်

ကိုယ် အရမ်း စကားပြောချင်နေတာ . . . မနက်ဖြ

ညတော့ ဖုန်းဆက်ဦးမယ် စဉ်းစားနေတဲ့အချိန်၊ တို

တိုက်ဆိုင်ဆိုင် ဖုန်းဝင်လာတာပဲ"

ကျွန်တော်ဟု ပြောနေရာမှ ကိုယ်ဆိုသည့် နာမ်စား

သုံးလိုက်မိပြီး အားတုံ့အားနာ ဖြစ်နေရပြန်သည်။

"ကျွန်မလဲ ဖုန်းရှိတဲ့ သူငယ်ချင်း အိမ်ရောက်နေတာ

အဆင်ပြေလို့ဆက်လိုက်တာ၊ ပြီးတော့ . . . ကျွန်မခွင့်

ရတဲ့အကြောင်းလဲ ပြောချင်လို့"

"ခွင့်ရတယ် . . . ဟုတ်လား"

"ဟုတ်တယ် . . . ခွင့်ယူပြီး ဆယ်ရက်လောက် အမေ့ဆီ

မှာ ပြန်နေမလို့"

"ငှတ်သေးတာပေါ့ . . . ကိုယ်မသိဘဲ ဖုန်းဆက်

လွဲနေရင်"

"ဟုတ်တယ်၊ အဲဒါ ပြောချင်လို့၊ ခွင့်ကတော့ရပြီ၊ ဒီမှာ

သုံးရက်လောက်တော့ လုပ်စရာရှိတာလေးတွေ လုပ်

ရှိနေဦးမှာ၊ ဘယ်လိုလဲ အရက်သောက်ဖြစ်သေးလား"





"ဟာ . . . အဲဒါ ကိုယ်ပြောချင်လို့ . . . ခင်မိုးခိုင်ဆီ

မနက်ဖြန် ပြန်ဆက်မယ် စိတ်ကူးတာပေါ့ . . . ဒီည

ညေ့ခံပွဲမှာ ကိုယ်မသောက်ဘဲ ရှောင်လိုက်တယ်"

"ဟုတ်လား"

"ဟုတ်တယ်၊ အရက်မသောက် ဖြစ်ဘူးဆိုတာက အဲဒီလို

ပွဲနဲ့မတိုးတော့ လွယ်တယ်လေ . . . ကိုယ့်ဘာသာတော့

သွားမသောက်ဖြစ်ဘူးပေါ့ . . . အခုလို ပွဲမျိုး အပေါင်း

အသင်းဆုံရင် ကိုယ်ကသောက်နေကျ . . . ဒီညတော့

ကိုယ်လုံးဝ မသောက်ဘဲနေလိုက်တယ် . . . မြင့်ထွန်းက

အရမ်းအံ့သြနေတယ် . . . ခင်မိုးခိုင်ကို ကတိပေးထားလို့

လားလို့ မေးသေးတယ်"

"ဘယ်လို ပြန်ပြောလိုက်လဲ"

"မဟုတ်ပါဘူးပဲ ပြောလိုက်တာပေါ့"

"ကျွန်မ သိပ်မယုံချင်ဘူး . . . ကျွန်မမှ မမြင်ရဘဲဟာ"

စိတ်ကူးတစ်ခု ဖျတ်ခနဲဝင်လာသည်။

"ဒီလိုလုပ်ပါလား"

"ဘယ်လိုလဲ"

"ကိုယ်လဲ ခွင့်ယူပြီး ခင်မိုးခိုင်တို့ မြို့လေးကိုလာခဲ့မယ်



www.burmeseclassic.com

www.burmeseclassic.com



လေ၊ အဲဒီကျတော့ ကိုယ်အရက်သမား ဟုတ်မဟု
မသောက်ဘဲနေနိုင်၊ မနေနိုင်သိတာပေါ့ . . . အရ
ကြိုက်တဲ့သူ က တစ်ရက်မသောက်ဘဲ မနေနိုင်ပါဘူ

"စိတ်ကူးမယဉ်ပါနဲ့ ကိုတက်နေဝန်းရယ် . . . သော
တော့လဲ ကျွန်မနဲ့ ဘာဆိုင်တာမှတ်လို့"

"မဟုတ်ပါဘူး . . . ခင်မိုးခိုင်ကိုလဲ ကျွန်တော်နော
တစ်ကြိမ်ထပ်တွေ့ချင်နေတာ အမှန်ပဲလေ . . .
တော့ ခင်မိုးခိုင်တို့ မြို့လေးကိုလဲ ကျွန်တော် ချစ်တ
. . . ရောက်ဖူးချင်တယ် . . . တကယ်ပါ"

ခင်မိုးခိုင်တို့ မြို့က တောင်ပေါ် မြို့သေးသေးလေး။ ထို
လေးကို အရင်ကတည်းက သူ စိတ်ဝင်စားခဲ့သည်မှာ အမှန်ပင်

"ဒါဆိုလဲ . . . တိုယ့်ဘာသာ သွားလည်ပေါ့ရှင်"

"ခင်မိုးခိုင် အခုပြန်မယ့်အချိန် ကိုယ်ရောက်အောင်
လာခဲ့မယ်"

"ကိုတက်နေဝန်း နောက်နေတာလား"

"ဟာ . . . မနောက်ပါဘူး . . . တကယ်ပြောနေတာ"

"ကျွန်မ မရှိတဲ့အချိန် သွားလည်ပါလား . . . ကျွန်မ ရှိတဲ့
အချိန်ဆိုတော့ ကျွန်မက အိမ်ရှင်ဖြစ်သွားပြီလေ"





"ဟာ . . . ကိုယ်က မခင်မိုးခိုင်ကို တွေ့ချင်တာပဲ"
သက်ပြင်းချသံ သဲ့သဲ့ကို ကြားလိုက်သလိုပင်။

"အဲဒီမှာ တည်းခိုခန်း ကောင်းကောင်းတော့ ရှိမှာပေါ့"

"မရှိဘူး . . . ကိုတက်နေဝန်း ရှင်စိတ်ညစ်လိမ့်မယ်၊
ကျွန်မတို့ မြို့လေးက ခရီးသွား အရောက်အပေါက်
နည်းတော့ တည်းခိုခန်း ကောင်းကောင်းမရှိဘူး"

"အေးဗျာ . . . အဲဒါတော့ စိတ်ညစ်တယ်၊ ဟို ခရီးသွား
တုန်းက တည်းရတဲ့ တည်းခိုးခန်းကလဲ မကောင်းဘူး၊
ညစ်ပတ်လိုက်တာ"

"အဲဒီတော့ မလာဘဲနေတာ အကောင်းဆုံးပါပဲရှင်"

"မဟုတ်ဘူး ခင်မိုးခိုင် . . . ကျွန်တော် ခင်မိုးခိုင်ကို တွေ့
ချင်လို့ပါ . . . ပြီးတော့ မန္တလေးမှာ အလုပ်နဲ့ အချိန်လဲ
မတွေ့ ချင်ဘူး . . . အခုလို ခွင့်ယူထားတဲ့အချိန် . . .
ကိုယ်ကလဲ ခွင့်ယူပြီး လာတွေ့ချင်တယ်လေ"

"ဘာထူးမှာမို့လဲ"

"အဲဒါတော့ မသိဘူး . . . တွေ့ချင်တာပဲ သိတာ"

"ကိုတက်နေဝန်းလဲ ဖွတ်တရွှတ် ကိုယ်လုပ်ချင်တာ ဆိုပဲ
တတ်တဲ့လူမျိုးပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ခင်မိုးခိုင်တို့မြို့ကို လာမှာ အသေအချာပဲ ခင်
ခိုင် . . . ရက်အတိအကျကို မနက်ဖြန်ည ဖုန်းဆက်
ပြောမယ် . . . မနက်ဖြန် ခွင့်တင်လိုက်မယ် . . . ဖေ
နဲ့ မေမေ့ကိုလဲ ခရီးသွားဖို့ ပြောလိုက်မယ်"

အစီအစဉ်တွေကို သူ့ဘာသာချက်ချင်းဆွဲလိုက်
ဖေဖေ နိုင်ငံခြားမှ ပြန်ရောက်လာခဲ့ပြီမို့ လုပ်ငန်းလည်း အလု
ကလောက်မများ။ သူ့ လုပ်ငန်း အားလုံးကို ကိုကို့အား လွှဲထား
လို့ရသည်ပဲ။

"ကိုတက်နေဝန်း . . . ရှင် စိတ်ကူးယဉ် အိပ်မက်မက်
တာလား"

ဖုန်းချခါနီးအထိ ခင်မိုးခိုင်က မယုံမကြည်စကား
ဆိုနေတုန်း။

"ကိုယ်ပြောတာကို ခင်မိုးခိုင် ဘာမှမယုံတာဘဲ၊ မန
ဖြန်ညဖုန်းဆက်ပြီး ရောက်မယ့်ရက် အတိအကျ
မယ် . . . ခင်မိုးခိုင်က ခွင့်ယူပြီး ချက်ချင်းမပြန်သေး
ဆိုတော့ ခင်မိုးခိုင် ပြန်ရောက်ပြီး နောက်တစ်ရက်
ရက်လောက်မှာ ကိုယ်ရောက်အောင်လာခဲ့မယ်၊
နေ"





သူကတော့ ခင်မိုးခိုင်တို့ မြို့ကို လိုက်သွားရန် တကယ်
င် ဆုံးဖြတ်ချက်ချလိုက်မိပြီပဲ။

ခင်မိုးခိုင်ကတော့ သူ့စကားကို ရဲရဲ မယုံတာ သူနားလည်
ိုက်သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

(၁၇)

"မင်း တကယ်ပြောနေတာလား သူငယ်ချင်း . . . ငါ့ကို နောက်နေတာလား"

ညနေရုံးအဆင်းမှာ မြင့်ထွန်းနှင့် သူလက်ဖက်ရည်ဆိုင် ...ဆုံသည်။ သူခွင့်တင်လိုက်ပြီ ဖြစ်ကြောင်းနှင့် ခင်မိုးခိုင်တို့မြို့ကို ...သွားမည့် အကြောင်းပြောပြလိုက်တော့ မြင့်ထွန်းက တအံ့ ...ဩဖြစ်နေ၏။

"တကယ်ပြောတာ မြင့်ထွန်း . . . ငါမန္တလေးကို သွားပြီး သူ့ကိုတွေ့ရင် သူ့အထက်က မန်နေဂျာတစ်ယောက်ကို တွေ့သလို လက်ခံတွေ့မှာ ငါမလိုချင်ဘူး . . . အခု သူခွင့်ယူပြီး အိမ်ပြန်တုန်း . . . ငါလဲ ခွင့်ယူပြီးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားတော့ အလုပ်ကိစ္စနဲ့လဲ ဘာမှ မပတ်သက်သ
ဖြစ်သွားတာပေါ့"

"မင်း သူ့ကို ပြောပြီးပြီပေါ့"

သူခေါင်းညိတ်သည်။ ပြီးတော့ စီးကရက်ကို ဖွာရှိုက်လိုက်
၏။

"ငါပြောတာကို မယုံသလိုဘဲ . . . ငါနောက်နေတ
ထင်တုန်းပဲကွာ"

"ဩော်၊ သူငယ်ချင်းရာ၊ ဒါနောက်စရာမှ မဟုတ်တာ

"ဒါဆို . . . မင်းသူ့ကို တကယ်ချစ်သွားတာပေါ့ . .
ဟုတ်လား"

"ဟုတ်တယ် . . . ငါသူ့ကို တကယ်ချစ်သွားမိတ
ငါ့ကိုယ်ငါလဲ အံ့ဩနေမိတယ်၊ အကြိမ်ကြိမ် ဆန်းစစ်
ပြီး ငါသူ့ကို ချစ်တာအမှန်ပဲ သူငယ်ချင်း . . . သူလ
ရင် ငါသူ့ကို ချက်ချင်းပဲ လက်ထပ်ချင်တယ်"

"ငါတော့ . . . အံ့ဩနေတာပဲကွာ"

"မင်းအစ်ကို တက်နေတွန်းက လက်ထပ်မယ် လက်
မယ်နဲ့မထပ်ဖြစ်သေးဘဲ၊ မင်းအရင် လက်ထပ်ဖြစ်သွား
မယ်"





ကိုကိုက ဖေဖေ့သူငယ်ချင်းလည်းဖြစ်၊ ဖေဖေ့တပည့်ရင်း
ည်း ဖြစ်သည့် ဦးသန်းဝေ၏ သမီးနှင့် လက်ထပ်ဖို့ ပြောပြီး
ပြီ။ ဖေဖေ့ သူငယ်ချင်း ဦးသန်းဝေတို့က စီးပွားပျက်ပြီး ဖေဖေ
ကြည့်ရှု စောင့်ရှောက်ထားရသည့်သူတွေ။ ဦးသန်းဝေ
်တရက် ဆုံးသွားတော့ လက်ထပ်ဖို့ကိစ္စ နောက်ကို ရွှေ့သွားရ
သည်။

"ကိုကိုက တကယ်တမ်းကျတော့ လက်ထပ်ရမှာ နောက်
တွန့်နေတာလဲပါတယ်ကွ၊ သူက ခပ်အေးအေးသမား
ကောင်မလေးကိုလဲ ချစ်တာမဟုတ်ဘူး . . . လူကြီးတွေ
စီစဉ်လို့ နာခံလိုက်ရတာလေ. . . ဖေဖေကတော့ ဦး
သန်းဝေကို ပြန် ကြည့်တဲ့အနေနဲ့ စီစဉ်ပေးခဲ့တာ၊
ကောင်မလေးက ဖေဖေတို့ လက်ထဲမှာ ကြီးလာတာ
ဆိုတော့ . . . ဖေဖေရော၊ မေမေရော အရင် ချစ်တာ၊
ကိုကိုက မင်္ဂလာပွဲကို နေ့ရွှေ့ညရွှေ့နေလို့ ငါ့ကျရင်တော့
ဖေဖေတို့ ပြောပြီးတာနဲ့ ခပ်ကျဉ်းကျဉ်းပဲ လက်ထပ်ပစ်
လိုက်မယ်"

"နေပါဦး . . . မင်းက လက်ထပ်ဖို့တောင် စဉ်းစားနေပြီ
ဆိုတော့ ခင်မိုးခိုင်ဘက်ကရော"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာ တင်းခနဲဖြစ်သွားသည်။ ပူပန်စိတ်ကြောင့်လည်း ဖိုခနဲ ခံစားလိုက်ရသည်ပဲ။

"အေးကွာ . . . ငါသူ့ကို ဖွင့်မပြောရသေးဘူး"

"ဟာ . . . မင်းဟာကလဲ . . . တစ်ဖက်တည်း သေနေတာ၊ ဖိတ်စာတောင် တစ်ခြမ်းတည်း ကြိုရိုက်ထား သလို ဖြစ်နေပြီ"

"အေးကွာ၊ သူလက်မခံနိုင်ရင်တော့၊ ဘာတတ်နိုင်မှာ တဲ့လဲ"

"မင်းဒီည ဖုန်းဆက်မှာဆို"

သူခေါင်းညိတ်ပြလိုက်၏။

"ဒါဆို . . . ဒီညပဲ . . . ဖုန်းထဲက ဖွင့်ပြောလိုက်တွ ဖုန်းထဲက ဖွင့်ပြောပြီးရင် . . . မင်းဟိုကို လိုက်သွား ရောက်တဲ့အခါကျတော့ ထပ်ကြိုးစားပေါ့"

"ဖွင့်ပြောလိုက်လို့ မလာနဲ့တော့ဆိုရင်ကော"

"ဖြစ်နိုင်တယ် စိတ်ဆိုးပြီးမလာနဲ့တော့ . . . ထပ်မတွေ့ ဘူး ပြန်ပြောနိုင်တယ်၊ အဲဒီလိုပြောလဲ လိုက်သွား အောင်သွားကွာ၊ မင်းတကယ်ရောက်လာရင် . . . မတွေ့ဘဲတော့ နေမှာမဟုတ်ပါဘူး"





မြင့်ထွန်းစကားကို သူအလေးအနက်ထား စဉ်းစားနေမိ ၏။ မဖွာဘဲ ကိုင်ထားမိသည့် စီးကရက်က တဖြည်းဖြည်း လာပြီး လက်ကိုပူတော့မှ ရုတ်တရက် ပစ်ချလိုက်ရသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

(၁၈)

"ဖေဖေနဲ့ မေမေ့ကိုလဲ ပြောပြီးပြီ . . . ခွင့်လဲတင်ပြီးပြီ၊ ခင်မိုးခိုင်၊ ကိုယ်လာဖြစ်တာ သေချာသွားပြီ"

ညရောက်တော့ ခင်မိုးခိုင်ဆီကို ဖုန်းဆက်လိုက်၏။

"ဘယ်နေ့လာမှာလဲ"

လာမည့်ရက်နှင့် အချိန်အတိအကျကို သူပြောလိုက်သည်။ နေ့လယ်က ကားဂိတ်ကိုလည်း ဖုန်းဆက်ကြည့်ပြီးပြီမို့ လာသည့်ကားအမည်နှင့် ရန်ကုန်မှ ထွက်ချိန်ကိုပါ သူပြောလိုက်နိုင်သည်ပဲ။

"တကဲ့ယ်လာမှာနော်"

"သြော် . . . ခင်မိုးခိုင်ရယ် . . . ကားလက်မှတ်တောင်



www.burmeseclassic.com

www.burmeseclassic.com



စိစဉ်ပြီးပါပြီဆိုမှ . . . ကိုယ့်ကို မယုံသေးဘူးလား"

"မသိဘူးလေ၊ ပါးစပ်ထဲမှာ ရှိတာတွေ လျှောက်ပြော

နေတာလားလို့"

"ခင်မိုးခိုင်ကို ကိုယ်အမြဲ အလေးအနက်ထားပါတယ်"

"လာဖြစ်ရင်တော့ . . . သူငယ်ချင်းအိမ်မှာ တည်းခို

စဉ်ပေးမလို့"

"ဟာ . . . သူများအိမ်မှာ"

"မဟုတ်ဘူး . . . အဲဒီအိမ်က အိမ်အပိုလူမနေ ဖြစ်နေ

ဘူး၊ အသစ်ဆောက်ထားတာ၊ ကိုတက်နေဝန်း ကြို

လိမ့်မယ် . . . တောင်ကုန်းလေးပေါ်မှာ . . . မြို့အ

ဆိုတော့ ဆိတ်ဆိတ်ငြိမ်ငြိမ်လဲ ရှိတယ် . . . ကိုတက်

ဝန်းက ကဗျာတွေကြိုက်တတ်တယ်ဆိုတော့ အဲဒီနေ

မှာ ကဗျာလေးတစ်ပုဒ် ခံစားရလိုဖြစ်သွားလိမ့်မယ်

သူကဗျာလေးတွေ ကြိုက်ကြောင်း။ သိပ်ကြိုက်

တွေ့ရင် မှတ်စုစာအုပ်မှာ ကူးထားတတ်ကြောင်း၊ တချို့ က

တွေ အမှတ်ရနေကြောင်းတွေ ဟိုနေ့တွေက ပြောထားဖြစ်ခဲ့သ

ပဲ။

"ကားဂိတ်ကိုလဲ လာကြိုပေးနော် . . . ကိုယ် . .





တစ်ခါမှ ရောက်ဖူးတာ မဟုတ်ဘူး"

"အမလေး . . . အားငယ်နေပြန်ပြီ"

"အားငယ်ရမှာပေါ့ဗျာ . . . မခင်မိုးခိုင်ရဲ့ မျက်နှာကို

တစ်ရွာထင်ပြီး လိုက်လာရမှာ"

"အပြောတော့ တကယ်ကောင်း . . . ကဲ . . . ဒါဆို

ဖုန်းချလိုက်တော့မယ် . . . ဘာပြောစရာရှိသေးလဲ"

"အင်း . . . ပြောစရာတော့ရှိသေးတယ်"

"ပြောလေ"

သူခဏငြိမ်ပြီး စဉ်းစားလိုက်၏။ ညနေက မြင့်ထွန်း

စကားတို့ နားမှာပြန်ကြားယောင်လာသည်။

"ဟဲလို"

သူငြိမ်နေတော့ လိုင်းပြတ်သွားပြီ အထင်နှင့် ခင်မိုးခိုင်

အသံပြု၏။

"ခင်မိုးခိုင်"

"ရှင်"

"ကိုယ် . . . . ခင်မိုးခိုင်ကို ချစ်တယ် . . . သိလား"

အသံကို ပုံမှန်ဖြစ်အောင် ကြိုးစားရင်း သူပြောလိုက်၏။

တစ်ဖက်မှ ကက်ကက်လန်အောင် ပြန်ရန်တွေ့ေလ



www.burmeseclassic.com

www.burmeseclassic.com



မလား စိုးရိမ်မိသေး၏။

အတော်လေးကြာအောင် အသံက ငြိမ်သက်နေသည် ခင်မိုးခိုင်သည် သူ့စကားကို ကြားရပြီး မှင်တက်မိသွား လေသလား။ သို့မဟုတ် ဒေါသဖြင့် တုန်လှုပ်လွန်းသဖြင့် စကားပြန်မပြောနိုင်အောင် ဖြစ်သွားရလေပြီလား။

"မခင်မိုးခိုင်"

တစ်ဖက်မှမထူး။

"ခင်မိုးခိုင်"

ဘာသံမှ ပြန်မကြားရ။

သူသက်ပြင်းရှည်ကို အချမှာ ခင်မိုးခိုင်ဘက်မှ ဖုန်းချသွားသံကို ကြားလိုက်ရတော့ ရင်ထဲမှာ ဟာခနဲ ဖြစ်သွားရပြန်သည်။

ခင်မိုးခိုင် သူ့ကို စိတ်ဆိုးသွားပြီတဲ့လား။

သူ့စကားကို ခင်မိုးခိုင် သံသယတွေ ရှိနေဆဲပါလား။

အတွေးများဖြင့် ထိုညက အိပ်မပျော်။

မှတ်စုစာအုပ်မှာ ကူးထားသည့် ကဗျာလေး တစ်ပုဒ်ကို သူဖတ်ကြည့်မိပြန်၏။

မေ့လျော့သွားစေနိုင်သည့်အရာ

ချစ်သူနှင့် ပတ်သက်ပါက မရှိစကောင်း





ချစ်သူဆောင်းသည့် ထီး

ချစ်သူစီးသည့် ဖိနပ်ကအစ

အမှတ်တရ ထင်

သံယောဇဉ်စကား

နှလုံးသားမှာ

ကျောက်စာလိုဖြစ်

"အချစ်"သမိုင်းဝင်

မော်ကွန်းတင်သတဲ့ . . .။

သမုဒယရာသီ

တစ်သက်ရှည်အောင်

မျက်ရည်အလွမ်း

ကြည်နူးချမ်းမြေ့

ခံစားပွေ့ဖက်

နေ့ရက်ညစဉ်

မော့ကြည့်မြင်နိုင်

"ကောင်းကင်"အသစ်

"ချစ်သူ"ဖြစ်သတဲ့ . . .။

ချစ်သူဆိုတာ ထာဝရတွေ့နိုင်မြင်နိုင်တဲ့ ကောင်းကင်



www.burmeseclassic.com

www.burmeseclassic.com



သစ်ဖြစ်ပါသတဲ့လား ခင်မိုးခိုင်ရယ်။

ကောင်းကင်အသစ် . . . ချစ်သူဖြစ်ပါသတဲ့လား . . .

ကွယ် . . .॥

× × ×





# ခင်မိုးခိုင်



www.burmeseclassic.com

www.burmeseclassic.com

(၁)

ကျွန်မတွင် အဆိုးဟု မဆိုသာသော်ငြား၊ အကောင်းဟု ဆိုသာသော အကျင့်တစ်ခုရှိသည်။ ထိုအကျင့်မှာ အရှုံးအမြတ်ကို တွက်ချက်နေတတ်ခြင်းပင်။

အရှုံးအမြတ်တွက်ချက်ရာ၌လည်း မိမိ၏ စံဖြင့်သာ တိုင်းတာလေ့ ရှိပြန်၏။ ဥပမာ - အကြောင်းတစ်ခုခုကြောင့် ကျွန်မ၏ အချိန်ကို တစ်နာရီပေးရမည်ဆိုပါစို့။ ထိုတစ်နာရီ* ကြောင့် ကျွန်မကိုယ်တိုင်ဖြစ်စေ၊ သူတစ်ပါးဖြစ်စေ အကျိုးတစ်စုံ တစ်ရာရမည်ဆိုပါလျှင် အမြတ်ဟု တွက်ကာ စိတ်လိုလက်ရ ဆောင်ရွက်ပေးတတ်စမြဲ။ သို့သော် ကျွန်မအကျိုးရှိစေလိုသော သူတစ်ပါးဆိုသည်မှာ ကျွန်မရွေးချယ်ခြင်းကို ခံရမှသာဖြစ်နိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com



မည်။ အမှန်တော့ ကျွန်မက လူရွေးပြီး စေတနာထားတတ်ခြင်း ပင်။

ကျွန်မအတွက် နှစ်နာလွန်းမည်ဆိုပါလျှင် ခြေလှမ်းတစ်လှမ်းပင် ကျွန်မအများခံမည်မဟုတ်။ ထိုအကျင့်များကြောင့်လည်း သူငယ်ချင်းများအားလုံးလိုလိုက ကျွန်မကို အတ္တကြီးသူဟု သတ်မှတ်ထားကြခြင်းပင်။ ကျွန်မပင် သူငယ်ချင်းများအလယ်မှာ အတ္တမာနကြီးလွန်းသူအဖြစ် ထင်ရှားနေခဲ့ပြီပဲ။

မာနကြီးခြင်း၊ အဆိုးမြင်တတ်ခြင်းနှင့်၊ အခြောက်တိုက်ဘဝင်မြင့်ခြင်းတို့မှာလည်း ကျွန်မ၏ ဆိုးဝါးသော ဂုဏ်ပုဒ်များပင်။ ကျွန်မကို ခင်မင်ကြသူများသည် ကျွန်မဘယ်သောအခါမှ ယုတ်မာလိမ့်မည်မဟုတ်ဟူသော ယုံကြည်မှု တစ်ခုတည်းကြောင့်သာ ကျွန်မကို ပေါင်းသင်းနေကြကြောင်း ကျွန်မကောင်းကောင်းသိသည်ပဲ။ ဘာပဲဖြစ်ဖြစ် ဘဝင်မြင့်တတ်သည့် ကိစ္စကိုတော့ ဘယ်သူကမှ မကြိုက်နိုင်ကြချေ။ ကျွန်မကလည်း ကျွန်မ နှစ်သက်သလိုသာပြုမူတတ်သူဖြစ်၍ သူတစ်ပါး၏ အကြိုက်ကို တစ်ခါတစ်ရံ စိတ်ကောင်းဝင်ချိန်မှ တစ်ပါး လိုက်လျောအားနာလေ့မရှိတတ်။

သူတစ်ပါး၏ အကြိုက်၊ အမြင်ကို လိုက်လျောလေ့ မရှိသောကြောင့် အငြင်းသန်သူအဖြစ် သတ်မှတ်ခြင်း ခံရပြန်သည်လေ။ မည်သို့ပင် ဖြစ်စေ။ ကျွန်မကိုယ် ကျွန်မ အထင်ကြီး





တ်ကလည်း အရာရာကို အလျှော့မပေးချင်အောင် တွန်းပို့နေ သလို။

အကောင်းဆုံးတွေကိုသာ ရွေးချယ်ဆောင်ရွက်တတ်သူ အဖြစ် ကျွန်မက ကျွန်မဘာသာဂုဏ်ယူနေလေ့ရှိသူလည်း ဖြစ်သည်။ ကိုယ့်ကိုယ်ကို ထာဝစဉ် စောင့်ကြည့်ဆုံးမနေတတ်ကာ၊ တန်ဖိုးမဲ့ကိစ္စများ ပြုလုပ်ခြင်းကို တတ်နိုင်သမျှ ရှောင်ခဲ့သူပင်။

အခြားသူများကို အထင်မကြီးတတ်ခြင်းကတော့ ကျွန်မတွင် ရှိနေသော အကျင့်ဆိုးများအနက်မှ အဆိုးဝါးဆုံးအကျင့်ပင် ဖြစ်မည်ထင်ပါသည်။ ကျွန်မလေးစားသော လူဦးရေမှာ လက်ချိုးရေတွက်၍ ပင်ရလောက်အောင် အရေအတွက် နည်းပါးလွန်းလှ၏။

လူတစ်ယောက်ကိုတွေ့လျှင်တွေ့ချင်း မည်သို့မျှ မဆုံးဖြတ်သင့်တာသိနေသော်ငြား၊ ကျွန်မတော့ အမှတ်ပေးစနစ်နှင့် ဆုံးဖြတ်နေလေ့ရှိပြန်သည်ပဲ။ စတွေ့တွေ့ချင်း လူတစ်ယောက်ကို ကျွန်မက သုညမှတ်မှ စတင်ပေးလိုက်သည်။ မျက်နှာထားချိုလျှင် တစ်မှတ်။ အပြောချိုလျှင် တစ်မှတ်။ မိမိအတွက် သူတစ်ပါးမှာ တာဝန်မပို့စေချင်သော စိတ်သဘောရှိလျှင် တစ်မှတ်။ ဆေးလိပ်မသောက်လျှင် တစ်မှတ်။ အရက်မသောက်လျှင် တစ်မှတ်။ လောင်းကစား မလုပ်တတ်လျှင် တစ်မှတ်။ လက်ဖက်ရည်၊ ကော်ဖီ



www.burmeseclassic.com

www.burmeseclassic.com



မစွဲလမ်းလျှင် တစ်မှတ် စသဖြင့် တစ်မှတ်စီ ထိုး၍ တိုး၍ ပေးလေ့ရှိပြန်သည်။

သို့သော် မည်သူမျှ အောင်မှတ်သို့ ရောက်မလာကြဘဲ အမှတ် နှစ်ဆယ့်လောက်ရောက်လျှင် ရပ်ကုန်ကြတော့သည်သာ။ အောင်မှတ်ကျော်ပြီး ဂုဏ်ထူးမှတ်လောက် ရောက်ကြသည့် ပုဂ္ဂိုလ်များမှာ ဘာသာရေး၊ သာသနာရေး နယ်ပယ်မှ ပုဂ္ဂိုလ်များသာ ဖြစ်နိုင်တော့မည်။

ထိုသို့ သံသယတွေ အတ္တတွေကြီး၍လားမသိ၊ လုပ်ငန်းခွင်မှာတော့ အားနာမှုမရှိ၊ တိတိကျကျ၊ ပြတ်ပြတ်သားသား လုပ်ဆောင်တတ်ကာ ကျွန်မအောင်မြင်မှုတွေ ရှိခဲ့ပါသည်။

အထက်မြန်မာပြည် မန်နေဂျာက ကျွန်မကို ခေါ်ပြီး ရန်ကုန်ရုံးချုပ်မှ ပုဂ္ဂိုလ်များလာလျှင် ဘုတာသွားကြိုဖို့နှင့် နယ်ကလာမည့်ပုဂ္ဂိုလ်များနှင့် တွေ့ဆုံပေးလိုက်ဖို့ ကျွန်မကို တာဝန်ပေးသည်။ လိုအပ်ပါကလည်း ထိုနယ်သို့ ကျွန်မနှင့်အဖော်တစ်ဦး လိုက်သွားဖို့ပါ မှာသည်။သူကလည်း ခရီးထွက်စရာရှိနေသဖြင့် ကျွန်မဘာသာ စီစဉ်ဆောင်ရွက်ပေးဖို့ပြောသည်။ လာမည့်သူသုံးဦးအနက် ဆရာဦးအောင်မြတ်ကျော်ကို ကျွန်မရင်းရင်းနှီးနှီး သိကျွမ်းသည်ပဲ။ သူက အထက်မြန်မာပြည် မန်နေဂျာ အဖြစ် တာဝန်ထမ်းဆောင်ရင်း ကျွန်မတို့နှင့် လုပ်ငန်းအတူ လုပ်ခဲ့ဖူးသူ





ဲ။ အရက်ကြိုက်တတ်၊ သောက်တတ်သူဖြစ်သော်လည်း လုပ်ငန်းခွင်၌ တော်ကာ စိတ်ထားကောင်းမွန်သည့် ဆရာသမားတစ်ဦး အဖြစ် ကျွန်မလက်ခံခဲ့သည်လေ။ ကျန်နှစ်ဦးကိုတော့ ကျွန်မမသိ။

ဘာဖြစ်ဖြစ် လုပ်ငန်းတာဝန်တစ်ခုမှ ကျွန်မမှာငြင်းဆန်ခွင့်မရှိခဲ့ပါ။ သို့သော်လည်း ကျွန်မက ကျွန်မအကျင့်အတိုင်း အရှုံးအမြတ်တော့ ကြည့်တွက်နေမိပြန်သေး၏။ ကျွန်မဘာမှ မမြတ်ဆောင်မှ ကျွန်မဘက်က ထူးထူးထွေထွေ ရှုံးရန်လည်း မရှိနိုင်ပါ။

အကယ်၍သာ ကျွန်မဘက်က အရှုံးများများပြမည့် အလုပ်ကိစ္စဖြစ်နေပါက ကျွန်မအရှုံးသက်သာသည့် နည်းတွေ စဉ်းစားလျှင် စဉ်းစားရဦးမည်လေ။

× × ×



www.burmeseclassic.com

www.burmeseclassic.com

(၂)

ဆရာဦးအောင်မြတ်ကျော်က ကျွန်မနှင့် သူ့မိတ်ဆွေနှစ်ဦးကို မိတ်ဆက်ပေးသော်ငြား စိတ်ဝင်တစား အမှတ်ထားမိခြင်းမရှိဘဲ သူတို့ကို ပြုံးရင်းသာ ကြည့်နေလိုက်မိသည်။

ထိုအကြည့်ကို သူတို့က ခင်မင်နှစ်သက်လိုဖွယ်ရာကောင်းသော အပြုံးဟု ထင်ကောင်းထင်ကြပေမည်။ ကျွန်မကတော့ ကျောင်းအုပ်ဆရာမကြီးက မူလတန်းကျောင်းသားကလေးများကို ပြုံးပြသော အပြုံးမျိုးထက် ပို၍မလေးနက်မှန်း ဘာသာသိနေခဲ့သည်ပဲ။

ကျွန်မထက် ရာထူးများစွာကြီးသော သူတို့ကလည်း ကျွန်မကဲ့သို့ သာမန်မိန်းကလေးတစ်ယောက်ကို ဘာမှအလေး



www.burmeseclassic.com

www.burmeseclassic.com



အနက်ထားမည့်ပုံ မပေါ်။ ဒါကလည်း သူတို့ မျက်နှာများပေါ် ထင်ထင်ရှားရှားတွေ့နေနိုင်သည်ပဲ။

သိပ်ကောင်းတဲ့ လက္ခဏာတစ်ရပ်ပါပဲဟု ကျွန်မက တွေးသည်။ ကျွန်မသည် သူတို့၏ စံနှုန်းထဲသို့ မဝင်နိုင်။ သူ ကလည်း ကျွန်မ၏ စံနှုန်းထဲသို့ ဝင်နိုင်မည်မဟုတ်။

သည့်အတွက် ကျွန်မတို့သည် ကြာလေလေ ဝေးလေလေ ဖြစ်ကြရမည်သာ။ ထိုသို့ ဝေးကွာလာလျှင် ရောနှောသွားနိုင်ခြင်း မရှိတော့သည့်အတွက် ဘာပြဿနာမှ မရှိနိုင်တော့။ ကျွန်မ တွ နည်းအရ ဘာအရှုံးမှလည်း ပေါ်စရာ မရှိနိုင်တော့။

ထိုသို့ တွက်ချက်မိရင်း ကျွန်မသူတို့နှင့်အတူ ခရီးထွ လိုက်ပါရမည်ဆိုတော့ ကျွန်မစိတ် စနောင့်စနင်း မဖြစ်ခဲ့မိတ အမှန်။

× × ×



(၃)

လမ်းမှာပင် ကျွန်မသူတို့ကို အတော်အသင့် အကဲခတ် နိုင်ခဲ့ပြန်သည်ပဲ။

အထူးသဖြင့် ကိုတက်နေဝန်းဆိုသူကို ကျွန်မပို၍ သတိ ားဖြစ်ခဲ့သည်။ ဒါကလည်း သူ၏ စူးရှတောက်ပသော မျက်ဝန်း နက်တွေကြောင့် ဖြစ်နိုင်မည်လားမသိ။ သူမှာ ကျွန်မကဲ့သို့ စ်ယုံသန့်မှုများ၊ အစွန်းရောက်မှုများ၊ တင်းမာဖြတ်သားမှုများ နေနိုင်မည် ကျွန်မထင်၏။ ကျွန်မအတ္တကြီးသလောက် သူလည်း ကြီးနိုင်သည်။ ကျွန်မစိတ်မာသလောက် သူလည်းမာနိုင်သည်လေ။

ထိုကဲ့သို့ မကောင်းသည့် အရာများ၌တူနေနိုင်သော်ငြား ကောင်းသည့်အရာများမှာတော့ ကျွန်မက သူထက်သာနေနိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်ပဲ စွေးမိပြန်သည်။

သူသည် လမ်းတစ်လျှောက်လုံး ဆေးလိပ်ကို သောက်သည်။ ကားရပ်ပြီး ဘီယာသောက်သည်။ သူတို့စကားတွေထဲမှာ ဂဏန်း တွေနှင့် လောင်းကစားတာတွေ ပါလာတတ်သည်။

ဆေးလိပ်၊ အရက်၊ လက်ဖက်ရည်တို့သည် ယောကျ်ား လေးတစ်ယောက်အတွက် ထူးဆန်းသော တိစ္ဆာများမဟုတ်ဟု အများက ထင်ချင်ထင်ပါသည်။ ကျွန်မကတော့ ကျွန်မစိတ်တွင် ထည့်သွင်းထားသည်မို့ ကျွန်မအတွက်တော့ ထူးခြားသော ကိစ္စ များပင်။

သည်တော့ သူသည် ကျွန်မ စိတ်ဝင်စားနိုင်သည့် စံနှုန်း ပြဒါးတစ်လမ်း၊ သံတစ်လမ်းပင်ဖြစ်သည်။

သူ့ဘက်ကရော . . . သူ့ရုပ်သူ့ရည်၊ သူ့ရာထူး အဆင့် အတန်း၊ သူ့ဥစ္စာ စည်းစိမ်နှင့်ဆိုပါလျှင် သူ့အနီးအနားတွင် ဝိုင်း ဝိုင်းလည်နေနိုင်သည့် ကောင်မလေးချောချောတွေ ဒုနှင့် ဒေးရှိမည်။ သူ့စံနှင့် သူ့အမြင်မှာ ကျွန်မသည် ဘယ်လိုမှ ဝင်လာ နိုင်သည့် မိန်းကလေးမျိုးမဟုတ်။

သည်သို့တွက်ချက်ကြည့်နေမိရင်း၊ ကျွန်မသူ့ကို ယုံယုံ ကြည်ကြည်၊ ရင်းရင်းနှီးနှီး စကားပြောဖြစ်သွားသည်။

သူနှင့် ရင်းရင်းနှီးနှီး နေမိသည့်အတွက် ကျွန်မက သော်





ည်းကောင်း၊ သူကသော်လည်းကောင်း ပျော်ဝင်စီးနစ်သွားမည် ဟုတ်ဟုလည်း ရဲရဲယုံခဲ့သည်။

ကျောက်တုံးနှစ်ခုကို ရောနှောကျိုချက်၍ မရသလိုသာ ဖြစ်မည်။

တစ်ခုတော့ ရှိသည်။

ကျွန်မ၏ အမှတ်ပေးစည်းစနစ်အရ သူ့ကို ကျွန်မက ပေးမဖြစ် ပေးရမည့် အမှတ်တစ်မှတ်တော့ ရှိနေသည်။ ထို အမှတ်ကတော့ သူ၏ စူးရှထက်မြက်မှုနှင့် သွက်လက်ဖျတ်လတ် ခြင်း။

သူသာကျွန်မကဲ့သို့ အမှတ်ပေးစနစ်ကို ကျင့်သုံးမည် ဆိုပါက ကျွန်မကတော့ သူ့ထံမှ တစ်မှတ်မှ ရနိုင်မည့် ပုံမပေါ်ပါ။

ထို့ကြောင့်ပင် ကျွန်မနှင့် သူတို့၏ တွေ့ဆုံမှုသည် အသိ မိတ်ဆွေ တစ်ဦး အဆင့်ထက် ဘယ်လိုမှ ပိုနိုင်မည်ဟု ကျွန်မ ထင်ခဲ့။

× × ×



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

(၄)

BURMESE CLASSIC .com

သည်လိုနှင့် သူတို့နှင့် အတူသွားဖြစ်ခဲ့သော ခရီးဆုံးသွား သည်။ တည်းခိုခန်းမှာ ကျွန်မတို့ကို မတည်းစေဖို့ သူပြောတော့ ဆမဒေါသ ထောင်းခနဲ ဖြစ်ခဲ့ရသေးသည်။ နောက်တော့ သူ တနာကို နားလည်သွားရင်း ကျွန်မတို့အတွက် သူစဉ်းစား းတာပါလား အသိအမှတ်ပြုမိပြန်၏။ ကျွန်မကလည်း ကျွန်မ ၏ ဆရာဦးအောင်မြတ်ကျော်ကို အရက်မသောက်ဖို့တား လိုက် သည်ပဲ။ ကျွန်မရင်ထဲမှာရှိနေသည့်အစွဲ၊ ဆရာဦးအောင်မြတ် ကျော်နှင့် ရင်းနှီးခင်မင်ခဲ့မှုတို့ကြောင့် ကျွန်မတားလိုက်မိသည်ပင်။ သူက ကျွန်မကိုရွဲ့ပြီး အရက်မှာသောက်တော့ ကျွန်မသူ့ကို တော်လေး အထင်သေးသွားခဲ့သည်။ မိန်းမတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တားတိုင်း လိုက်နာတဲ့ ယောကျ်ားထဲမှာ ငါမပါဘူးဆိုသည့် သူ့အတွက် ကို မြချင်တာလားဟုလည်း စဉ်းစားမိသေး၏။

မြန်မည့်ညမှာ ဘာကြောင့် ကျွန်မအရက်ကို မုန်းတီး တာ သူ့ကို ပြောပြဖြစ်သေးခဲ့သည်ပဲ။ သူ့ကို သည်အကြောင်းပြော ဖြစ်ခဲ့ရတာ။ ကျွန်မဘာသာလည်း နားမလည်ချင်ပြန်။

သည်လိုနှင့် ကျွန်မတို့ပြန်လာတော့ သူတို့အတွက် ရထားလက်မှတ်စီစဉ်ပေးရင်း ကျွန်မ၏ လုပ်ငန်းတွင်းမှာ အချိန် တွေ တုန်ရင်း သူ့ကို ကျွန်မ မေ့လျော့သွားတော့သည်။

ဘူတာ ဆင်းတော့ သူတို့ကို ရထားလက်မှတ်ပေးရင်း လိုက်ပို့ပေးရန် ကျွန်မမှာ တာဝန်ရှိနေပြန်သည်။ လုပ်ငန်းခွင်ထဲ မှ တာဝန်တစ်ခုအဖြစ်ယူဆကာ ကျွန်မပေါ့ပေါ့ပါးပါး ဆောင်ရွက် ခဲ့၏။ ဘူတာမှာတော့ ကျွန်မက ရင်းနှီးပြီးသားဖြစ်သည့် ဆရာ ဦးအောင်မြတ်ကျော်ကို ကျွန်မ၏ ပါ့စ်ပို့ ကိစ္စအကူအညီ တောင်း ဖြစ်သည်။ ဒါကလည်း သိပ်တော့အရေးတကြီး မဟုတ်။ အခြေ အနေကြည့်ပြီး ကျွန်မရန်ကုန်ဆင်းဖို့ ချိန်ဆနိုင်ရန်သာဖြစ်သည်။ ဆရာဦးအောင်မြတ်ကျော်က သည်ကိစ္စသူ့ကိုလွှဲပေးလိုက်တော့ သူကလိုလိုချင်ချင် ကူညီမည့်လက္ခဏာပြခဲ့သည်ပဲ။

ခွဲခွါသွားကြပြီးသည့်နောက် အရာရာမှုန်ဝါးကာ မေ့ပျောက်သွားကြမည်ဟု ကျွန်မထင်ခဲ့သည်။ ရန်ကုန်ရောက်လျှင်





တောင်မှ ကျွန်မသူ့ကို သွားရောက်နှုတ်ဆက်တာမျိုး ဖုန်းဆက် အသိပေးတာမျိုး ရှိနိုင်မည် မထင်ခဲ့။

သူကလည်း သူ့ဘေးမှာ ဝိုင်းစိုင်းလည်နေသည့် ကောင် လေးများ (ဒါကလည်း လမ်းခရီးမှာ သူတို့စကားတွေအရ ကျွန်မ သိခဲ့ရခြင်းပင်) သူ၏ လုပ်ငန်းတာဝန်များနှင့် ကျွန်မကိုမေ့လျော့ သွားမည်ပင်။ နောက်ထပ် နှစ်တွေကြာလို့ ပြန်တွေ့ကြလျှင်တောင် ကျွန်မတို့ မှတ်မိနိုင်ဖို့က အတော်ကြိုးစားကြရမည်ဟု တွေးမိသေး ၏။

ကျွန်မတောင်းသည့် အကူအညီကို သူက လိုလိုလားလား ကူညီချင်ဟန်ပြတော့ ကျွန်မကသူ့ကို တစ်မှတ်တိုးပေးလိုက်မိတာ။ အရင်က ကျွန်မတွေးထားသလို ဇာတ်လမ်းတစ်ခု ပြတ်မသွားဖို့ ဆမ်းခင်းလိုက်သလို ဖြစ်သွားလေသလားမသိ။

လူဆိုတာကလည်း အခက်သား။ ကိုယ့်အပေါ် ကောင်း သည့် လူဆိုလျှင် စေတနာကပိုချင်လာသလို။

ကျွန်မဘယ်လိုမှ မျှော်လင့်မထားပါဘဲ သူ ကျွန်မဆီ ဖုန်းဆက်ကာ ကျွန်မကိစ္စကို အရေးတယူ ပြောနေပြီဆိုတော့ ကျွန်မကျေနပ်မိပြန်သည်။ ဝတ်ကျေတမ်းကျေ ကူညီဖို့ ပြောသွား တာနေမှာဟု ကျွန်မတွေးရင်း သည်ကိစ္စကို ခေါင်းထဲ ထုတ်ထားခဲ့သည်ပဲ။ အလေးအနက်ထားကာ ကျွန်မကိုဖုန်းဆက်



www.burmeseclassic.com

www.burmeseclassic.com



ပြောကြား လာပြီဆိုတော့ ကျွန်မသူ့ကို ပိုပြီး ခင်မင်လာသလို ဒါကြောင့်ပဲလားမသိ။ သူနှင့် ကျွန်မဖုန်းပြောတာ နာရီဝက် လောက်ကြာသွားခဲ့သည်။

သူက ရွှေဟောင်းနှောင်းဖြစ်ပမာ။ ကျွန်မတို့ ခရီးကို ပြန်ပြောနေလိုက်တာများ။ ရယ်စရာတွေလဲပါရဲ့။ ဟိုးအရင်က သူနှင့်ကျွန်မ ခင်မင်ရင်းနှီးခဲ့သည့် သူတွေအကြောင်းပါပဲလေ။

အင်းပြောပါစေလေ။ သူ့မှာ သူ့လုပ်ငန်း၊ သူ့လူမှုရေးတွေ နဲ့ မွန်းကျပ်နေလို့ စိတ်ပြေလက်ပျောက်ပြောနေတာ ဖြစ်မှာပေါ့ လေဟု ကျွန်မသူ့ကို ငဲ့ပြီး တွေးတတ်လာ၏။

ကိုယ့်ကိစ္စကို ကူညီပြီး ကိုယ့်ဆီကို တကူးတက ဖုန်းဆက် ပေးတဲ့သူပဲ။ ပြီးတော့ ကိုယ့်ကုမ္ပဏီကိုယ့်လုပ်ငန်းထဲက ကိုယ့်ထက် ရာထူးကြီးတဲ့သူပဲ ဆိုတဲ့ အသိနဲ့ ကျွန်မလည်း လွတ်လွတ်လပ်လပ် သူနှင့် စကားလက်ဆုံကျခဲ့မိသည်။

တကယ့်ကို လွတ်လွတ်လပ်လပ်ဟု ကျွန်မထင်သည်။

သူက ကိုယ့်ဆီကဘာမှ မျှော်လင့်စရာမရှိ။ သန့်သန့်ရှင်း ရှင်းနှင့် ကိုယ့်ကို ကူညီသူပဲ။ သန့်သန့်ရှင်းရှင်း မဟုတ်ဟု ကျွန်မ ထင်ခဲ့လျှင်တော့ အရှုံးအမြတ်ကို ကျွန်မတွက်နေမိဦးမည်လေ။ အခုတော့ စိတ်ထဲမှာ အပူအပင်၊ အနှောင်အဖွဲ့မရှိဘဲ။ ပြီးတော့ တစ်ယောက်ကိုတစ်ယောက် မမြင်ရဘဲ။ မေ့ပါးစွာ စကားလက်ဆုံ





ကျနေမိခြင်းပင်။

အံ့သြစရာကောင်းသည်မှာ သူသည် နားထောင်သူ မငြီး ငွေ့အောင်၊ စကားပြောကောင်းသူပင်။ ကျွန်မဖုန်းချဖို့ စကားဖြတ် မည် စဉ်းစားရင်းပင် သူပြောသည့် စကားတွေမှာ မျောပါသွားရ ပြန်၏။

ဒုတိယအကြိမ်ဖုန်းဆက်ပြောတော့ တစ်နာရီနီးပါး ကြာသွားသည်ကို သိရင်း ကျွန်မဘာကြောင့် သူနှင့် ဒီလောက် အချိန်တွေဖြုန်းမိတာလဲ နားမလည်ချင်တော့။ သူ့စကားတွေက သူနှင့် ကျွန်မအလွန် ရင်းနှီးကျွမ်းဝင်နေသကဲ့သို့ ကျွန်မကို ထင် သွားစေသည်မှာတော့ အမှန်ပင်။ ထစ်ခါတစ်ခါ ကျွန်မကပင် သူ့ကို ငယ်ပေါင်းတစ်ဦးနှယ် ရင်းနှီးစွာစကားဆို ဖြစ်သွားတာ လည်း အံ့သြချင်စရာ။

ကျွန်မစိတ်ဝင်စားခဲ့ရသည့် အရာတစ်ခုမှာ သူခရီးမှ ပြန်ရောက်ကတည်းက အရက်မသောက်မိသေးပါဘူးဟု ပြောသည့် စကားပင်။ ပထမ ကျွန်မကို ညာသလားတွေး၏။ သူ ညာလို့ရတာပဲ စဉ်းစား၏။ ကျွန်မရှေ့မှာပင် သူက အရက် သောက်ပြခဲ့သေးတဲ့သူပဲ။ ကျွန်မကို သူဘာညာနေစရာရှိလဲဟု ကျွန်မ သံသယကို ကျွန်မပြန်ချေမိနေပြန်သည်။

ဘာဖြစ်ဖြစ် သူအရက်မသောက်ဖြစ်ဆိုတာကို ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



သဘောကျသွားသည်မှာတော့ အမှန်ပင်။ အတန်းထဲတွင် အညံ့ဆုံး ကျောင်းသားလေးရဲ့ ပညာရည်မှတ်တမ်း တိုးတက်လ ပုံကိုကြည့်၍ ပီတိဖြစ်နေသော ဆရာမတစ်ဦးနှယ် ကျွန်မခံ လိုက်ရပြန်သည်။

တတိယအကြိမ်မြောက် ဖုန်းပြောဖြစ်သည်ကတော့ ကျွန်မ၏ ပယောဂဟု ဆိုရပေမည်။ သူ့ဆီကို ဖုန်းဆက်ဖေ လောက်အောင် ကျွန်မကိစ္စကအရေးမကြီးလှ။ ထိုညက ဖုန်း သည့် သူငယ်ချင်းအိမ်မှာ ဆွမ်းကျွေးရှိ၍ ကျွန်မ အိပ်ဖြစ်ခဲ့သည် ဖုန်းကို တွေ့တော့ ကျွန်မသူ့ဆီ ဖုန်းဆက်ဖို့ ကျွန်မ သတိရသည် သူအရက်သောက်ဖြစ်၊ မသောက်ဖြစ် ကျွန်မသိချင်နေတာ သ ကြောင့်ရယ်မသိ။ လူတစ်ယောက် အရက်ကို လုံးဝမသောက်တေ ဘူး၊ အရက်ပြတ်သွားပြီဆိုသည့် စကားသည် ကျွန်မအလွန်ကြ ချင်သည့် စကားဆိုတာ ကျွန်မဘာသာအသိဆုံး။ သည့်အတွ ကျွန်မသူနှင့် ပတ်သက်၍ စိတ်ဝင်တစားရှိခြင်း ဖြစ်မှာဟု ဘာသ တွေးမိသေးသည်။

သူအရက်သောက်ခြင်း၊ မသောက်ခြင်းအပေါ်မှာသ စိတ်ဝင်စားခြင်းဖြစ်၍ သူ့ကို စိတ်ဝင်စားခြင်း မဖြစ်နိုင်ဟု ဘာသ ဆင်ခြေပေးခဲ့မိဖြစ်၏။ သူသည် ကျွန်မစိတ်ဝင်စားနိုင်ရန် ပါဝ ယှဉ်ပြိုင်ခွင့်ပင်ရနိုင်သူ မဟုတ်ဟု ကျွန်မက သိနေသည်ပဲ။





ကျွန်မဖုန်းဆက်လိုက်တော့၊ အံ့သြစွာ တိုက်ဆိုင်နေတာ က သူ့ညစာစားပွဲတစ်ခုက ပြန်လာတာဖြစ်နေသည်။ တစ်ယောက် တည်း အရက်မသောက်ဖြစ်တာ သိပ်မထူးဆန်းသော်ငြား အခုလို အပေါင်းအသင်းဆုံသည့် ညစာစားပွဲမျိုးမှာ မသောက်ဖြစ်တာက တော့၊ အရက်ကြိုက်သူ၊ သောက်ချင်သူအတွက် မိုး၍ ခက်ခဲမည် ကျွန်မသိသည်။ သူက အားရဝမ်းသာ သည်ညပွဲမှာ သူအရက် မသောက်ခဲ့ပါဟု ပြောသည်။

အရက်မသောက်ဖြစ်ခဲ့တဲ့ အကြောင်းကိုလည်း မနက်ဖြန် ကျွန်မထံဖုန်းဆက်ပြောမည် စဉ်းစားနေတုန်း ကျွန်မ့ဖုန်းဝင်လာ တာပါတဲ့။

သူက သည်အကြောင်း ကျွန်မကို ဘာကြောင့် ပြောချင်ရ တာတဲ့လဲ။ ကျွန်မကမကြိုက်ဘူးဆိုတာသိလို့ သူက အရက် မသောက်တာတဲ့လား။ ဘယ်လိုမှ မဖြစ်နိုင်တာ။ သူက အလွန် ခေါင်းမာပြီး ကျွန်မလိုမဲ့ အတ္တကြီးသည့်သူ။ သူလုပ်ချင်ရာ လုပ်မည့်သူပဲ။ ကျွန်မကို သူ ဘာထည့်တွက်စရာရှိနေလို့လဲ။

စဉ်းစားရင်း ကျွန်မချာချာလည်နေသည်။ ဘယ်လို ဖြစ်ဖြစ် အရက်မသောက်စေချင်သည့် ကျွန်မကို အရက်မသောက် ဖြစ်ကြောင်းပြောရင်း သတင်းကောင်းကြားစေချင်သည့် မိတ်ဆွေ တစ်ဦးရဲ့ ဆန္ဒမျိုးဖြစ်မည်ဟု ကျွန်မမှတ်ချက်ချနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ခွင့်ဆယ်ရက်လောက်တင်ထားပြီး ကျွ
မေမေ ရှိနေသည့် မြို့ကိုပြန်မည့်အကြောင်း ပြောဖြစ်သည်။

အဲသည်မြို့ကို သူလိုက်လာချင်တယ်၊ ခွင့်ယူပြီးကျွန်မ
လာတွေ့ချင်တယ် ပြောတော့ ပထမ ကျွန်မမယုံ။ သူနောက်
တာပဲ ထင်သည်။ သူအလေးအနက် ပြောနေပါလားသိတေ
ကျွန်မ အံ့သြရပြန်၏။ သည်လူစိတ်မှမှန်သေးရဲ့လား စဉ်းစာ
ပြန်၏။

လာမည့်ရက် အတိအကျကို နောက်နေ့မှာ သူဖုန်းပြ
ဆက်မည် ပြောသော်ငြား၊ ကျွန်မက သူ့စကားကို သိပ်အလေ
အနက် မထားမိသည်မှာ အမှန်ပင်။

× × ×



(၅)

သူ ကျွန်မမြို့လေးကို ရောက်လာပါလျှင် သူတကယ်
အရက် ပြတ်၊ မပြတ်သိနိုင်တာပါပဲဆိုသည့် စကားက စဉ်းစားစ
ရာ ဖြစ်လာပါသည်။

သူရောက်လာတယ်ပဲထား။သူအရက်သောက်၊မသောက်
ကျွန်မဘယ်လိုသိနိုင်ပါ့မလဲ။ သူ့ကို ကျွန်မက ခဏခဏ အချိန်ပေး
တွေ့နေနိုင်မှာတဲ့လား။

ကျွန်မက အိမ်ရှင်ဖြစ်ပြီမို့ ကျွန်မ သူ့အပေါ် ညှိဝတ်
ကျေဖို့တော့ လိုမည်။ သည်လို သူနှင့် တရင်းတနှီးတွေ့နေပါလျှင်
ကျွန်မစိတ် အခြေအနေ ပြောင်းလဲသွားစရာ ရှိနိုင်မှာလား။
ကိုယ့်ကိစ္စအတွက် ကျွန်မ မပူမိပြန်။ သူသည် ကျွန်မစိတ်ကို ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ်"ဆိုတာ စိတ်ဆိုးဖွယ်ရာ စကားမဟုတ်ဟု တွေးတွေးသည်။ ပြောထွက်လွယ်သည်ကိုသာ အထင်သေးလို့ လား စိတ်ခုချင်ပြန်၏။ လွယ်လွယ်ပြော၍ လွယ်လွယ်ခံစား သူ တစ်ယောက်လေလား စဉ်းစားစရာဖြစ်လာသည်။

ချစ်ပေါ့ . . . ချစ်နေပေါ့ . . . ဒါကျွန်မကို ထိခိုက် ကိစ္စမှ မဟုတ်ဘဲဟု အတွေးကို ဖြတ်သည်။ ကျွန်မ သူ့အ ဘာခံစားမှုမှ မရှိနေသရွေ့ သူ့စကားသည် အလိုလိုပျောက် သွားမည်ပဲ။

အောင့်သီးအောင့်သက်တော့ အတော်နိုင်သည့် ဖြစ်နေပြန်သည်။ စိတ်တိုသလိုလို၊ ရယ်ချင်သလိုလို ခံစားမှု ရောထွေးကာ ရင်မှာနွေးစေ၊ အေးစေပြန်၏။

သူလာမည်ပြောသည့် ရက်ကို ကျွန်မကြိုတွက်သ ကျွန်မက မနက်ဖြန်ဆို မြို့ကလေးကိုပြန်မည်။ ကျွန်မရော နှစ်ရက်အကြာမှာ သူရောက်လာမည်။

ဘယ်လိုပင်ဖြစ်စေ၊ ကျွန်မစကားအတိုင်း သူ့ကို ကားဂိတ်မှာ သွားကြိုရပေမည်။

"ခင်မိုးခိုင် ရောက်မလာမချင်း ကိုယ်ကားဂိတ် စောင့်နေမှာ ကိုယ်ဘယ်မှ သွားတတ်မှာမဟုတ် သူ့စကားကို ပြန်ကြားနေ၏။ ဟုတ်တာမဟုတ်တာ





ထား သူ့စကားတွေကို ကျွန်မမယုံမိဖို့ အရေးကြီးသည်ဟု ဘာသာ သတိပေးနေမိပြန်၏။

သူသည်မြို့ကလေးက ပြန်သွားလျှင်တော့ သူနှင့် ကျွန်မ၏ဆက်သွယ်မှုကို ကျွန်မကပဲ စတင်ဖြတ်တောက်ရတော့မည်ဟုလည်း ဆုံးဖြတ်သည်။

ကျွန်မစိတ်ဆိုးသွားပြီအထင်နှင့် သူ့ခရီးစဉ်ကို ဖျက်ပြီး မလာဖြစ်ပါက ဘယ်လောက်ကောင်းမလဲဟုလည်း ကျွန်မတွေးခဲ့မိသေးသည်ပဲ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



လား၊ ဘာလား၊ ညာလား၊ လောကဝတ်မရှိ။ တုံးတုံးတိတိနှ ကိစ္စတ်စပြီးပြောသည်။ သူကြည့်ရသည်မှာ သည်မလာခင် ရက် နှစ်ရက်ကမှ ကျွန်မကို ချစ်ခွင့်ပန်ထားပါလားဟု မေ့နေ အလား။ အရာရာ အသားတကျ ရှိနေသလိုပင်။ ခရီးသွား သူအိမ်သူရာပြန်ရောက်လာပြီး သူ့ဇနီးကို ပြောလိုက်သည်သို့

ရှင့်ဘာသာသွားစားပေါ့ဟု ကျွန်မပြောလိုက်လျှင် နောက်ဆုံးပြီးဆုံးသွားနိုင်သည်ပဲ။ သူလည်းအကျိုးမရှိ၊ ကိုယ် အကျိုးမရှိ ဇာတ်သိမ်းမျိုးတော့ ကျွန်မ မလိုလားပြန်။ သူ ပတ်သက်၍ နည်းနည်းတော့ သည်းခံရမည်ဟု ဘာသာသတိ နေမိ၏။ ကျွန်မ၏ စိတ်အခြေအနေတွေ တစ်ခုသော အတ အတာအထိ မပွန်းပဲ့ရလေအောင်လည်း ဘာသာ သတိထား မည်။

"ထမင်းစားမှာလား"

"ဟင့်အင်း . . . လက်ဖက်ရည်လောက်ဆိုရင်ရပြီ"

သူမှာက လက်ဖက်ရည်သောက်တဲ့အကျင့်လည်း ရှိ ပြန်သေးသည်ပဲ။ ရှိစေ . . .။ကျွန်မက လူတစ်ယောက်ကို မ ပြောင်းလဲပေးနိုင်စွမ်းရှိနေသလဲဆိုတာကို စမ်းသပ်ခွင့် ရနေပြီ ဒါ ကျွန်မအတွက် အကျိုးအမြတ် တစ်ခုဟု တွက်ရပေမည်။

"ဟိုး အနားက ဆိုင်မှာပဲ ခဏစကားပြောရအောင်နေ





ကားဂိတ်လက်ဖက်ရည်ဆိုင်ကို မေးငေါ့ပြရင်း သူပြော သည်။ ကျွန်မက လိုက်လျှောသဘောတူကာ ခေါင်းညိတ်ပြသည်။ သူနှင့် ယှဉ်မလျှောက်ပါဘဲ သူ့နောက်မှ လိုက်ရင်း သူ့ရင်ထဲမှ သဘောထားနှင့် သူ့ခေါင်းထဲမှ အကြံဉာဏ်ဘာတွေရှိနိုင်သလဲဟု မှန်းဆနေမိပြန်၏။ သိပ်တော့ မလွယ်လှ။ သူကလည်း ခပ်နုံနုံ ခပ်အအ လူတစ်ယောက်မဟုတ်။ ကျွန်မရင်ထဲ ဘာတွေရှိနေနိုင် သည်ကို မတွေးဘဲ နေမည်မဟုတ်ပေ။ ဆိုင်ထဲဝင်ပြီး ကျွန်မတို့ ထိုင်လိုက်ကြသည်။ ကျွန်မက သူနှင့် မျက်နှာချင်းဆိုင်နေရာမှာ နေရာယူသည်။ ကျွန်မမျက်နှာကို သူငေးကြည့်နေတော့ ခဏ အကြည့်ဆုံပြီး ကျွန်မကပဲ အကြည့်ကိုလွှဲပေးလိုက်သည်။

"ကိုယ်လေ မင်းကို ခဏခဏ သတိရနေမိတယ်"

ခင်မိုးခိုင်လို့ သုံးစွဲနေရာမှ မင်းဆိုတဲ့ နာမ်စားကို သူသုံး လိုက်တာ သတိထားမိပြန်၏။

သူသတိရချင်ရပါစေပေါ့။ ဒါက ကျွန်မကိစ္စမှ မဟုတ် တာ။ သူ့စကားလုံးတွေကို ကျွန်မကဘာမှ အလေးအနက်ထားပြီး ခံစားပေးစရာမှ မလိုတာဘဲ။ သို့သော်လည်း ကျွန်မ၏ နှုတ်မှ အံ့ဩဟန်ပြသည့် စကားလုံးတချို့ကို ထမင်းထွက်ကျပေးလိုက် မိပြန်သည်။

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . မင်းနေရာ ကိုယ့်ကို သတိမရဘူးလား"

"ဘယ်လိုထင်လို့လဲ"

ကျွန်မက သူ့ကို မျက်လွှာပင့်ကြည့်ရင်း မေးကာ မျက်လွှာကို ရုတ်ခြည်းပြန်ချလိုက်၏။

"ကိုယ့်လိုပဲလို့ ထင်တယ်"

"ရှင်ထင်ချင်သလို ထင်လေ . . . ရပါတယ်"

ကျွန်မစကားကြောင့် သူပြုံးသွားတာမြင်သည်။ သူ့မျက်လုံးများက တစ်စုံတစ်ရာကို ပိုင်ပိုင်နိုင်နိုင် သိထားသလို အရောင်များဖြင့် ကြည်လင်နေခဲ့ပြန်သည်ပဲ။

သူကျေနပ်သွားတာနေမှာ၊ ကျေနပ်သွားစမ်းပါစေ။ သူကိုယ်သူ ဘယ်လောက်ကြာကြာ ကျေနပ်နေနိုင်မလဲဆိုတာ စောင့်ကြည့်ခွင့် သူ့မှာ ရှိနေတာပဲ။

"တည်းဖို့ အိမ်စီစဉ်ထားလား"

ကျွန်မခေါင်းညိတ်ပြလိုက်၏။

"မင်းလိုက်ပို့မှာပေါ့"

"အဲဒီအိမ်က ကောင်လေးတစ်ယောက်လာခေါ်ပေးမှာ"

"ကိုယ်တို့ဒီမှာ ရှိတယ်ဆိုတာ သူဘယ်လိုသိမလဲ"

"ကျွန်မက ဖုန်းဆက်ခေါ်လိုက်ရုံပေါ့ . . . ဒီဆိုင်မှာ





ဖုန်းရှိနေသားပဲ"

ကောင်တာဆီကို သူလှမ်းကြည့်ပြီး ဖုန်းကိုတွေ့သွားပြီး ကျွန်မမျက်နှာဆီအကြည့်ပြန်ပို့၏။

"ကိုယ့်ကို တည်းခွင့်ပေးတာ . . . သူတို့အတွက်ရော အဆင်ပြေပါ့မလား"

"ပြေပါတယ်၊ လူတစ်ယောက်မှ မရှိဘဲ . . . သူတို့က အိမ်အဟောင်းမှာပဲနေကြတာ၊ ဒီအိမ်ကို မပြောင်းကြသေးဘူး . . . ကျွန်မက အကူအညီတောင်းလို့"

"ဒါဆိုရင်တော့ သိပ်ကောင်းတယ် . . . အိမ်ရှင်တွေနဲ့ ရောနှောနေရမှာဆို . . . တာဝန်ကြီးတတ်လွန်းလို့"

"အခုဟာကတော့ ဘာမှ အားနာစရာမရှိဘူး . . . ရှင်မရှိတုန်းကလဲ ဒီအတိုင်းပိတ်ထားရတာ"

သူ့ရှေ့မှ လက်ဖက်ရည်ပန်းကန်ကို ကောက်ယူပြီးတစ်ကျိုက်မော့သည်။ သူကြည့်ရသည်မှာ လက်ဖက်ရည်ကိုလည်း အတော်လေး ကြိုက်ပုံရသည်ပဲ။

"မင်းတော့ နေ့တိုင်းလာကြည့်သင့်တယ်၊ ကိုယ့် အခြေအနေကိုပေါ့"

လက်ဖက်ရည်ပန်းကန်ကို ပြန်ချရင်းပြောကာ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကိုကြည့်သည်။

"ရှင်က လူနာမှ မဟုတ်တာ"

ကျွန်မစကားကြောင့် သူပြုံးသည်။

"မင်းရဲ့ ဧည့်သည်လေ"

ဟု ခပ်ပြုံးပြုံးပြောလိုက်သည်မှာ ကျွန်မကို သတိပေးနေ သလို။

"ကျွန်မ မနက်ဖြန် လာကြည့်မှာပါ"

စကားသံတိတ်သွားပြီး ကျွန်မကိုကြည့်နေပြန်သည် ကျွန်မ အကြည့်လွှဲကာ နံရံပေါ်မှ ပြက္ခဒိန်ဆီ စူးစိုက်ထားသည်

"မလာဘဲတော့ မနေပါနဲ့ကွာ"

သူ့ထံမှ စကားသံ တိုးတိုးထွက်လာသည်။ အသံတိုးညှင်း သော်လည်း နားဝင်အောင် အသံအနိမ့်အမြင့်နှင့် အတော်ပြေ တတ်သူပဲ။ ကျွန်မကဘာမှ ပြန်မပြောဘဲ နေလိုက်၏။ ကျွန်မသူ ကတိမပေးလို့၊ ကတိပေးစရာလည်း လိုမည်ဟု မထင်။ သ အတွက် နောက်ထပ် ကျွန်မမှာ ဘာတာဝန်မှ မရှိ။ သူ့အရေး သောက်မသောက် အလစ်ဖမ်းပြီး ကျွန်မသွားကြည့်ဖို့သာ စိတ်ကူး သည်ပဲ။ သည်စိတ်ကူးကိုက ကျွန်မရူးနေတာလို့ ဘာသာတော နားလည်ပြန်သည်။

"ကိုယ် . . . မင်းကို အရမ်းတွေ့ချင်နေတာ၊ မင်းနေ





ကိုယ်ရော လုပ်ငန်းထဲမှာမဟုတ်ဘဲ . . . အခုလို ဆုံရ တာကို အရမ်းပျော်တယ်၊ ကိုယ်အရက် တကယ် မ သောက်ဘူးဆိုတာလဲ မင်းယုံသွားစေချင်တယ်၊ ဘာလို့ မင်းကို ယုံစေချင်တယ်ဆိုတာ ကိုယ့်ဟာကိုယ်လဲ နားမ လည်နိုင်ဘူး"

"ကျွန်မဘာကိုမှ လွယ်လွယ်နဲ့ မယုံတတ်ဘူး . . . အထူး သဖြင့် အရက်သမားတွေ အရက်ပြတ်သွားတယ်ဆိုမျိုး ပေါ့၊ ဖေဖေကတော့ ကျွန်မငယ်လို့ မမှတ်မိဘူး၊ ကျွန်မအစ်ကို အရက်သမားရဲ့ဒဏ်ကို ကျွန်မလဲ ခံခဲ့ဖူး တာပဲ"

"ကိုယ်က အရက်သမားမှ မဟုတ်တာ . . . အရက်ကို မကြိုက်ဘူး၊ မသောက်မနေနိုင် မဟုတ်ဘူး . . . ဒါတော့ မင်းယုံစေချင်တယ်"

"မသောက်ဘဲ မနေနိုင် မဟုတ်ရင် မသောက်နဲ့ပေါ့"

"ဒါကြောင့် အခုမသောက်တာပေါ့ . . . အခု ကိုယ် မ သောက်ဘူးဆိုတာ မင်းကိုလက်တွေ့လာပြတာ၊ သောက် ချင်တဲ့သူက တစ်ရက်မှ အပြတ်မခံဘူး"

"ကျွန်မကို ဘာမှ စိတ်အနှောင့်အယှက် မပေးဘူးဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရှင့်ဆီလာပြီး စကားပြောမှာပါ . . . ရှင်း
တကယ်တော့ စကားပြော ကောင်းတယ်”
သူပြုံးလိုက်၏။
“ကိုယ် ကတိပေးပါတယ်၊ မင်းကို ဘာမှ စိတ် အနှော
အယှက် မဖြစ်စေရပါဘူး၊ မင်းကိုလဲ ပြန်သတိပေး
မယ်၊ ကိုယ်က မင်းရဲ့ဧည့်သည်နော်”
ပြောပြီး ကျွန်သည့်လက်ဖက်ရည်ကို သောက်လိုက်
၏။
“ရှင့်အတွက် ကျွန်မမှာတာဝန်အားလုံးရှိတယ် ဆိုလို
လား”
လက်ဖက်ရည်ပန်းကန်ကို ပြန်ချရင်း ကျွန်မကိုကြ
သည်။
“ဒီလိုပြောတာ မဟုတ်ပါဘူး . . . မင်းကိုယ့်ကို ပစ်ထ
မှာကြောက်လို့ပြောတာ၊ ဒီကိုလာတဲ့ လမ်းတစ်လျှော
လုံး ကိုယ်အရမ်းစိတ်လှုပ်ရှားနေတာ၊ ရှင်းရှင်းပြောရ
စိုးရိမ်နေခဲ့တာ၊ တကယ်ဆိုဘာမှ စိတ်လှုပ်ရှားစ
မရှိဘူးလေ၊ ကိုယ်မရောက်ဖူးတဲ့ မြို့ဖြစ်ပေမယ့် ဘာ
ဆန်းလို့လဲ၊ နိုင်ငံခြားမှာတောင် ဒီလိုပဲ ကိုယ်လျှော





သွားရဲသေးတာ၊ စိုးရိမ်တာ . . . စိတ်လှုပ်ရှားမိတာက
အခုက . . . မင်း ကြောင့်ပဲမေ”
“ကျွန်မကြောင့်”
“အင်းပေါ့ . . . နံပါတ်တစ် မင်းကိုယ့်ကို စိတ်ဆိုးသွား
ပြီး၊ လာမကြိုတော့ဘူးဆိုတာ ဖြစ်နိုင်တယ်၊ နံပါတ်နှစ်
က မအားလို့ လာမတွေ့နိုင်တာ ဖြစ်နိုင်တယ် နံပါတ်သုံး
လာတွေ့ရင်လဲသူစိမ်းတစ်ယောက်လို ဆက်ဆံနိုင်တယ်၊
ဒါတွေ အားလုံးဟာ မင်းအပေါ်မှာပဲ တည်တာတွေပဲ၊
ကိုယ့်အတွက် စိုးရိမ်စရာတွေပဲပေါ့”
သူ့စကားကို အဆုံးသတ်ပြီး ကျွန်မကိုကြည့်သည်။ ကျွန်မ
သူနှင့် အကြည့်ဆုံလိုက်ပြီး . . . .။
“ကျွန်မဆီကတော့ ဘာမှ မျှော်လင့်လို့ မရနိုင်ဘူးဆိုတာ
ရှင်သတိထားနော်”
ဟု ကျွန်မ တည်တည်ငြိမ်ငြိမ်ပြောလိုက်သည်။
ကျွန်မစကားကြောင့် သူ့မျက်နှာပေါ်မှာ အမိပ္ပာယ် ဖော်
ရန် ခက်ခဲသော အပြုံးတစ်ခု ဖြတ်ပြေးသွားတာ ကျွန်မ မြင်သည်။
“စိတ်ချ ခင်မိုးခိုင် . . . ကိုယ်ဆိုတဲ့လူက ဘယ်သူ့ဆီကမှ
ဘာမှ မျှော်လင့်ထားတတ်တဲ့ကောင် မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



မာနဖြင့် လေသံအနည်းငယ် မာနေတာ သတိထာ
လိုက်၏။ သူ့စကားက ကျွန်မအတွက် အလွန်အဖိုးတန်သာ
စကားဟု ကျွန်မထင်သည်။ သူကျွန်မကို ချစ်တယ်ပြောပြီး အ
မတောင်းသေးတာ သတိပြုမိပြန်၏။ သူ့ကို ခပ်လွယ်လွယ်၊
ရပါ့ပေါ့ သဘောထား၍ မရနိုင်ကြောင်း ကျွန်မဘာသာသတိ
နေမိပြန်သည်။ ဘယ်လိုဖြစ်ဖြစ် ကျွန်မကို တုန်လှုပ်စေမည် မဟု
ဟု ကျွန်မက ယုံကြည်နေပြန်သည်ပဲ။

"ဖုန်းဆက်ခေါ်လိုက်တော့မယ်"

"ခဏနေပါဦးကွာ . . . စကားပြောလို့ မဝသေးဘူး"

"ကားဆိုက်ချိန်နဲ့ ဖုန်းဆက်ချိန် သိပ်ကွာနေရင် ဘ
ကောင်းမလဲ"

ပြောပြောဆိုဆို ကျွန်မထိုင်ရာမှ ထလိုက်သည်။ အ
အချိန် ဘာလုပ်သင့်သည်ကို ကျွန်မသိနေရမည်ပဲ။ သိတဲ့အတိ
ကျွန်မဆောင်ရွက်ရမည်ပဲ။ ဒါမှ ကျွန်မ၏ အစွန်းရောက်အတ္တ
ကို ကာကွယ်ပေးနိုင်မည်ဟု ကျွန်မနားလည်ထားသည်လေ။

ဖုန်းဆက်ပြီး နေရာသို့ ကျွန်မပြန်ရောက်လာသောအ
ကျွန်မကို ဘာမှမပြောဘဲ၊ ခပ်စူးစူးရဲရဲ သူကြည့်လိုက်တာ ေ
သည်။ သည့်အကြည့်ကို ကျွန်မမနှစ်မြို့နိုင် ဖြစ်ရပြန်၏။ ကျွ
တစ်ကိုယ်လုံးကို သိမ်းကျုံးပြီး သူသည်လိုကြည့်ခွင့်ရှိလို့လား။





ကျွန်မကို သူကအကြည့်ဖြင့် ချုံးနှိမ်လိုက်တာတဲ့လား။ သည်
အကြည့်မျိုး သူကျွန်မကို မကြည့်သင့်ဟု ကျွန်မက ထင်သည်လေ။

ကျွန်မ သူ့ကိုခပ်တင်းတင်း ပြန်ကြည့်လိုက်စဉ် သူ
အကြည့်ကိုလွှဲလိုက်၏။ သူကြည့်လိုက်တာ တဏယ်ခဏလေးပါပဲ။
အဝင်မြင့်လွန်းသော၊ ဆတ်ဆတ်ထိမခံနိုင်လွန်းသော ကျွန်မ
အသာ နေမထိ၊ ထိုင်မသာ ဖြစ်သွားခဲ့ရခြင်းလား။ ကျွန်မ ဝင်ထိုင်
လိုက်ပြီး စကားတစ်လုံးမှ မပြောဘဲ နေလိုက်သည်။

မြို့က ကျဉ်းကျဉ်းလေးဆိုတော့ ခဏအတွင်းမှာပင်
ကျွန်မ ဖုန်းဆက်သည့် အိမ်မှ ကောင်လေး မော်တော်ဆိုင်ကယ်နှင့်
ရောက်လာ၏။

"မင်းတို့ အိမ်မှာ ဒီညေ့သည်ကို ထားမှာကွယ် . . . သူ့ကို
ခေါ်သွားပြီး မင်းပဲ နေရာချထားပေးလိုက်နော်၊ သူ
နာမည်က ဦးတက်နေဝန်းတဲ့"

မိတ်ဆက်ပေးပြီး ကျွန်မ အိမ်ရှင်ကောင်လေးကို အပ်
လိုက်၏။ ကျွန်မတာဝန်ကုန်ပြီထင်သည်။

သည်နေ့အကြည့်မျိုးလို ကျွန်မကို စားတော့ဝါးတော့
တေတ် တပ်မက်မှု မျက်လုံးများနှင့် နောင်ကြည့်ပါက ကျွန်မ သူ့
အပေါ် ခွင့်လွှတ်နိုင်စွမ်းရှိမည်ဟုမထင်။

သူက ကောင်လေးဆိုင်ကယ်နောက်မှ ဝင်ထိုင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို လှမ်းကြည့်သည်။ သည်အကြည့်ကျတော့ သနား
တောင်းနေပြန်သည်ပဲ။ ဘယ်လိုလူလဲ။

"မနက်ဖြန်နော်"

တောင်းပန်သံပါသော တောင်းဆိုမှု သူ့နှုတ်မှ ထွက်
ခြင်းအတွက်တော့ ကျွန်မ ကျေနပ်ရပြန်သည်။ သူများတော
ပန်တာကို ကျေနပ်မိသော ကျွန်မက သူများကို တောင်းပန်
အလွန် ခက်ခဲကြောင်း နောက်တော့ သူသိသွားမှာပါပဲ။

သည်လောက်အတ္တကြီးလွန်းတဲ့ မိန်းမတစ်ယောက်
ဖတ်သက်ချင်တဲ့ ယောက်ျားတစ်ယောက်ရဲ့ အနာဂတ်
ဘယ်လိုဖြစ်လာမယ်ဆိုတာ သူ အခုတော့ သိဦးမည်မဟုတ်

မောင်းထွက်သွားသော ဆိုင်ကယ်နောက်ကို ကျွန်မ
ကြည့်နေမိသေးသည်။

မြို့ပြင်တောင်မြင့်တွေဆီမှာ မြူတွေဆိုင်းလို့နေပါ
လား။

ခဏကြာလျှင် အအေးဓာတ်ဝင်လာတော့မည်ပဲ။

x x x



(၈)

ဝင်းတံခါးရှေ့မှာ ကျွန်မ ခြေစုံရပ်မိချိန်တွင် သူအိမ်ထဲ
ထွက်လာတာမြင်သည်။

"ကိုယ် ဒီဝင်းတံခါးကို တစ်ချိန်လုံးကြည့်နေတာ . . .
မနက်ကတည်းကပဲ"

"ဟုတ်လား"

ကျွန်မ အလိုက်သင့်ပြန်ပြောလိုက်၏။ ကျွန်မ ရောက်
သွားချိန်မှာ နေ့လယ် နှစ်နာရီလောက်ရှိပြီ။ ဘာမှ မတတ်နိုင်။
နေ့က အချိန်အတိအကျ ကျွန်မက ကတိပေးခဲ့တာမှ မဟုတ်
ဘာ။ သူအကြာကြီး စောင့်နေရခြင်းအတွက် ကျွန်မမှာ တာဝန်



www.burmeseclassic.com

www.burmeseclassic.com



မရှိနိုင်ပါ။

"နှစ်နာရီထိုးပြီ . . . နှစ်နာရီရောက်လာတာ တော်သေ
တာပေါ့ . . . နှစ်နာရီရောက်မလာဘဲ ညနေခြော
နာရီမှာ မင်းရောက်လာရင်လဲ ကိုယ်မင်းကို ဘာ
ပြောပိုင်ခွင့်ရှိတာမှ မဟုတ်ဘဲလေ . . . ဒီလော
စောစော လာဖော်ရတာကိုပဲကိုက် ဝမ်းသာလှပါပြီ"

ဝင်းဝဆီမှ အိမ်ဘက်အလျှောက် သူက ပြောသည်
သူစကားတွေကို တစ်ဖက်နားမှ ဝင်ပြီး တစ်ဖက်နားမှ ထွက်သွ
စေခဲ့၏။ သူရင်ထဲမှာ ဘယ်လိုရှိမလဲ မစဉ်းစားမိဘဲ ကျွန်မ သူ
ကို ဘာ့ကြောင့် ရောက်လာခဲ့ရတဲ့ အကြောင်းကိုသာ သူသိစေချ
ဖြန်သည်။

"ရှင်ပြောတာ ဟုတ်မဟုတ်ကို လာကြည့်တာ"

"ဘာကြောင့်ဖြစ်ဖြစ် . . . ကိုယ့်ဆီလာတာတော့ လာ
တာပဲလေ . . . မင်းဘယ်လို ရောက်လာရောက်လာ
ကိုယ်ကတော့ ကျေနပ်တာပါပဲ"

ဘယ်လိုရောက်လာရောက်လာ လာတာတော့ လာတာ
ပါပဲဆိုသည့် စကားလုံးတွေကို ကျွန်မ မကျေနပ် မနှစ်သက်။ သူ
မျက်နှာဆီ ဖျတ်ခနဲကြည့်မိသည်။ သူကတော့ ကျွန်မကို မကြည့်
ဘဲ ရှေ့တူရူကိုသာ ကြည့်နေဆဲ။ သည်အမူအရာကိုလည်း ကျွန်မ





ကြိုက်။ ကျွန်မသူ့ကို ကြည့်လိုက်တာ သူသိပါလျက် ကျွန်မကို
ကြည့်ဘဲ နေသည်ထင်ပြန်၏။

ကျွန်မကို သည်လို ညစ်ကျယ်ကျယ် ပုံစံမျိုးဖြင့် အနိုင်
ကြီးစားလို့ မရနိုင်တာ သူ့သိစေရမည်ပေါ့။ ကျွန်မ၏ နေရာ
တာ အနိုင်ယူဗိုလ်ကျ စိုးမိုးလိုသော အတ္တစိတ်က သူ့အပေါ်
သို့ပွဲ့မိနေတာ ဘာသာသတိထားမိခဲ့၏။ သူကတော့ ရိပ်မိ
ခွမ်းရှိမည်မဟုတ်ဟု ကျွန်မထင်ပြန်သည်။

"ဒီအိမ်ရှေ့မှာပဲ ထိုင်ကြမယ်"

အိမ်ရှေ့ကွက်လပ်မှာ သစ်ရိပ်တစ်ခုရှိသည်။ သစ်ရိပ်
အောက်မှာ ဆက်တီခုံအဟောင်းတွေချထားတာ မြင်ရင်း ကျွန်မ
ပြောလိုက်၏။

"မင်းသဘောပဲလေ"

အရှေ့ဘက်သို့ မျက်နှာပြုဆောက်ထားသော အိမ်က
လေးက အရှေ့ဘက်မှာ နေရိပ်ကျနေသည်။ နေရိပ်မှာ ချထား
သည့် ဆက်တီခုံကလေးတွေမှာ ထိုင်ရတာ အတော်သက်သောင့်
သက်သာ ရှိသည်ထင်၏။

"စားရ သောက်ရတာ အဆင်ပြေရဲ့လား"

ညှော့သည်တစ်ဦးကို မေးသည့် အိမ်ရှင်စကား . . .။

"ပြေပါတယ် . . . ဒီနားမှာတင် ထမင်းဆိုင်ရှိတာပဲ



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်ကို မြင်မြင်ချင်း ချစ်မိတယ် ဆိုတာမျိုးက မယုံမကြည် အဖြစ်ခံရဖို့များတာပဲလေ ကိုယ်က အညာလွယ်သလိုမျိုး ဖြစ်နေမှာပေါ့”

“ရှင့် ကြည့်ရတာ အညာလွယ်မယ့်ပုံပါ”

ခပ်ပြုံးပြုံး မျက်စောင်းထိုးရင်း ကျွန်မဆိုတော့ သူ ပြုံးသည်။

သူ့မျက်လုံးများက သူပြုံးလိုက်သည်နှင့် ပို၍ တောက် ကြည်စင်သွားသလိုပင်။

“မင်းပြောလဲ ကိုယ်ခံရမှာပါပဲ . . . အခုလို တွေ့တွေ့ချင်း ချစ်မိတဲ့မိန်းကလေး ကိုယ့်ဘဝမှာ မရှိသေးပါဘူး၊ အညာ လွယ်တယ်ပြောလို့ရနိုင်တာကတော့၊ ကိုယ်လေ”

စကားကို မဆက်သေးဘဲ ကျွန်မ၏ မျက်လုံးတွေကို လိုက်ပြီး အကြည့်ဆုံလိုက်၏။ သူ့အကြည့်တွေက တောက်ပလွန်း ပြီး အားလုံးကို ထွင်းဖောက်မြင်နိုင်နေတဲ့ အကြည့်မျိုးတွေလား ဒါပေမယ့် ကျွန်မက အကြည့်တစ်ချက်ကြောင့် ခြေလှမ်းပျက်တဲ့ မိန်းကလေး၊ ရင်ဖိုရတဲ့မိန်းကလေးမှ မဟုတ်တော့တာ။

“ရည်းစားတွေ . . . အများကြီးရှိခဲ့ဖူးတယ်”

ဟု စကားကို ဆက်လိုက်၏။





“အဲဒါ တစ်ခုတော့ ရှင်ပြောသမျှထဲမှာ ကျွန်မယုံတယ်”

သူရယ်လိုက်ပြန်သည်။ ကျွန်မစကားကြောင့် သူမအီ မလည်နှင့် ရယ်မောပစ်လိုက်ရတာ ကျွန်မသိနေတာပေါ့။

ကျွန်မနားလည်လိုက်မိတာ တစ်ခုက သူ ကျွန်မကို ယုံစေ ချင်နေခြင်းပင်ဖြစ်သည်။ တကယ်တော့ ယုံခြင်း၊ မယုံခြင်း ကိစ္စ သည် ကျွန်မအပေါ်မှာသာ မူတည်နေသည်ပဲ။

သူ့မှာရည်းစားတွေအများကြီးရှိတာ၊ သူပွေတာ၊ ရှုပ် တာကိုတော့ ကျွန်မယုံကြည်ရပေမည်။ သည်အတွက်က ကျွန်မ အတွက် အရေးကြီး၏။ သည်လိုယုံမိမှ သူ့ကို လျှပ်ပေါ်လော်လီ သူအဖြစ် ကျွန်မအမြဲမြင်ကာ အပေါ်စီးမှ ရနေနိုင်မှာပေါ့။

သူက သူ့ကောင်မလေးတွေကို တကယ်မချစ်ခဲ့ပါဘူးဟု ဆိုလာမည့်စကားကိုတော့ ကျွန်မမယုံစားမိဖို့ အရေးကြီးပြန် သည်ပဲ။ ကျွန်မတစ်ဦးတည်းကိုသာ ချစ်တာပါဆိုသည့် စကားကို ကျွန်မက မသာယာဘဲနေနိုင်ရမည်ပေါ့။

ကျွန်မယုံကြည်ဖို့ လိုအပ်သော သူ့ရည်းစားများသည့် ကိစ္စ ကိုပင် စကားဆက်ဖို့ လိုအပ်သည်တွေးရင်း စကားကြောင်းပေး လိုက်၏။

“ရှင့်ရည်းစားတွေထဲမှာ လှတဲ့သူတွေပါမှာပေါ့နော်”

“တစ်ယောက်တစ်မျိုး လှကြမှာပေါ့ . . . ကိုယ်ကလှလို့



www.burmeseclassic.com

www.burmeseclassic.com



လဲ ကြိုက်တာဖြစ်မှာပေါ့။ဝေးသွားကြတော့လဲ ကိုယ်
သူငယ်ချင်းတွေလိုပါပဲ၊ လမ်းမှာတွေ့ရင် ခေါ်ခေါ်ပြ
ပြော ရှိကြတယ်လေ”

ဒါလည်း ဟုတ်လောက်ပါသည်။ သူက စကားပြေ
ကောင်းသူတစ်ဦးပေပဲ။ စကားပြောကောင်းရုံမျှမက သူ့အ
အပြင် လက္ခဏာတွေက ထူးထူးခြားခြား ရှိသူတစ်ဦးဆိုတာပေ
ကျွန်မလက်ခံရမည်။

အထူးခြားဆုံးကတော့ သူ့ရဲ့ စူးရှတောက်ပတဲ့ မျက်
တစ်စုံပါပဲ။ အဲဒီမျက်ဝန်းနဲ့ လိုက်ဖက်လှပတဲ့ နှာတံကလ
ယောက်ျားတွေထဲမှာ ရှားရှားပါးပါး ဖြစ်ပေမည်။ ထိုထူးခြားမှ
များကပင်သူလိုချင်တာကို မရ ရအောင်ယူတတ်သည့် ယောက်
တစ်ယောက်ဟု ခန့်မှန်းရလွယ်လွန်းသည့်ပဲ။ ထို့ကြောင့်
သူသည် ကျွန်မ၏အတ္တကို ပွန်းပဲ့ရှနာ ဖြစ်စေနိုင်သည့် လူ
ယောက်ဖြစ်နိုင်ပါလားဟု ကျွန်မတာသာ သတိပေးနေရသ
အနေအထားပင်။

သူ၏ ပီပြင်တိကျသော နှုတ်ခမ်းများက မိန်းကလေး
အတော်များများကို ဖမ်းစားညှို့ငင်နိုင်မည်မှာ မလွဲ။ သည်အ
မှာ ကျွန်မ မပါချင်။

“မင်း ကိုယ့်ရည်းစားတွေအကြောင်း စိတ်ဝင်စားလို့လာ





ကျွန်မအတွေးနှင့် ကျွန်မငေးရီနေစဉ် သူကမေးလိုက်၏။

“စိတ်ဝင်စားပါတယ်၊ နားထောင်ရတာပေါ့၊ ဒါပေမယ့် ဒီနေ့တော့ မဟုတ်ဘူး”

ကျွန်မနာရီကို ကြည့်ရင်းပြောလိုက်သည်။

“မနက်ဖြန်ကျရင် စောစောလာခဲ့”

“မနက်ဖြန် ကျွန်မ မအားဘူး”

“ဟာ အဲဒီလိုတော့ မလုပ်ပါနဲ့ ခင်မိုးခိုင်ရာ၊ ခဏလေး ဖြစ်ဖြစ်တော့ လာခဲ့ပါကွာ၊ အခုလို စကားအကြာကြီး မပြောဘူးလေနော်၊ ရောက်ပြီး ခဏနေပြန်ပေါ့”

ကျွန်မမလာဘူးပြောသည်ကို သူလုံးဝမကျေနပ်ပုံမရ။ သူ့ဆီ ခဏလာပြီး အချိန်ဖြုန်းဖို့ ကျွန်မမှာ အခက်အခဲ မရှိလှပါ။ သို့သော် ကျွန်မက သူ့ဆီကို နေ့တိုင်းလာပေးနေရမှာ မလိုဘဲ။ အဲသည်လိုအတွေးက ကျွန်မမနက်ဖြန် မလာဘဲနေဖို့ ဆုံးဖြတ်စေခဲ့ပြန်သည်။

“အားရင်တော့ လာခဲ့မယ်လေ၊ ဒါပေမယ့် မသေချာဘူး၊ မလာဖြစ်ဖို့က များတယ်”

ကျွန်မမရေမရာ ပြန်ပြောလိုက်၏။

“လာဖြစ်အောင် လာခဲ့ပါကွာ၊ ဒီမှာ ကိုယ်တစ်ယောက်တည်း ဘယ်လိုနေရမလဲ၊ မင်းကိုတွေ့ချင်လို့ လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူကို တစ်နေ့လုံးတော့ ပစ်မထားပါနဲ့ . . . ခ...
ဖြစ်ဖြစ် မျက်နှာလေးတော့ လာပြပါဦးကွာ"

သူ့စကားကြောင့် ကျွန်မ ပြုံးမိသွားပြန်သည်။ ...
လောက်များ ကလေးဆန်လိုက်ပါသတဲ့လဲ အတွေးဖြစ်၍ ကျွန်...
ဖြစ်သွားတာ။ သူကတော့ ဘယ်လိုထင်လေမည်မသိ။

"ကျွန်မ ကြိုးစားကြည့်မယ် . . . ကဲ . . . ပြန်မယ်"
ပြောရင်း ကျွန်မထရပ်လိုက်၏။

"ရလိမ့်မယ်လို့ ကိုယ်ထင်ပါတယ်၊ မင်းလာဖြစ်မှာ..."
ကျွန်မတို ကြည့်ရင်း သူပြောလိုက်သည်။

ကြည့် . . . ။ အဲဒါမျိုးတွေကို ကျွန်မ မကြိုက်တာ...
ကျွန်မနဲ့ ပတ်သက်ပြီး ရှင်ကဘာကြောင့် ကြိုတင်...
အပိုင်တွက်ရတာတဲ့လဲ။

သည်လို ကြိုတင် ထင်ပိုင်ခွင့်တွေ ရှင်ရမှာ မဟုတ်...
ဘူးလေ။ ဝင်းတံခါးဝအထိ အတူယှဉ်ပြီး သူလျှောက်လိုက်...
သည်။ ဆည်းဆာသည် သူနှင့် ကျွန်မတို့အပေါ် မီးမောင်းထိုး...
နေသလို။

တော်တော်လေးကို စိတ်ဝင်စားစရာတွေရှိနေတဲ့ ...
တော့ ကျွန်မလက်ခံလိုက်ပါ၏။

× × ×



(၉)

နောက်နေ့မှာ ကျွန်မသူ့ဆီသို့ မသွားဘဲနေလိုက်၏။

တစ်နေ့လုံး ကျွန်မမှာ ဘာအလုပ်မှ မရှိသော်လည်း
...နေ့ကို ကုညီရင်း စာဖတ်ရင်းဖြင့် အချိန်ဖြုန်းနေလိုက်သည်။
...မ ကိုယ် ကျွန်မ စမ်းသပ်ကြည့်ချင်တာလည်းပါသည်။ ကျွန်မ
...ဆီကို မသွားဘဲ နေလိုက်ခြင်းဖြင့် ကျွန်မ ဘယ်လို ခံစားရမလဲ
...တာ သိချင်ခြင်းပင်။

သူနှင့်မတွေ့ရသဖြင့် ကျွန်မမှာ ထူးထူးခြားခြား ဘယ်လို
ခံစားမှုမျိုးမပေါ်ဘဲ တစ်နေ့တာ ကုန်ဆုံးသွားတော့ ကျွန်မကိုယ်
...န်မ အလွန်တွေ့နုပ်ရပြန်သည်။ ကျွန်မသည် ဘယ်သော
...ါမှ သူ၏ လွှမ်းမိုးမှုအောက်ကို ရောက်တော့မည်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း ဘာသာယုံကြည်စိတ်ချသွားရတော့၏။

သူသည်သာ ကျွန်မ၏ စမ်းသပ်မှုကို ခံနေရသော ကျွန် ၏ သားကောင်ဖြစ်နေမလား။ နောက်ပိုင်းမှာတော့ သူနှင့်ကျွန် ဘာမှ မပတ်သက်တာ အကောင်းဆုံးဖြစ်မည် တွေးသည်။ ကျွန် ကလည်း ပါ့စ်ပို့ကျပြီးလျှင် နိုင်ငံခြားထွက်ဖို့ရန် ကြာတော့မ မှ မဟုတ်တာ။ ပါ့စ်ပို့ကျပြီဆိုတာနှင့် သည်အလုပ်က ကျွန်မထွ လိုက်ရုံသာ။ ကျွန်မရန်ကုန်ဆင်းပြီဆိုတာနှင့် သူနှင့်ကျွန်မလ အဆက်အသွယ် ပြတ်သွားနိုင်ပြီပဲ။

နောက်ပိုင်းကိစ္စတွေကိုထား၍ လောလောဆယ်ကို စဉ်းစားမိတော့ ကျွန်မဘက်က နည်းနည်းလွန်နေပြီလားဟု တွေ ပြန်သေးသည်။

သူ့ကိုသနားချင်သလို ဖြစ်လာမိပြန်၏။ သူသည်လ ကျွန်မကဲ့သို့ပင် ခပ်နွဲ့နွဲ့ ခပ်ပျော့ပျော့ လူစားမျိုးမှ မဟုတ်တာ အတွေးဖြင့် သနားစိတ်ကို ဖျောက်ရပြန်သည်ပဲ။

ဘာမဆို လိုတာရဖူးသော မျက်နှာပေး။ ဘာကိုမှ အလေ မပေးတတ်သော ပြုံးထေ့ထေ့နှုတ်ခမ်း၊ တစ်ဖက်သား၏ စိတ် ဖောက်ထွင်းမြင်နိုင်စွမ်းသည့် တည်ကြည်စူးရှသော မျက်ဝန်းန များဖြင့် မာနရောင် တဖျတ်ဖျတ်လက်နေသော အမူအရာ သည် ကျွန်မစိတ်ကို ကသိကအောက် ဖြစ်စေသည်ကတော့ အ ပင်။





ကျွန်မက လူတွေထက်၊ စရိုက်ဘွေကို ပို၍လေ့လာ အကဲ ခတ်ချင်သူ ဖြစ်လေမလား။

သူ့ပုံကမည်မျှပင် ဆွဲဆောင်မှု စွမ်းအားရှိပါစေ။ သူ့စရိုက် ကို မကြိုက်တာ တစ်ခုတည်းနှင့်ပင် ဦးနှောက်ထဲမှ ဖယ်ထုတ်နိုင် အောင် ကျွန်မမှာ လုံလောက်သော အလေ့အကျင့်ရှိသည်ပဲဟု ယုံနေပြန်၏။

ကံကောင်းသည်မှာ သူ့ထံ၌ ကျွန်မမကြိုက်နိုင်သော စရိုက်တွေက များစွာရှိနေသည်လေ။ သည်အချက်ကြောင့်ပင် ကျွန်မ သူ့ကို လေးလေးနက်နက် ထည့်တွက်စရာ မလို။ ပေါ့ပေါ့ပါး ပါးပင် သဘောနိုင်ခဲ့ခြင်းပေလား။

တစ်ခုတော့ ကျွန်မ သတိထားရပေမည်။ သူ့ကြည့်ရ သည်မှာ အလွန်စိတ်ရှည် သည်းခံနိုင်စွမ်းရှိမည့်ပုံမပေါ်။ သည်နေ့ တစ်နေ့လုံး ကျွန်မကိုမျှော်ပြီး နောက်တစ်နေ့လုံးတော့ ဆက်မျှော် သည့်အလုပ်ကို လုပ်ချင်မှ လုပ်တော့မည်။ နောက်နေ့ညနေပိုင်းမှ ကျွန်မရောက်သွားလျှင် သူရှိနေချင်မှ ရှိနေပါတော့မလား ကျွန်မ တွေး၏။

သည်လိုအဖြစ်မျိုးလည်း ကျွန်မက အဖြစ်မခံချင်သေး။ မိုးမလင်းမီ ပွဲသိမ်းသလိုမျိုး မဖြစ်စေချင်ပြန်။ ကျွန်မက စပြီ ဆိုလျှင် ကျွန်မကပင် အောင်မြင်စွာဆုတ်ခွာလိုပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်ဖြစ်သူနှင့် ကစားရသည့်ပွဲကို ကျွန်မနစ်သ
လိုလားနေသည်ကတော့ အမှန်ပါပဲလား။

× × ×



(၁၀)

နောက်နေ့မနက်မှာ အိပ်ရာက စောစောနိုးနေသော်သည်း အလုပ်ရှုပ်ချင်ယောင် ဆောင်နေလိုက်သည်။

မေမေ ဘုရားပန်းလဲတာကို ဝင်ကူလိုက်၏။ မေမေသည် ဘုရားတရားနှင့် စိတ်ကို ကုစားနေသော်ငြား . . . . ဖေဖေနှင့် သို့ကိုကား မေ့သွားနိုင်ဟန်မတူသေး။ ညကပင် ဖေဖေနှင့် ကိုကို တို့၏ အဖြစ်ကို ပြန်ပြောမိရင်း မျက်ရည်ကျခဲ့သေးသည်ပဲ။

ဖေဖေသည် မေမေနှင့် အရက်ကြောင့်ကွဲကာ မြို့ထဲမှာ အကာယ်ယစ်ထုတ်ကြီးဖြစ်နေခဲ့၏။ အရက်ဖိုးကို လူတကာ လက် ဖြန့်တောင်းရင်း မေမေတို့ မိသားစုအရှက်ကို ရစေခဲ့၏။ နောက် ဆုံးတော့ မြို့လယ်က ဈေးလမ်းနံဘေးမှာ ဖေဖေသေဆုံးခဲ့ သည်။ ဆွေမျိုးမရှိသော တစ်ကောင်ကြွက်မို့ ဖေဖေ့ အသုဘကို



www.burmeseclassic.com

www.burmeseclassic.com



ချမည့်သူမရှိ။ ကွာရှင်းပြတ်စဲထားပြီး ဖြစ်ပါလျက် ဖေ
အလောင်းမြေကျသည်အထိ မေမေက ဆောင်ရွက်ပေးခဲ့ရသ
လေ။

ကိုကိုအရွယ်ရောက်လာတော့ ဖေဖေ့ခြေရာနင်းက
အရက်သမားဖြစ်လာရပြန်၏။ ကိုကိုနှိပ်စက်သဖြင့် မေမေ့
ကျန်သောပစ္စည်းများ ကုန်ရပြန်ပြီ။ အရက်ဝိုင်းမှာ ရန်ဖြစ်
ရုံးရောက်၊ ဂါတ်ရောက်ကလည်း မနည်း။ မေမေချုံးပွဲချ
ငိုရသည့် အချိန်တုန်းက သူပါရောယောင်ငိုခဲ့ရဖူးသည်ပဲ။ ကိုကို
အရက် သောက်ပြီး သွေးဆိုးတတ်သောကြောင့် မေမေ့
ပြဿနာပေါင်း စုံကို ရှင်းရင်းဘယ်တော့မှ စိတ်ချမ်းသာမှုကို မ
ရပ်ကွက်ထဲက လည်းသူတို့ မိသားစုကို ကြဉ်ထားကြသလိုပင်

နောက်ဆုံးတော့ ကိုကို အရက်ဝိုင်းမှာ ဓားထိုးခံရ
ရှုတ်တရက်ဆုံးတော့ မေမေ့မှာ အရူးတစ်ပိုင်း ဖြစ်ရင်း သော
တွေဝေရတာ သူအသိဆုံး။ သည်ကတည်းက အရက်ကို သူမု
တီးရွံ့ရှာခဲ့အည်။ သူတို့မိသားစု ဘဝကို အရက်ကဖျက်စီး
ခဲ့သည်ဟု ရင်၌စွဲလမ်းနေခဲ့သည်။ အရက်ဟု အသံကြားရုံ
နှလုံးတုန်ရင်တုန်ဖြစ်ရသည်။ ကြာတော့ သူ့ရင်ထဲမှာ အရက်
တီးရွံ့ရှာခြင်းက ရောဂါတစ်ခုနှယ် စွဲမြဲလာတော့၏။ အ
သောက်တတ်သူကို အထင်သေးရုံမျှမက၊ သူ့ဘဝမှာ ပတ်သ





က်နွယ်မှု မရှိစေရဟုလည်း စိတ်ပိုင်းဖြတ်ထားခဲ့ဖူးသည်ပဲ။

သည်အစွဲအလမ်းကပင် ကိုတက်နေဝန်းနှင့် သူ့ကို အခု
ဖြစ်အောင် ဖန်တီးပေးလိုက်တာပါလား။ လူတော် ထက်
သာက် ဖြစ်နိုင်သည့် ကိုတက်နေဝန်း အရက်ကို လုံးဝ မသောက်
ချင်သည့် စေတနာ သူ့မှာ အပြည့်ရှိနေပြန်၏။

× × ×

အိမ်ကိစ္စတွေအားလုံးပြီးတော့ ရေမိုးချိုး အဝတ်အစား
ပြီး ချက်ချင်းမသွားသေးဘဲ နေလိုက်ပြန်သည်။

အရမ်းအစောကြီးသွားစရာမှ မလိုအပ်တာဘဲ။ ကျွန်မကို
တျေနပ်သဖြင့် သူပြန်သွားချင်စိတ် အပြင်းအထန်ဖြစ်ကာ
ပြန်ခင် အချိန်ပိုင်းလောက်အမီ ကျွန်မမသွားဘဲ နေလို့ရသည်
လေ။

သူ့ကို ကျွန်မက သက်သက်နှိပ်စက်ထားချင်သေးသည်။

ဒါ့ကြောင့်လည်း ကျွန်မအကြောင်း ရှိနေသည်ပဲ။ ဟိုနေ့က
သူ့ဆီက ပြန်ခါနီးမှာ ကျွန်မနောက်တစ်နေ့ သူ့ဆီကို သေချာ
ပေါက်လာဖြစ်မှာပါဟု အခိုင်အမာသိနေသည့် အချိုးမျိုးနဲ့
ပြောခဲ့တာ ကျွန်မမကျေနပ်။ ကျွန်မရင်ထဲမှာ အငြိုးတစ်ခုနှယ်
ဖွဲ့နေခဲ့သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအပြုံးသည်ပင် မနှေ့က ကျွန်မသူ့ဆီ မသွားဖြစ်ေ... ဖန်တီးပေးခဲ့သလို ဖြစ်ပြန်၏။ သည်ကနေ့ သူ၏ခံစားမှု အတ... အနက်ကိုကြည့်ပြီးမှ ကျွန်မအပြုံးက ပြေပျောက်ကောင်း ... ပျောက်လိမ့်မည်။ မနေ့က ကျွန်မမလာလို့ ခံစားရမည့် သူ့ဝေဒ... ကို ကျွန်မက လိုလိုလားလား နားထောင်ရင်း ဖြေသိမ့်နေချင်... သည်။

ကျွန်မအိမ်မှ ထွက်လာတော့ စိတ်ထဲမှာ အတော်ေ... ပေါ့ပေါ့ပါးပါး နိုင်လှ၏။ မနက် ၁၀နာရီဆိုသော အချိန်သ... သူ့ ကျွန်မကို ဆက်စောင့်ရကောင်းမလား၊ ပြန်သွားရရင် ကော... မလားဟု ဝေခွဲမရ ဖြစ်နေနိုင်သော အချိန်ပဲဟု ကျွန်မစဉ်း... သည်။ ကားဂိတ်မှာ ညနေပြန်ဖို့ ကားလက်မှတ်သွားဝယ်လျှ... လည်း မိနိုင်သေးသည့် အချိန်ပင်။

× × ×





(၁၁)

အိမ်ရှေ့ဝင်းတံခါးကို ခပ်ဟဟလေး အဆင်သင့် ဖွင့်ထား တာ တွေ့တော့ ပြုံးမိသေးသည်။ ညကတည်းကများ မပိတ်ဘဲ ထားခဲ့လေသလား။ သူများ အိမ်ကပစ္စည်းတွေ ပျောက်ကုန်လျှင် တော့ အခက်ပေပဲဟု တွေးမိပြန်၏။

ကျွန်မအိမ်ရှေ့အရောက် အိမ်ထဲမှ ထွက်လာတာ သူကြို သည်။ သူ့မျက်နှာ သုန်သုန်မှုန်မှုန်ကို ကြည့်ရင်း ကျွန်မကျေနပ် ပျော်ရွှင်သွားမိတာကို သူမရိပ်မိစေရန် ကြိုးစားဖုံးဖိလိုက်ရ၏။

"အိမ်ရှေ့က ဒီအချိန်နေပူလိမ့်မယ် . . . ဧည့်ခန်းထဲမှာ ဝင်ထိုင်တာကောင်းတယ်"

"ကျွန်မအိမ်ရှေ့မှာပဲ ထိုင်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ဆက်တီခုံးမှာ ရပ်ရင်း ကျွန်မတို့ပြောနေမိ ကြသည်။

"မင်းတို့ ဘေးကလူတွေက တစ်မျိုးမြင်သွားနိုင်တာပေ ဟိုနေ့ကလဲလာတယ်၊ ဒီနေ့လဲ လာတယ်ဆိုပြီး တစ်မျိုး တွေးစရာ မဖြစ်ဘူးလား၊ ပြီးတော့ အိမ်ထဲဝင်ဖို့ မင်းငြင် လိုက်တာဟာ . . . ကိုယ့်သိက္ခာကို စော်ကားလိုက်သလို ခံစားရတယ်"

ကျွန်မသူ့မျက်နှာကို စူးစိုက်ကြည့်နေမိသည်။ သူတကယ် စိတ်မကောင်းဖြစ်သွားပုံရ၏။ သည်လို ကျွန်မမရည်ရွယ်ခဲ့ပါ ကျွန်မက ကျွန်မကိုယ်ကျွန်မသာ ကာကွယ်လိုစိတ်ရှိနေပြီး၊ သူတ ပါး၏ ကိုယ်ကျင့်သိက္ခာကိုတော့ ထိပါးစော်ကားလိုစိတ် ဘယ်တော့မှ မရှိခဲ့ပါ။ ကျွန်မ၏ စကားများအတွက် သူ့ကိုဖ ကြည်ပြုသလိုက် ခြင်းဖြင့်သာ ကျွန်မကိုယ်ကျွန်မ ကုစားရာရော မည်တွေး၏။

"ဒါဖြင့်လဲ . . . သွားလေ"

ဧည့်ခန်းထဲတို ဝင်သွားသည့် သူ့နောက်မှ ကျွန်မလိုက် လာခဲ့ရင်း ဒါသူ့ရဲ့ ဦးဆောင်မှုကို လိုက်နာအညံ့ခံတာမှ မဟုတ် ဘဲ။ ကိုယ့်ဆုံးဖြတ်ချက်ကို ကိုယ်အကောင်အထည် ဖော်တာမဟု ဘာသာဖြေရှင်းချက်ထုတ်နေမိသေးသည်ပဲ။





ဧည့်ခန်းလေးမှာ ကျဉ်းပြီး စားပွဲမှာလည်း သေးလွန်း သဖြင့် သူနှင့် ကျွန်မမျက်နှာချင်းဆိုင် ထိုင်သည့်အခါ သိမ်ပြီး ဝေးကွာလှသလိုပင်။ ဘာဖြစ်ဖြစ် သူဟာ ကြောက်စရာ လူတစ် ယောက် မဟုတ်ဘူးဆိုတာ ကျွန်မယုံနေမိပြီ။ သူမှာ ကျွန်မ၏ (အများထက်လွန်ကဲသော) စံများနှင့် မကိုက်ညီသော်ငြား သူကား သူယုတ်မာတစ်ယောက် မဟုတ်ဆိုတာတော့ ကျွန်မအသေအချာ သိနေပါသည်။

"မနေ့က ဘာလို့မလာတာလဲကွာ"

စားပွဲမှာထိုင်မိလျှင် ထိုင်မိချင်း၊ သူရုတ်တရက်မေးထိုက် သည်။ ကျွန်မက စားပွဲပေါ်မှာ ရှိသော မဂ္ဂဇင်း စာအုပ်အဟောင်း ကို ကိုင်ရာမှချရင်း သူ့ကို မကြည့်ဘဲ . . .

"မလာချင်လို့ မလာတာပါ"

ဟု ပြန်ဖြေလိုက်၏။

"မင်း တကယ် . . . နေနိုင်တယ်နော်"

အသံ၌ သူ့ခံစားမှုအစွန်းအစ ပါလာသလို။

"မနေနိုင်စရာ အကြောင်းမှ မရှိတာ"

"ဟုတ်မှာပါလေ"

သူ ကျွန်မကို စူးစိုက်ကြည့်နေရာမှ အကြည့်ကို လွှဲရင်း သက်ပြင်းကို ခပ်မျှင်းမျှင်းချသံကြားသည်။ သူ့အမူအရာကို ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



မသိမသာ အကဲခတ်နေမိ၏။ ကျွန်မ သူ့ကိုကြည့်ရင်း စိတ်
ကောင်း ဖြစ်သွားမိတာ ဘာကြောင့်ပါလိမ့်။

"ကိုယ်မနေ့က တစ်နေ့လုံး ဘယ်လိုမှနေလို့ မရ
ခင်မိုးခိုင်၊ လာမယ်ထင်လို့ ဝင်းတံခါးကို လှမ်းလှ
ကြည့်ရင်းနဲ့ပဲ အချိန်တွေကုန်သွားတာ၊ မင်းရောက်မ
တော့ပါဘူး၊ စိတ်လျှော့လိုက်တော့ အရမ်းခံစားရတ
အရမ်းကို အထီးကျန်ဆန်သွားသလိုပါပဲ၊ ဒီတစ်မြို့လုံး
ကိုယ်တစ်ယောက်တည်းပဲလေ"

"ကျွန်မအားမှပဲ လာလို့ရတော့မှာပေါ့"

စိတ်ကိုတင်းရင်း သူ့ကိုကြည့်ကာ ကျွန်မပြောသည်
ကျွန်မလေသံတွေက မာဆတ်နေဆဲ။

"ဟုတ်ပါတယ်လေ၊ မင်းမှာလဲ မင်းကိစ္စတွေ ရှိနေ
ပါ၊ ကိုယ်က ကိုယ်မျှော်မိတာ . . . ကိုယ်ခံစားရတာကို
ပြောပြမိတာ၊ ရန်ကုန်မှာဆိုရင်တော့ တစ်နေရာရာသွား
ရင်သွား ဒါမှမဟုတ် . . . သူငယ်ချင်းတစ်ယော
ယောက်နဲ့ တွေ့ရင်တွေ့ . . . ခံစားရတာကို ဖျောက်
လွှယ်ချင်လွှယ်ဦးမယ်၊ ဒီမှာတော့ ဘာမှလုပ်စရာ
မရှိဘူး၊ သိပ်အထီးကျန်ဆန်ပြီး မင်းကို မျှော်တဲ့အလုပ်





လုပ်စရာရှိတယ်လေ"

"မမျှော်ဘဲ နေလိုက်ပေါ့"

"မရလို့ပေါ့ ခင်မိုးခိုင်ရယ်၊ ညရောက်တော့ ပိုဆိုးတယ်၊
ကိုယ်ဒီလိုနေ့တွေ ညတွေ ထပ်ပြီးရင်မဆိုင်ရဲတော့ဘူး၊
ကိုယ်ပြန်တော့မယ်"

သူ့အသံက သူ့ခံစားမှုကြောင့် ပျော့ပျောင်းနေသလို။ သူ
ဘယ်ခံစားနေရတာပါလား သိလာခဲ့ရ၏။

ညတုန်းက ကျွန်မတွေးခဲ့မိသည့် အတွေးကတစ်မျိုး။ သူ
ခံစားရသည့် အမှုအရာ စကားတွေကို ကြည့်ရင်း သူခံစားရသည့်
အကြောင်းတွေကို နားထောင်ရင်း ကျွန်မက ကျေနပ်ပီတိဖြစ်ကာ
နေလိုက်မည်ပဲ။

လက်တွေ့မှာတော့ သူ့ကိုကြည့်ရင်း သူ့စကားတွေကို
နားထောင်ရင်း သူ့ကို ကျွန်မသနားလာသည်။ ကျွန်မမှာ အပြစ်
ရှိနေသလို ခံစားလာရပြန်သည်လေ။

ကျွန်မ၏ စမ်းသပ်မှုသည် သက်ရှိလူသားတစ်ဦး၏ ခံစား
မှုကို စားစာခံဖြစ်စေခဲ့ပြီလား။ သည်အတိုင်းဆို ကျွန်မ မတရားရာ
ရောက်လွန်း နေပြီလား။ သူတစ်ပါး၏ နှလုံးသားနှင့် ကျွန်မက အပျော်
တစားသလို ဖြစ်နေပါရောလား။

ကျွန်မ စိတ်မကောင်းဖြစ်ရပြန်သည်။ သူစိတ်ကသိ



www.burmeseclassic.com

www.burmeseclassic.com



ကအောက် ဖြစ်ရဲလောက်သာ ရည်ရွယ်ခဲ့ပြီး အခုလောက်ထိ ခံစားစေရန် မရည်ရွယ်မိ။

ကျွန်မကာဘာမှ မထိခိုက်ဘဲ သူ့တစ်ပါးကို ဝေဒနာ ရှိသက်သက် အလုပ်ကတော့ ကျွန်မတရားမည် မထင်ပါ။ သူ့အ သူ့အတွက်ကို ထိပါးရုံမျှ သူက မခံချင်ဖြစ်ရုံမျှ ကျွန်မကလိုလ သည်။

"ရှင်ပြန်မယ်ဆိုတော့၊ အရက်မသောက်ဘဲ မနေ တော့လို့မဟုတ်လား၊ ကျွန်မကို အရက်မသောက် ဘူးလို့ ပြောတဲ့စကားကို ရုပ်သိမ်းပြီလား"

သူ့ကိုကြည့်ရင်း ကျွန်မမေးသည်။

"ဟိုပြန်ရောက်ရင်တော့ ပြန်သောက်မိမယ်ထင်တယ်

"ဒီမှာဆိုရင်တော့ မသောက်ဘူးပေါ့"

"မသောက်ဘဲနေတာပဲ၊ မနေ့ကဆို အရက်သောက်ရ အချိန်တွေကို ကုန်ပစ်လိုက်ချင်တာ၊ မင်းကို ပြော လို့၊ မင်းနဲ့သာ စကားပြောနေရရင် ကိုယ်အားလုံး ထားနိုင်တယ်"

"ရှင့်ကို ကျွန်မက နေ့တိုင်းအချိန်ပေးဖို့ တာဝန်ရှိနေ လား၊ ရှင်ကရော ဒီမှာ အရက်လာဖြတ်တာတဲ့လား"





သူခပ်အုပ်အုပ်ရယ်သည်။

"မဟုတ်ပါဘူးကွာ၊ ကိုယ်က မင်းကို တောင်းပန်နေမိ တာပါ၊ မင်းကိုတွေ့ချင်လို့ လာတဲ့လူတစ်ယောက်ကို မနေ့ကလိုတော့ တစ်နေကုန် ပစ်မထားနဲ့ပေါ့၊ ခဏ လောက်ဖြစ်ဖြစ် နေ့တိုင်းလာတွေ့ရင်၊ ကိုယ်ဒီလောက် ခံစားရမှာမဟုတ်ဘူး၊ ဒါကြောင့် . . . တောင်းပန်နေ တာပါ"

"ကျွန်မဘက်ကိုရော . . . ရှင်ထည့်မတွက်တော့ဘူး လား"

နံရံဆီ အကြည့်ပို့ရင်း ပြောလိုက်သည့် ကျွန်မစကားသံက နုံးညံ့ပျော့ပျောင်းနေလေမည်။

"မင်းအတွက်ထည့်တွက်လို့ ခဏလောက်ဖြစ်ဖြစ်လို့ ကိုယ်ပြောတာပေါ့ခင်မိုးခိုင်၊ ကိုယ့်အတွက်ချည့်သာ ကြည့်ပြောရရင်၊ အချိန်ရှိသရွေ့ ကိုယ်ကမင်းကိုတွေ့ ချင်နေတာပါ . . . တစ်နာရီလောက် ကိုယ့်ကို လာ တွေ့ရင် . . . ကျန်တဲ့ နှစ်ဆယ့်သုံးနာရီမှာ ကိုယ်မင်းကို သတိတရ လွမ်းနေလို့ နေရဲပါတယ်"

"စကားပြောတော့ . . . အတော်ကောင်းနေ"



www.burmeseclassic.com

www.burmeseclassic.com



"ခံစားရတာတွေကို ပြောနေတာပါ"

"ဟုတ်ချင်လဲ ဟုတ်မှာပေါ့။ မဟုတ်ချင်လဲ မဟုတ်ဘူး ပေါ့"

"တကယ်ပါ . . . ခင်မိုးခိုင် . . . ကိုယ်မင်းကို ချစ်မိနေ ရှုးသလိုဖြစ်နေပြီ"

အပြောကောင်းသလို အမူအရာကလည်း ကောင်းလှ ပါသည်။

သူ့ကို ကြည့်ရင်း သူ့စကားတွေကို နားထောင်ရင်း ကျွန်မ သူ့ကို ယုံသွားမိမှာစိုးရိမ်လို့ လာသည်။ သူ့စကားတွေက သူ့မျက် နှာပေါ်မှ အမူအရာတွေလို ခံစားမှုအလိုက် ဖြတ်ပြေးပြောင်းလဲ နေသွားစေပြန်သည်ပဲ။

ကျွန်မပြန်မှ ဖြစ်မည် စဉ်းစားရင်း ထပြန်ရန် ဝန်လေး နေမိသလို သူ့ကိုအားနာနေမိသလို ခံစားနေရပြန်၏ ။

သူလိုလူမျိုး တစ်ယောက်က ကျွန်မလို သာမန်မိန်း တလေးတစ်ဦးကို ဘာကြောင့်သည်အထိ အောက်ကျို့နေရပါ သတဲ့လဲ။

ယုတ္တိကင်းမဲ့လွန်းသော ...ရာတစ်ခုကို သူဟန်ဆောင်ပြ နေတာသာဖြစ်မည်။

ကျွန်မကသာ ယုံကြည်မိပါက ကျွန်မ၏ မိုက်မဲညံ့ဖျင်း





သော ဖြစ်သွားပေမည်ဟု ဘာသာသတိပေးနေမိပြန်၏။

"ရှင့်ကို မေးရဦးမယ်"

"မေးလေ"

"ရှင့်မှာ ပျော်စရာဒီလောက်ရှားသလားဟင်"

"မင်းဘာကို ပြောချင်တာလဲ"

"ရှင့်ဘေးမှာ မိန်းကလေး ချောချောလေးတွေဝိုင်းနေ မယ်ဆိုတာ ကျွန်မယုံပါတယ်။ ဘာဖြစ်လို့ မထူးခြားတဲ့ ကျွန်မအတွက် အချိန်ပေးနေရတာလဲ။ ဒီလိုလုပ်နေ ရတာရှင် ပျော်နေလို့လား"

သူပြုံးသည်။ နှုတ်ခမ်းကိုတွန့်ရုံ သူပြုံးလိုက်တိုင်း သူ့မျက် ...ထူတွေကျွေး ညွတ်သွားတာ သိပ်ကြည့်ကောင်းတာပဲဟု ...မထင်ပြန်၏။

"ကိုယ်လဲမသိဘူး။ မင်းကို တွေ့တွေ့ချင်း စွဲစွဲလမ်းလမ်း ဖြစ်သွားမိတာ။ ကိုယ့်ဘာသာ အံ့ဩလို့မဆုံးဘူး၊ အရှင်း ဆုံးဝန်ခံ ရရင် ကိုယ်မင်းကို မကြိုက်ဘူး ခင်မိုးခိုင်"

"ကျွန်မကို မကြိုက်ဘူး ဟုတ်လား"

"ဟုတ်တယ်၊ ကိုယ်ကြိုက်တဲ့ပုံစံမျိုး၊ အလှမျိုး မင်းမှာ မတွေ့ရဘူး၊ အကြိုက်စံနဲ့ရွေးရရင် ကိုယ်မင်းကိုမရွေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်၊ ကိုယ်မင်းကိုမခွဲချင်ဘူး၊ အဲဒါချစ်လို့ဖြစ်
ပေါ့။ စတွေ့ကတည်းက ကိုယ့်အမူအရာတွေက ဖျက်
တာ. . .”

“ကျွန်မတော့ မရိပ်မိပါဘူး”

“ဘယ်ရိပ်မိမှာလဲ . . . မင်းက. . .”

ဆက်မပြောသေးဘဲ ကျွန်မကိုကြည့်သည်။ သူ့အကြ
က မကျေလည်နိုင်လွန်းစွာ သူခံစားနေရမှန်းသိပြီး ကျွန်မ
ချင်လာသည်။ သူကြည့်လိုက်ပုံက ကျွန်မကို မျက်စောင်းနှင့်
လိုက်သလို။

“မင်းက. . . ကိုယ့်ကို ဘာမှအရေးမစိုက်တာဘဲ”

သူ့အတ္တသည် ကျွန်မအတ္တလောက် မကြီးပါဘူးဆို
တောင် အများကြီးလျော့နည်းနေသည် မဟုတ်ဟု ကျွ
ကိုယ်ကျွန်မ ခဏခဏသတိပေးနေရပြန်သည်။ သူ့လေသံ ဟန်
အမူအရာတွေထဲမှာ သူ့အတ္တကို သူက အတတ်နိုင်ဆုံးလျှော့
ထားတာ ကျွန်မသိသည်။ သည်အချက်ကို ကျွန်မက သ
မကင်း ချင်။ အလျှော့ပေးနောက်ဆုတ်ရင်း တိုက်ပွဲပုံစံကို သူ
မျိုးပြောင်းနေတာလားဟု တွေးနေမိပြန်၏။

ကျွန်မစိတ်ကို အတတ်နိုင်ဆုံးလျှော့ချထားလိုက်တာ
ကို ကလေးတစ်ယောက်လို သဘောထားပြီး စကားတွေအ





ကြီးပြောဖြစ်ပြန်သည်။

သူက အခုထိ ကျွန်မထံမှ ဘာအဖြေကိုမျှ မတောင်းခံ
ဘဲနေတာတော့ ကျွန်မအံ့သြရပြန်၏။ သူ ဆက်ဆံပြောဆိုနေပုံမှာ
ပီတိကလေးတစ်ဦးနှယ် ဖြူသန့်နေသည်လား ကျွန်မထင်မြန်
သည်။

“ကျွန်မ ပြန်တော့မယ်နော်”

လေသံမှာ တောင်းပန်ဟန် ညွှတ်နွဲ့သွားဖလမလား။

“ခဏဖြစ်ဖြစ်နေပါဦးကွာ”

သူ မျက်နှာပျက်သွားရင်းတား၏။

“ကျွန်မရောက်တာ တစ်နာရီရှိတော့မယ်”

“ခဏလောက် ထပ်နေပါဦး၊ မင်းမရှိတော့မယ့် အချိန်
တွေနည်းနိုင်သမျှ နည်းသွားချင်လို့ပါ”

“သိပ်ကြာရင် ကျွန်မအတွက် ဘယ်ကောင်းပါ့မလဲ”

“ကိုယ်ကျွေးတာလဲ မစားဘူး”

သူက မနေ့က သူဝယ်ထားသည်ဆိုသော ပေါင်မုန့်
အချပ်ကလေးများကို ကျွန်မရှေ့မှာပင် ယိုဘူးထဲမှယိုဖြင့် သုတ်
သိမ်းလျက် ကျွန်မကို ကျွေးခဲ့သည်လေ။

“ကျွန်မ မဆာလို့ပါ”



www.burmeseclassic.com

www.burmeseclassic.com



"ခဏလောက်တော့ နေဦးနော်. . . ကော်ဖီမစ်တ[...]
ထုပ်နဲ့ ရေနွေးရှိတယ်၊ သောက်မလား"

"ကျွန်မမှ မကြိုက်တာ"

သူ့အမူအရာတွေကိုကြည့်ရသည်မှာ ကျွန်မပြန်မှာ[...] တကယ်မင် မလိုမလားဖြစ်နေဟန်။ ကလေးတစ်ဦးကို မုန့်တွေ[...] ၍ ချော့နေသလိုမျိုး။

"ဆယ်မိနစ်လောက်နေနော်၊ ပြီးတော့ပြန်ပေါ့"

ပြန်ပေါ့ဟု သူပြောပြီး ကျွန်မကိုအကြာကြီးစိုက်ကြည့်နေ[...] ပြန်သည်။ ယောကျ်ားတစ်ယောက်၏ အကြည့်ကို ထိမထင်မှု[...] နှာမှေးဖြင့် ထာဝစဉ်တုံ့ပြန်တတ်ခဲ့သော ကျွန်မက သည်တစ်ကြိမ်[...] မှာတော့ ပျော့ပျောင်းညွတ်နူးစွာ ရင်ဆိုင်ခဲ့မိပြန်သည်။ အလကား[...] နေရင်း ကျွန်မသူ့ကို တင်းမာနေဖို့မလိုအပ်တာဘဲလေ. . .

"မနက်ဖြန်လဲ မလာဘဲမနေနဲ့နော်"

"အား၊ မအား မသိသေးဘူး"

"လာခဲ့ပါကွာ၊ ဖြစ်တဲ့နည်းနဲ့ ခဏလေးဖြစ်ဖြစ်တော့[...] လာခဲ့ပါ"

သူ့မျက်နှာကို ခဏငေးကြည့်ဖြစ်သည်။ သူ့လေသံညွတ်[...] နူးသလို သူ့မျက်နှာမှာ တောင်းပန်တိုးလျှိုးရိပ်ကို တွေ့သည်။ ကျွန်[...]





[...]စိတ်တွေ နူးညံ့ချင်သလို ဖြစ်လာတော့၏။

မယုံနဲ့၊ မယုံနဲ့ ဟု ဘာသာ သတိပေးနေသည့်ကြားမှ [...]ခက်နေ့ကျွန်မ မလာနိုင်ဘူးဟု တင်းမာပြတ်သားစွာ မဆိုရက် [...]ပြန်။

သူ့ကို ငဲ့ကွက်နေမိပြီလားဟု ကိုယ့်စိတ်ကိုယ် ရှုံ့တိုးရိပ်တိတ် [...]နေမိသော်ငြား ထိုစိတ်ကို လုံးလုံးလျားလျား ကျွန်မ မဆန့်ကျင် [...]တော့။

သူပြောသမျှကို ကျွန်မနားထောင်ပေးရင်း အလိုက်သင့် [...]အားတွေပြန်ပြောပေးရင်း သူသည်မှာရှိနေခိုက်မှာတော့ သူ့ဆီ [...] လာတွေ့သင့်တာပဲပေါ့ဟု တွေးမိသည်။ သူ့အတ္တကိုလည်း [...]န်မက နည်းနည်းတော့ ငဲ့ညှာသင့်တာပေါ့ဟု စဉ်းစားသည်။

အလကားနေရင်း မာန်တင်းနေမိသူ ကျွန်မအတွက် [...]ယ်လောက်ပင်ပန်းရတယ်ဆိုတာ ကျွန်မဘာသာ အသိဆုံး။ [...]နှင့်ကျွန်မ ဘာမှပတ်သက်စရာမရှိတော့ပါဘူး ဆိုပါလျှင် ကျွန်မ [...] ဘာကြောင့် တင်းမာပြတ်သားနေစရာလိုပါသတဲ့လဲ။

ကျွန်မစိတ်တို့ ပြိုကွဲစပြုနေပြီ။

ကျွန်မသက်ပြင်း ဖွဖွချမိပြန်၏။

"ဪ၊ ခဏနေဦး. . . မနေ့က ကိုယ်ဘယ်လောက် စားရတယ်ဆိုတာ ကိုယ်ပြောပြခဲ့တာတွေ မလုံ



www.burmeseclassic.com

www.burmeseclassic.com



လောက်အူးသိလား၊ ဒီမဂ္ဂဇင်းစာအုပ်ထဲမှာ ကဗျာတ... ပုဒ်တွေ့တယ်၊ အဲဒီ ကဗျာက ကိုယ်ခံစားရတဲ့အတိုင်း... ပဲလေ. . .။ ဒီမှာကြည့်၊ မင်းကို ပြဖို့အဆင်သင့်... လုပ်ထားတာ”

စားပွဲပေါ်မှ မဂ္ဂဇင်းအဟောင်းတိုကိုယူပြီး ခေါက်ထားသည့်... စာမျက်နှာကို သူလှန်သည်။ ပြီးတော့ မဂ္ဂဇင်းစာအုပ်ကို လှမ်း... ပေးသည်။

ကျွန်မ သူထောက်ပြသည့် ကဗျာကလေးကို ဖတ်ကြည့်... လိုက်၏။

သူမလာတဲ့နေ့

မတွေ့ဘဲလေ. .
နေနိုင်ရက်သလား
စိမ်းကားဟန်ဖြင့်၊ မေ့လိုက်ချင်လို့
တမင်ရှောင်သလား. .
အားငယ်ဆွေးရိပ်၊ အတွေးစိတ်ဝင်
ရင်မောလိုက်တာ . . .။

လွမ်းတဲ့စိတ်က





အရိပ်လိုနေ၊ တစ္ဆေလိုပူး
နှဖူးဆံစ၊ ယူထဖွနမ်း
နှုတ်ခမ်းလက်တာ၊ မျက်နှာတိမ်းရှောင်
မြင်ယောင်ပြန်သေး၊ မတွေးဘဲထင်
ဝေးလဲမြင်တယ် . . .
သူရင်ဘယ်သို့၊ ကိုယ့်ရင်ဘယ်ပုံ
ရင်ခုန်သံတွေ၊ ကြားယောင်နေသား
လာမှာလားကွယ် . . .
တံခါးဝမျှော်. . .
ဩော် . . . အနေခက်
သိပ်ရက်စက်တယ် . . .

အိပ်မက်တွေပေး
အိပ်ရေးတွေခိုး
တစ်ရေးနိုးတိုင်း
မိုးရယ်လင်းပါ
မနက်မှာပေါ့
သူလာတော့မယ်
တကယ်တွေ့မှ



www.burmeseclassic.com

www.burmeseclassic.com



မနေ့က လွမ်းတာ
တိုယ်ချင်းစာသလား
နှုတ်ခမ်းများနဲ့
စကားသံမဲ့ မေးကြည့်မယ် . . . ။
ကဗျာဆုံးသွားတော့ ကျွန်မသူ့ကိုမော့ကြည့်လိုက်မိသည်။
ကျွန်မကို စူးစိုက်ကြည့်နေသော သူ့မျက်ဝန်းရီဝေဝေမှာ ချစ်ရိပ်တွေ ကျွန်မတွေ့နေရသလိုပါလား။
အတော်ကြာ စူးစိုက်ဆုံထားဆဲ အကြည့်မှာ ကျွန်မ မျက်ဝန်းထဲက ဘာယ်အရာတွေကို သူတွေ့နေရလေမလဲ။
ကဗျာကလေးက ကျွန်မ၏ နှလုံးသားကို ဖုံးအုပ်ထားသော အတ္တမာနများအား ဖယ်ရှားပစ်လိုက်လျှင်ဖြင့် ကျွန်မ မျက်ဝန်းမှ ပကတိအရောင်များကို သူတွေ့သွားနိုင်တော့မည်ပဲ။
အကြည့်ကိုလွှဲရင်း ကျွန်မသက်ပြင်းချမိသည်။
"မနက်ဖြန် ကိုယ်မျှော်နေမယ်။ လာတာ မလာတာက တော့ မင်းသဘောပါ"
ကျွန်မ လေးတွဲ့စွာ ထအရပ်မှာ သူကတိုးတိုးပြောလိုက်သည်။ ကျွန်မနှုတ်မှစကားတွေ မသွက်တော့။ ကျွန်မသူ့ကို မျက်လွှာပင့်ပြီး ပြန်ကြည့်လိုက်ကာ ဘာစကားမှမဆိုပြန်။
နှစ်ဦးသား တိုးတိတ်စွာပင် ခြံဝန်းဝဆီသို့ လျှောက်၏။





တံခါးဖွင့်ဖို့ တံခါးပေါင်ကို ကျွန်မကအကိုင် သူကလည်း တံခါးခေါင်ကိုအကိုင် ကျွန်မလက်ချောင်းလေးတွေပေါ် သူအုပ်ကိုင်လိုက်သလိုဖြစ်သွား၏။
သူက ချက်ချင်းပင် လက်ကိုလွှတ်ကာ နေရာပြောင်းသည်။ ကျွန်မက ခါတိုင်းလိုသာဆို ဒေါသထောင်းခနဲ ဖြစ်မည်သားမသိ။ အခုတော့ ကျွန်မသူ့ကို ညွတ်နူးစွာကြည့်ရင်း ဝန်းဖြင့်ထွက်လာခဲ့တော့သည်။

×××



www.burmeseclassic.com

www.burmeseclassic.com



## ခန်း (၁၂)

"မင်းသဘောပါ" ဆိုသည့် သူ့အသုံးအနှုန်းကို (ကျွန်မ ဒါအတွက်) က သဘောကျသွားသည်မှာ အမှန်ပင်။ ကျွန်မ အပေါ် သွမ်းမိုးဖို့မကြိုးစားဘဲ ကျွန်မကို ဦးစားပေးတာ ကျွန်မက သိုလားနှစ်သက်တတ်တာပဲ။

ကျွန်မက မြှောက်ပင့်မြှောတာမျိုးတော့လည်း မခံချင် ပြန်။ ကျွန်မကို အလေးထားဖို့သာ လိုပါသည်။ ကျွန်မကို အလေး ထားပါက ကျွန်မကလည်း ပြန်ပြီးအလေးထားရန် ဝန်လေးသူ တော့ မဟုတ်။

ကျွန်မ သူ့ဆီကိုသွားဖို့ ဆုံးဖြတ်မိခြင်းအတွက် ကိုယ်သာ သာ ဆင်ခြေတွေပေးနေမိပြန်သည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုသာကျွန်မ ရှူရှိနေသည့်နေရာကို နေ့စဉ်ရော ဆက်သွားနေမိလျှင် သိက္ခာတွေကျဆင်းတော့မည်ပေါ့။ နောက်နေ့မှာတော့ သူ့ကိုပြန်ဖို့ ကျွန်မပြောရတော့မည်ဟု တွေးသည်။

သူပြန်သွားလျှင် ကျွန်မအခြေအနေမှာ ပုံမှန်ပင်ဖြစ်နေပါလိမ့်မည်။ ကျွန်မ၏ စမ်းသပ်မှု အောင်မြင်ခြင်းရှိ မရှိဆိုတာကတော့ သူပြန်သွားပြီး နောက်ပိုင်း ဖုန်းဆက်မေးချင်ကြည့်ချင်လည်း ကြည့်နိုင်သည်။ သူ အရက်လုံးဝမသောက်လျှင် ကျွန်မအမြတ်။

မိန်းကလေးတွေ အများကြီးတွဲဖူးခဲ့သူတစ်ယောက်နှင့် စကားပြောနေရမှာ ဝန်မလေးတတ်တော့သော ကျွန်မ၏စိတ်ကို ကျွန်မမကြိုက်ချင်တော့။ ဒါ ကျွန်မဘက်က အရှုံးဟု တွက်လို့ရနိုင်သည်။

သူ့ကို မြန်မြန်ပြန်သွားတာက အကောင်းဆုံးဟု ကျွန်မဆုံးဖြတ်မိသည်။

သည်ဆုံးဖြတ်ချက်နှင့် ကျွန်မသူ့ဆီကို ထွက်လာခဲ့၏။

×××

ကျွန်မတို့ မနေ့ကလိုပင် အိမ်ထဲကဧည့်ခန်းမှာ ထိုင်ဖြစ်သည်။ သူကြည့်ရသည်မှာ ကျွန်မလာလို့ ပျော်နေပုံရသည်။ သည်အိမ်မှာရှိနေတဲ့ ဓာတ်ဘူး လ[illegible]ရည်ပန်းကန်တို့ကို သူ့အားအသုံးပြုခွင့်ပေးထားသ[illegible]သူက ကျွန်မကို ကော်ဖီမစ်ဖျော်တိုက်သည်။ ကျွန်မလုံးဝမကြိုက်သော်လည်း သည်နေ့တော့ သူ့ကိုလျှော့လျှော့ပေါ့ပေါ့ ဆက်ဆံသည့်အနေဖြင့် သောက်ပါမည်ဟုစဉ်းစားကာ သောက်မိ၏။ ကျွန်မ မျက်နှာကို ကြည့်လိုက်၊ ပေါင်မုန့်ကိုယူသုတ်လိုက် လုပ်နေပုံမှာ ကျွန်မကြည့်နူးစရာပါပဲ။ သူကျေနပ်အောင် ပေါင်မုန့်တစ်ချပ် စားမည်ပြောရ၏။

"ကဲ . . ရှင့်ရည်းစားတွေအကြောင်း ကျွန်မကိုပြောပါဦး"

ကျွန်မ ပေါ့ပေါ့ပါးပါးဖြစ်စေရန်၊ ပြီးတော့ သူ့အပေါ်အထင်အမြင်သေးသွားနိုင်စေရန် ကျွန်မက သည်မေးခွန်းကို ပေးလိုက်၏။

"အများကြီးရယ်၊ အကြာကြီးနားထောင်ရမှာပေါ့"

"ဒီနေ့ကြာချင်ကြာပါစေတော့၊ မနက်ဖြန်တော့ ပြန်မှကောင်းမယ်နော်၊ ကြာရင် ကျွန်မရဲ့သိက္ခာကို ထိပါးလာတော့မယ်။ အခုတောင် ဘာတွေပြောနေကြပြီလဲ မသိဘူး"

"ကိုယ်လဲ တွေးမိပါတယ်"

သူက စိတ်မကောင်းစွာ ပြောလိုက်မှန်း နားလည်ပါ







www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘာတတ်နိုင်မှာလဲ သူနဲ့ ကျွန်မဘာမှ မဖြစ်
ကျွန်မ တို့အသိဆုံးပါဝဲ။ သူက တို ချစ်တာကလွဲလို့ပေ

"ရည်းစားဘယ်နှစ်ယောက်ထား ဖူးလဲ"

စိတ်မကောင်းစရာတွေ မစဉ်းစားချင်လို့ သူ့ကို မေးလို
သည်။

"ဘယ်မှတ်မိမှာလဲ"

"ခန့်မှန်းခြေပေါ့"

"မမှတ်မိတော့ဘူး၊ တချို့နာမည်တောင် မမှတ်မိ
တော့ဘူး"

အတော်တရားကျဖို့ကောင်းပါလားဟု အောက်မေ့လို
၏။ ကောင်းပါတယ်။ သူ့ဆီက သည်လိုစကားမျိုးလေးတွေကြ
တာ သူ့အပေါ် ကျွန်မ မတိမ်းညွတ်နိုင်အောင် တားဆီးရာကျတာ
ပေါ့။ သည်လိုလူမျိုးထည့်စဉ်းစားမိပါက ကျွန်မလည်း နာမည်မေ
ရသည့် စာရင်းထဲပါသွားနိုင်သည်ပဲ။

"အသက်ငယ်ငယ်လေးတွေလား"

သူရယ်သည်။ သူကတော့ ဘာရယ်မဟုတ်။ ကျွန်မနဲ့
စကားပြောနေရလျှင် ပြီးရော သဘောထားလားမသိ။ ကျွန်မ
ခပ်ပေါ့ပေါ့မေးနေတာကို သူက တကယ်ပြောနေသည်။

"ငယ်တာရော ကြီးတာရောပေါ့"

"အသက်ငယ်တာတော့ ချမ်းသာပေးသင့်တာပေါ့ရှ





"ဟာ၊ အားလုံးကို ချမ်းသာပေးပါတယ်ဗျာ၊ ကိုယ်က
လူယုတ်မာမှ မဟုတ်တာဘဲ။ ကိုယ်နဲ့သူတို့နဲ့က တွဲကြ
တာ သက်သက်ပါ"

"တစ်ယောက်ပြတ်ပြီးမှ တစ်ယောက်တွဲတာလား"

"အပြိုင်တွဲတာတွေလဲ ရှိတာပေါ့ကွာ"

"ကောင်မလေးတွေအားလုံး ရှင့်ကို အလေးအနက်
မထားကြဘူးလား"

"ထားတဲ့လူတွေလဲ ထားကြတာပေါ့၊ အများစုကတော့
ကိုယ့်လိုပဲ၊ ကိုယ့်ကို ကြိုက်လို့တွဲကြတာများပါတယ်၊
ကေသွယ်တွန်း ဆိုတာရှိတယ်၊ ကိုယ့်ကို အရမ်းချစ်တာ
ကိုယ်သိတယ်။ ကိုယ်က မချစ်တော့ သူ့ကိုအားနာပြီး
ခွာလိုက်တာ၊ သူ့အရမ်းခံစားရတယ်။ ကိုယ် ကောင်မ
လေးတွေ ဆက်တွဲနေတာသိပေမယ့် ကိုယ့်ကို သူမပြတ်
ဘူး၊ ကိုယ်ဘာလုပ်လုပ်ခွင့်လွှတ်တယ် ပြောတယ်"

သူ့စတိုင်လ်ကို ကြိုက်လို့တွဲတာတွေပါသည့် ဆိုတာလည်း
ကျွန်မယုံပါသည်။ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်အဝရှိနေသည့်
သူ့ဟန်ပန်ကို ကျွန်မပင် သတိထား လက်ခံနိုင်ခဲ့သေးတာပါ။

"ရှင်ကလဲ ကောင်မလေးတွေကြိုက်ရင် လက်ခံလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာဝဲလား"

ကျွန်မစကားကြောင့် ကျွန်မကိုကြည့်ပြီး ပြုံးပြသည်။ ကျွန်မ၏ စကားက အူတိုသည့်သဘောအဓိပ္ပာယ်များရောက်သွ လေသလားမသိ။ ပြောလိုက်မိပြီးမှ ကျွန်မနောင်တရနေပြန်သည်။ သူသည်လို ပြုံးလိုက်ခြင်းသည်ပင် ကျွန်မကိုလှောင်နေတာလား ကျွန်မခံစားမှုကို သူထပ်ပြီး မရိပ်မိအောင် အရေးမကြီးတဲ့ကိ တစ်ခုကို မေးမိသလိုမျိုး ကျွန်မခပ်တည်တည်နေလိုက်သည်။

အမယောင်ယောင်အမှားမှားဖြင့် ကျွန်မရှေ့မှာ ချထာ သည့် ကျန်နေသေးသော ပေါင်မုန့်ကို ကောက်ယူပြီး ကျွန်မစာ လိုက်မိ၏။ တစ်ကိုက်သာစားပြီး စားချင်စိတ်မရှိဘဲ ပြန်ချထာ လိုက်မိပြန်သည်။ ကျွန်မပေါင်မုန့်ကို ပြန်အချမှာ သူက သူ့တ လက်စွာဖြင့် ကျွန်မလက်သုတ်နိုင်ဖို့ စက္ကူဖြူဖြူ အလိပ်ကလေးက စက္ကူစတွေဖြတ်ပြီး လှမ်းပေးပြန်၏။

"ကိုယ်ကလဲ သူတို့စတိုင်လ်ကို ကြိုက်လို့နေမှာပေါ့"

ဟု သူပြန်ပြောသည်ကို အလေးအနက်မထားသလို စက္ကူ စလေးကို လှမ်းယူသည်။

သူ့အဖြေမှာ ရိုးသားပွင့်လင်းလွန်းလှသည်ထင်၏။ သို့ သော် ကျွန်မ မနှစ်မြို့နိုင်သည်မှာ အမှန်။ သူ့ကို တွယ်တာ ချစ်ခင် သွားသည့်မိန်းကလေးများရှိသွားမည်မှာလည်း မလွဲပေ။ စောစော





က သူပြောလိုက်သည့် ကေသွယ်ထွန်းလိုပေါ့။ သည်လိုဖြစ်ပြီဆို တော့ မိန်းကလေး၏ ခံစားမှုကို သူလျစ်လျူမရှုသင့်ပါ. . .။

"ရှင့်အတွက် မျက်ရည်ကျရတဲ့ မိန်းကလေးတွေ ရှိမှာ ပေါ့"

"ရှိတယ်လေ၊ ကေသွယ်လဲ ခဏခဏငိုတာပဲ"

သူက ခပ်ပေါ့ပေါ့ ဖြေသော်ငြား၊ ကျွန်မရင်ထဲမှာကား လေးလံသွား၏။ ဘယ်လိုလူပါလိမ့်။ ကျွန်မကို ချစ်တယ်လို့ပြော အားတာများ မေ့သွားလေသလား။ သူစရိုက်မှန်တွေ ကျွန်မအထင် ကြီးအောင် မဖုံးတော့ပြီတဲ့လား။

"မသနားဘူးလား"

"သနားတော့ သနားတာပေါ့။ ကိုယ်ကမှ မချစ်တာ ဘာ တတ်နိုင်မှာတဲ့လဲ၊ သူတို့ကို သနားပြီး ကိုယ်ကလက် ထပ်ရမှာလား"

"ဒါဆိုလဲ အစတည်းက ကြိုက်ရုံနဲ့မတွဲနဲ့ပေါ့"

"သူတို့က ကြိုက်ရုံနဲ့တွဲရင်း ချစ်သွားကြတာပဲ၊ ကိုယ်က ကြိုက်ရုံကနဲ့ ဆက်မတက်တာ"

သူစကားနှင့်သူတော့ ဟုတ်နေပြန်၏။ သူ့ကိုတွဲသည့် ကောင်မလေးတွေ၊ သူ့ကို ချစ်ပြီးစွဲလမ်းသွားတာလည်း ဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ သူ့မှာ စွဲလမ်းနှစ်သက်စရာတွေ အတော်များများ ရင်းနှီးမှု သိလာတွေလာနိုင်တာတွေရှိနိုင်တာပဲ။

"ကျွန်မလို ရှင်မကြိုက်တဲ့စတိုင်လ်ကိုလဲ ရှင်က အလှ မပေးဘူးနော်"

ကျွန်မ အရယ်နှောရင်းပြောလိုက်၏။

"ဟာ . . . ကိုယ်က မင်းကိုကြိုက်တာမှမဟုတ်ဘဲ၊ သွားတာပဲလေ . . ."

"ဟုတ် . . . လား"၊

ကျွန်မက သရော်သံဖြင့် သူ့ကိုကြည့်ရင်း ပြောလိုက်သော်လည်း သူက ဣန္ဒြေပျက်မသွား။

"တကယ်ပါ ခင်မိုးခိုင်ရယ် . . . ကိုယ်က ဘယ်သူ့ ရင်ခုန်ဖူးတာမဟုတ်ဘူး၊ မင်းကိုတွေ့မှ စိတ်တွေအရ လှုပ်ရှားပြီး ရင်ခုန်ခဲ့ဖူးတာပါ။ ဒါတော့ မင်းယုံ"

ကျွန်မကတော့ မယုံပါ။ သူ ကျွန်မကို ချစ်သောကြော ကျွန်မရှိရာကို အခုလိုလိုက်လာတာပါဟု သက်သေပြလျှင်လည် ကျွန်မယုံမည်မဟုတ်။

ကြည့်လေ . .။ သူ့အမူအရာတွေက ဘယ်လိုမှ ကျွန် ကို ထိထိခတ်ခတ်ခံစားမှု မဖြစ်စေခဲ့။





သူ ရင်ခုန်ပါသည်ဆိုသည့် ကျွန်မရှေ့မှာ ဘာကိုမှ ထိ ထေင်သော မျက်နှာထားနှင့် အေးအေးဆေးဆေးတည်ငြိမ်စွာ သူထိုင်နေ နိုင်တာပါလား။ သူ့လက်များကလည်း ဣန္ဒြေရစွာ၊ တည်တည်ငြိမ် ငြိမ်အနေအထားတွေမှာ ကျွန်မတွေ့ရ၏။ စားပွဲခုံကို ခေါက်ခြင်း၊ လက်ဆစ်တွေကိုချိုးခြင်း၊ လက်ဖျားတွေကို တစ်ဖက်နှင့် တစ်ဖက် ဆုပ်နယ်နေခြင်း ဘယ်တော့မှ မတွေ့ရ။ ယုတ်စွအဆုံး စားပွဲခုံ အောက်မှ ခြေထောက်များပင် နေရာရွှေ့ခြင်းမရှိ။

ဒါနဲ့များ သူကရင်ခုန်ရပါသည်ဟု ကျွန်မကိုညာနေသေး တော့သည်ပဲ။ သူ့အမူအရာနှင့်သူ့စကားတွေက မကိုက်ညီပါလား။

ကျွန်မက ဘာကြောင့်များ သူ့လှုပ်ရှားမှုတွေကို အသေး စိတ်ဂရုစိုက်နေမိရတာလဲ။ သူ့ဘာသာ တုန်တုန်လှုပ်လှုပ် အမူ အရာတွေကို ကျွန်မကလိုချင်တောင့်တနေရပါသတဲ့လား။

စဉ်းစားရင်း ကျွန်မရှက်လာသည်။

သူ ကျွန်မကိုစူးစိုက်ကြည့်နေရင်း စကားကိုဆက်၏။

"သိလား . . .။ ကိုယ်ဒီလိုတစ်ခါမှ မဖြစ်ဖူးဘူး၊ မင်းနဲ့ ပတ်သက်ပြီး အသေးအဖွဲလေးတွေက အစ၊ ဂရုတစိုက် ရှိနေမိလို့ ကိုယ့်ဘာသာလဲ အံ့သြနေမိသေးတယ်၊ ကိုယ် တို့ ခရီးအတူသွား ခဲ့ကြတဲ့အကြောင်းတွေ စဉ်းစားပြီး တော့ ကြည်နူးနေတတ်တယ်။ မင်းနဲ့ စကားတွေအကြာ



www.burmeseclassic.com

www.burmeseclassic.com



ကြီး ပြောချင်နေတာ၊ မင်းပြောသမျှကို နားထော

ချင်နေတာ၊ ပြီးတော့ မင်းထုတ်ထားတဲ့ စည်းမျဉ်းတေ

ကို လိုက်နာချင်နေတာ၊ ကိုယ့်ဘာသာ အံ့ဩလို့မဆုံး

ကိုယ်သာ အရမ်းလွတ်လွတ်လပ်လပ် ကြိုက်တဲ့

အနှောင်အဖွဲ့ အဟန့်အတားတွေကို မုန်းတဲ့သူ

အခုမင်း သတိထား ဖြစ်လား”

စကားဖြတ်ပြီး ကျွန်မကို ကြည့်သည်။

“ဘာလဲ”

“ကိုယ်မင်းရှေ့မှာ စီးကရက် မသောက်ဘဲနေတာ

“ဩော်. . . ဟုတ်သားပဲ၊ ခရီးသွားတုန်းက စီးကရ

အရမ်းသောက်တာနော်”

“ကိုယ်ဖြတ်ဖို့ အခဲယဉ်းဆုံးအရာဟာ စီးကရက်ပဲဖြစ်မ

ထင်တယ်၊ ဒီလောက်ကြိုက်တဲ့ စီးကရက်ကိုတော

မင်းရှိနေရင် ကိုယ်သတိမရဘူး”

“တယ်ဟုတ်ပါလား၊ စီးကရက်ရော ဖြတ်လိုက်ပါလား”

“မင်းသာ အနားမှာ အမြဲရှိနေရင်၊ ဖြတ်နိုင်မှာပဲ”

သူ့အကြည့် စူးစူးကို ကျွန်မဆုံမထားချင်တာမို့ မျက်လွှာ

ချလိုက်မိ၏။ ဟုတ်သားပဲ သူကျွန်မရှေ့မှာ စီးကရက်မသောက်ပါ





ား။ ဒါ ကျွန်မက တောင်းဆိုတာလည်း မဟုတ်ခဲ့။

သူ့ဘာသာ ဖြတ်ချင်လို့ ဖြတ်နေတာကို ကျွန်မကြောင့်

သူ သူဆွဲထည့်နေတာရော မဖြစ်နိုင်ဘူးတဲ့လား။ ဘာပဲဖြစ်ဖြစ်

ျွန်မ မကြိုက်သည့်အရာတွေ သူဖြတ်သွားလျှင်တော့ ကျွန်မ

ကျေနပ်မိပေမည်။

သူပြောတာတွေထဲမှာ ယုံကြည်နိုင်စရာတွေပါပါသည်။

ကျွန်မကသာ သူပြောတာတွေ မယုံနဲ့၊ ယုံရင် ညံ့လို့ပဲ

သူ ဘာသာသတိပေးပြီး စိတ်တင်းထားသည်မှာ ပင်ပန်းလွန်းလှပြီ

။ ကျွန်မ မေးသမျှကို သူသည် စိတ်ရှည်လက်ရှည်ဖြင့် ပြောပြနေ

မှာ တရားခံတစ်ဦးကို စစ်မေးနေရသလိုပင်။

ကျွန်မ စိတ်လျှော့ချလိုက်မိ၏။

သူ့အချစ်ကို ကျွန်မ မတုံ့ပြန်ချင်လျှင် မတုံ့ပြန်ဘဲ နေ

လိုက်ရုံသာ။ အခုလို အသားလွတ် အနိုင်ယူနေသည်ကတော့

ကျွန်မတရားတော့မည်မဟုတ်။

သူ့အတ္တနှင့် ဖြစ်တည်မှုကို ကျွန်မ အလေးထားသင့်ပြီ

ထင်၏။ ကျွန်မ၏ အတ္တကို ကျွန်မ မေ့လျော့နေခဲ့သည်ပဲ။

ကိုယ်ချင်းစာတရား ကျွန်မသူ့အပေါ် ထားသင့်သည်ပဲပေါ့။

“ကဲ. . . ဘာသိချင်သေးလဲ”

ကျွန်မအတွေးနှင့် ကျွန်မချာလည်လိုက်နေစဉ်မှာ သူ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ အေးချမ်းစွာ ကလေးတစ်ဦးနှယ် မေးလိုက်၏။

အေးချမ်းရိုးစင်းတဲ့အပြုံးနဲ့ ကြည့်နေတဲ့ သူ့အမူအရာကိုငေးရင်း၊ ရင်တွင်းမှာ တစ်ချက်လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားသည်။

သူညာနေတာ မဟုတ်ဘူးနဲ့ တူ စိတ်ထဲက ထပ်တလဲလဲ ရွတ်ဆိုလိုက်မှ ကျွန်မအခြေအနေက ပုံမှန်ပြန်ရောက်သွားသလို။

"ကျွန်မ ရှင့်ကို ဘာမဆိုင် ညာမဆိုင်နဲ့ . . . ဒီလိုလျှောက်မေးနေတာ မကောင်းပါဘူးနော်"

လေသံလျှော့ရင်း ကျွန်မပြောမိ၏။

"ကောင်းပါတယ်"

"ရှင်"

"ကောင်းပါတယ်ဆိုတာက၊ ကိုယ်က လိုလိုလားလားမင်းကို ပြောပြချင်တာပါ။ ဘာဖြစ်လို့လဲဆိုရင် ကိုယ့်အကြောင်းတွေကို မင်းအားလုံးသိစေချင်လို့ပဲပေါ့။ ကိုယ်မပြောချင်ရင် မပြောလဲရ နေတာပဲဟာ"

"ကြားချင်လို့ဆိုပါတော့"

သူ့ရော ကျွန်မပါရယ်သည်။

"ကြားရအောင်က ဒီအကြောင်းတွေ မင်းသိသွားလို့ကိုယ့်အပေါ်မှာ ဘာအမှတ်တိုးစရာရှိလဲ၊ ကိုယ့်ကို ဘာ





အတင်ကြီးစရာရှိလဲ"

သူပြောတာလည်း ဟုတ်နေပြန်သည်။ ဒါတွေ ကြားရ ပြီး ကျွန်မက သူ့ကိုပိုပြီး တိမ်းညွတ်လာစရာမှမရှိဘဲ။ ပိုပြီးအဝေးကွာသွားရုံရှိမည်။ သည်လိုပွင့်ပွင့်လင်းလင်း ပြောတတ်တာ စ်ခုကလည်း ကျွန်မသူ့ကို မခင်ဘဲနေလို့မရအောင် သူလုပ်နိုင်း ထဲမှာပါလေမည်။ ကျွန်မက ဖြေးဆန်ရန် လုံလောက်သော အကြောင်းပြချက်များကို သူကဝန်ခံထွက်ဆိုပေးနေတာပါလားဟု န်မတွေးရှုးတင်ရှိသာ။

"မနက်ဖြန် ကိုယ်တကယ်ပြန်ရတော့မယ်ပေါ့"

ကျွန်မသူနှင့် အကြည့်ဆုံရင်း ခေါင်းညိတ်ပြလိုက်သည်။

"မခွဲချင်ဘူးကွာ . . . ကိုယ်မင်းကို တကယ်ချစ်တာပါ"

စကားအဆုံးမှာ သူကျွန်မကို ပြုံးပြုံးကြည့်နေပြန်သည်။ န်မလည်း သူနှင့်အကြည့်ဆုံနေပြန်၏။

သူက အတော်လေး ကြည့်ကောင်းသည့်သူပင်။ ခပ် တ်လတ်အသားအရည်၊ မြင့်မား သွယ်လျတဲ့အရပ်နဲ့ တည်ငြိမ် င့်ကျက်တဲ့ အသွင်ဆောင်တဲ့ မျက်နှာ၊ ဒါတွေအားလုံးဟာ န်းကလေးအတော်များများ ခပ်ဝေးဝေးကို ထွက်မသွားနိုင် အောင် နှောင်တည်းထားနိုင်တဲ့ကြိုးတွေလို ဖြစ်နေမှာပါပဲ။

"ရှင့်စရိုက်တွေ စပြီးပြင်နေလို့လား မသိဘူး၊ ရှင့်ကြ



www.burmeseclassic.com

www.burmeseclassic.com



နှာက စတွေ့တုန်းကထက်ပိုပြီး ကြည့်ကောင်းလာ
တယ်သိလား”

ကျွန်မက ရင်ထဲကစကားကို လျှော့လျှော့ပေါ့ပေါ့ ပြော
လိုက်သည်။

ဘာမှချက်ချင်း ပြန်မပြောဘဲ ပြုံးသည်။

“ဘာပြုံးတာလဲ”

ခဏတာ ကြုံဆုံရင်း ပြုံးပြီးမှ သူကပြောသည်။

“မင်းကိုယ့်အပေါ်မှာ၊ မေတ္တာနည်းနည်းရှိနေလို့ ပိုကြည့်
ကောင်းတယ်ထင်လာတာပါ။ ဟုတ်တယ်မဟုတ်လား”

သူ့စကားကိုကြားပြီး ကျွန်မအကြည့်လွှဲလိုက်မိတာဘာ
ကြောင့်ရယ်မသိ။ သူ့စကားကို ကျွန်မက စိတ်ဆိုးဖို့ထက် ထိတ်
လန့်တုန်လှုပ်သလို ခံစားလိုက်ရသည်။ သူက ကျွန်မကို သတိပေး
လိုက်သလိုပါပဲလား . . .။ သူ့ကို ကျွန်မကကယ်တွယ်ငြိသွားမှာ
အလွန်ကြောက်နေသည်။ စရိုက်ဟောင်းများ အချိန်မရွေးပြန်
ပေါ်နိုင်သူတစ်ဦးကို တွယ်တာမိသဖြင့် ရလာမည့်အပူသောက
များကို ကျွန်မ မတွေးဘဲ မနေနိုင်ပါ။

သူပြောသလို မဖြစ်နိုင်ပါဘူး။ သူ့မျက်နှာ၊ သူ့ဟန်ပန်
ကြည့်ကောင်းတယ်ဆိုတာ အစကတည်းက ငါလက်ခံခဲ့တာပဲဟု
ဘာသာငြင်းရင်း သူ့မျက်နှာကိုတော့ မကြည့်ရဲပြန်။





လက်ဖျားတွေနွေးခနဲ ဖြစ်အသွားမှာ နံရံဆီရောက်နေ
သည့် အကြည့်ကို ဖျတ်ခနဲ လက်တွေဆီပို့သည်။ စားပွဲပေါ်တင်
ထားသည့် ကျွန်မရဲ့လက်လေးတွေကို သူဆုပ်ကိုင်ဖြစ်ညှစ်လို့နေ
ပါရောလား။ ကျွန်မက သည်လိုအတင့်ရဲစွာ ကျူးကျော်ကိုင်တွယ်
သာမှုကို မကျေနပ်စိတ်ဖြင့် ရုန်းလိုက်၏။

သူ့လက်တွေထဲမှာ လုံးလုံးလျားလျားရောက်ပြီး သူက
တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ထားသည်မို့ ရုန်း၍မရပြန်။

ကျွန်မလက်ဖျားတွေက တင်းကျပ်သည်ထက် တင်းကျပ်
အောင်ဆုပ်ကိုင်ထားရင်း

“ကိုယ်မင်းကို သိပ်ချစ်တယ်ကွာ”

ဟုပြောနေပြန်သည်။ သူ့အသံ၌ မောဟိုက်သံပါနေလေ
သလား။

“ကျွန်မလက်တွေကို လွှတ်ပါ”

ကျွန်မအသံတွေ တုန်တုန်ယင်ယင် ဖြစ်နေသည်ကား
အသေအချာပင်။

“မင်းကိုယ့်ကို ချစ်တယ်မဟုတ်လား”

ကျွန်မက ချက်ချင်းခေါင်းကို ခါယမ်းပြလိုက်သည်။ သည်
သို့အကြပ်ကိုင်ပြီး မေးရုံနဲ့ရနိုင်ရိုးလား။

“ကျွန်မကချစ်တယ် မပြောရင် လက်တွေမလွှတ်ဘူးလား”



www.burmeseclassic.com

ကျွန်မသူ့ကို ကြည့်ရင်းမေးသည်။

သူ့လက်တွေ အလိုလိုပြေလျော့သွားတာ ကျွန်မသိ လိုက်၏။ ရုန်းစရာမလိုပါဘဲ ကျွန်မလက်တွေကို သူ့လက်ထဲမှ ပြန် ဆုတ်နိုင်လိုက်သည်။ သူကလွှတ်မပေးဘဲ ရုန်းရင်းဆန်ခတ် ဖြစ် သည်အထိ အခြေအနေမျိုး မရောက်သည်ကိုပင် ကျွန်မ ကျေးဇူး တင်ရမည်လား။

ကျွန်မက သူ့မျက်နှာကို မကြည့်ရဲ ကာ့ပေ။ မျက်နှာကို လွှဲကာ ကြမ်းပြင်ပေါ် သို့ ငုံ့ကြည့်နေမိပြန်သည်။ တဆတ်ဆတ် ခုန်နေသော ရင်ကို ကျွန်မကညင်ငြိမ်အောင် ကြိုးစားကြည့်နေသော် လည်း မရ။ ကျွန်မရင်က ထင်ထားသည်ထက် ပို၍ ခုန်ချင်နေပါ လား။ လက်ကလေးကို ကိုင်ရုံမျှနှင့် ကျွန်မက သည်လောက်အထိ ရင်ခုန်နေရတာဘာ့ကြောင့်လဲဟု မကျေနပ်ချင်ပြန်။

"ကိုယ့်ကိုခွင့်လွှတ်ပါ ခင်မိုးခိုင်၊ ကိုယ်က မနက်ဖြန်ပြန်ရ တော့မယ့်သူပါ"

သူလည်းကျွန်မကို မကြည့်ဘဲပြောနေသည်။ သူ့လေသံ မှာ နူးညံ့ပျော့ညွတ်ဖွယ်ရာရှိပြီး သူ့အပြုအမူစိတ်မကောင်း ဖြစ်ဟန် ရောစွက်နေသလို။

ကျွန်မဘာမှပြန်မပြောမိ။ သူ့မျက်နှာကို မကြည့်ဘဲ နား ထောင်ရင်း သူ့အသံ အလျှပ်အခတ်ကို ကျွန်မသိနေတာလဲ ဆန်း





ကြယ်နေသလို။ သူ့ကို နှုတ်ဆေချင်သည့်အရာတိုင်း ကိုယ်မနာဘဲ ဖြစ်နိုင်မှန်း ကျွန်မနားလည်လာတော့သည်။

"မနက်လိုက်ပို့ဦးမလား၊ ကားဂိတ်ကိုလေ"

ကျွန်မခေါင်းယမ်းပြလိုက်မိသည်ထင်၏။ သူ့ထံမှ သက် ပြင်းငွေ့ငွေ့ချသံကို ကျွန်မကြားနိုင်ပြန်သည်။

"မပို့တာဘဲကောင်းပါတယ်လေ။ . . . ကိုယ်ခံစားနိုင် မယ် မထင်ဘူး"

သူကတကယ်ပြောနေပါလားဟု ခံစားနားလည်ရင်း ရင် ထဲမှာ မပျော်တော့။ သည်တစ်ရက် ကျွန်မစိတ်ကိုတင်းလိုက် ခြင်းဖြင့် ကျွန်မလုံခြုံမှုကိုရနိုင်တော့မှာပါလားဟု တွေးကာ အား တင်းသည်။ အမှန်တော့ ကျွန်မသည်လည်း မိန်းမသားဖြစ်ပြီး ကျွန်မ၏အတ္တမာနကြီးမားမှုတို့သည် မိန်းမသားတို့၏ နူးညံ့မွေ့ လျော်မှုများကို ကုန်စင်အောင် ဖယ်ထုတ်မပစ်နိုင်မှန်း ကျွန်မသိ လာတော့၏။

ကျွန်မသာ စိတ်ကိုတင်းမထားလိုက်နိုင်ပါက ကျွန်မသူ့ ရင်ခွင်ထဲမှာ ခေါင်းထားပြီး အားပါးတရ ငိုပစ်လိုက်မိမှာပါလေ။

"ပြန်တော့မယ်"

ပြောရင်းရုတ်တရက်ထရပ်ကာ ကျွန်မအခန်းထဲမှ ထွက် သွားခဲ့၏။

× × ×

www.burmeseclassic.com



ရုတ်တရက်ကြီး ကျွန်မထဖြီးထွက်ခဲ့သည်မှာ ကျွန်မကိုယ် ကျွန်မ မထိန်းချုပ်နိုင်မှာစိုးလို့ဟု သူတတော့ သိမည်မထင်။ သူ ဒေါ်ပွလို့၊ စိတ်ဆိုးလို့ဟု သူထင်ချင်ထင်မည်။

ဝန်းတံခါးဆီ အလျှောက်မှာ သူကပေါ့ပေါ့ပါးပါးစကား ပြိုးစလိုက်၏။

"အပြန်မှာ ကိုယ်သွားခဲ့က ကောင်မလေးချော ချောတ ယောက်လောက်ကျရင် ကောင်းမယ်နော်၊ အပြန်ခ မဖျင်းရတော့ဘူးပေါ့"

"ဟုတ်တာပေါ့"

သူနောက်လိုက်သည့်စကားတို့ ကျွန်မက ခပ်ပေါ့ပေါ့ပြ ပြောအပြီးမှာတော့ ကျွန်မတို့နှစ်ဦးအကြားမှာ အူကြောင်ကြော အေးစက်စက်နိုင်မှုက တစ်ဖန်ပြန်လည်အသက်ဝင်လာပြန်တာပဲ

"ပြန်ရောက်ရင် ဖုန်းဆက်လိုက်မယ်နော်"

ဝန်းတံခါးကိုဖွင့်လှစ်စဉ် ကျွန်မကို ကြည့်ရင်း သူဆိုသည် ကျွန်မသူ့ကို ပြန်ပြီးစူးစိုက်ကြည့်မိပြန်၏။ စူးရှသည့် မျက်ဝန်းအ မှာ သူမေတ္တာတွေ ကျွန်မမြင်နေရသည့်အလား ရင်ထဲမှာ တလ လှုပ်ဖိုလာသည်။ အတော်လေးကြည့်ကောင်းသူပါပဲဟု စိတ်ထဲ မှတ်ချက်ချရင်း ကျောခိုင်းသည်။ သူ၏ခန့်ညားတည်ကြည်သ ရုပ်ရည်သည်လည်းကောင်း ပျော့ပျောင်းညွတ်နူးဖွယ် မေတ္တ





ထရား တို့သည်လည်းကောင်း မနက်ဖြန်ကာစ၍ ကျွန်မနှင့် ဆိုင် တော့မည်မဟုတ်ပါ။ တစ်ခုပြောရန်ဆုံးဖြတ်ပြီး ပြန်လှည့်လိုက် ၏။

"ကျွန်မဆီကို ဖုန်းမဆက်နဲ့၊ ကျွန်မက အခဆောင်ပြောင်း ချင်ပြောင်းမှာ၊ မပြောင်းသေးရင်လဲ ရှိချင်မှရှိမှာ"

"ဒါဆို"

"ကျွန်မပဲ ဆက်ချင်ရင် ဆက်မယ်"

"မနက်ရုံးမသွားခင်နဲ့ ညတွေမှာ ကိုယ်ဖုန်းစောင့်နေမယ် နော်. . ."

ကျွန်မဘာမှ ပြန်မပြောတော့ဘဲ ချာခနဲလှည့်ထွက်လာ ခဲ့တော့၏။

ကျွန်မခြေလှမ်းတွေက အလာကနှယ်၊ မသွက်လက်တော့ ပါလား။ ကျွန်မရင်ထဲမှာလည်း လေးလံစွာ ခံစားနေရတာ ကျွန်မ ဘာသာအသိဆုံးလေ . . .။

× × ×



www.burmeseclassic.com

www.burmeseclassic.com

(၁၃)

သူပြန်သွားပြီးသည့်အခါ ကျွန်မ၏အခြေအနေမှာ ကျွန်မ ငြိမ်းရိမ်သလောက် ထူးထူးခြားခြား မရှိလှပါ။ သူ့ကို သတိရသည့်အခါမျိုးရှိလာသော်လည်း မေမေ့ကူညီရင်း၊ မေမေနှင့် စကားပြောရင်း ဖြေဖျောက်ပစ်နိုင်ခဲ့ပါသည်။ သူပြန်သွားပြီး သုံးရက် မြို့ကလေးမှာ ကျွန်မနေခဲ့သည်။ ပြီးတော့ ကျွန်မမန္တလေးကို ပြန်လာခဲ့ရတော့၏။

မန္တလေးရောက်တော့မှ ကျွန်မစိတ်တွေ တစ်မျိုးဖြစ်လာသည်။ ထူးဆန်းနေသလိုပင်။ အဆိုးဝါးဆုံးမှာ ကျွန်မသူ့ကို အဆက်အသွယ်မလုပ်ခြင်းဖြင့် သူအရက်တွေ သောက်နေလေ



www.burmeseclassic.com

www.burmeseclassic.com



မလားဆိုသည့် ပူပင်စိုးရိမ်မှုပင်။ သူ့စရိုက် ဟောင်းတွေ ပြန်ပေ[...] လာမှာကို ကျွန်မ မလိုလား။ ကောင်မလေး တွေနဲ့ သူတာအရ[...] ပြန်တွဲနေပြီလား။

သူငယ်ချင်းတွေနဲ့ ပါတီတွေသွား၊ အရက်တွေသော[...] နေပြီလား။ စိုးရိမ်စရာတွေကို တွေးရင်း ကျွန်မစိတ်ပူနေမိ[...] သည်။

သူ့အပေါ် ထားသည့် မိတ်ဆွေကောင်းတစ်ဦး၏စေတ[...] ဖြင့် ကျွန်မ ရိုးရိုးသားသား ပူပင်နေတာ ဖြစ်မှာပါလားဟုလ[...] ဘာသာ ဆင်ခြေပေးနေမိပြန်၏။

ဆယ်ရက်မြောက်နေ့မှာတော့ ကျွန်မ၏ သိချင်စိတ်[...] ကျွန်မဖုံးဖိမျိုသိပ်၍ မရနိုင်တော့။ သူ ရုံးမသွားခင် အချိ[...] လောက်ကို မှန်းပြီး ကျွန်မဖုန်းဆက်လိုက်မိတော့သည်။ ကျွ[...] အတွက် ကံဆိုးသည်လား၊ ကံကောင်းသည်လား မသိပါ။ သူ[...] တန်းတန်းမတ်မတ် ကိုင်ပါတော့သည်။

"ကျွန်တော် တက်နေဝင်းပါ"

"ကျွန်မပါ"

အသံကို တစ်နိုင်သမျှ တည်ငြိမ်အောင်ထား[...] ကျွန်မ၏ လှုပ်ရှားစိတ်ကို သူမရိပ်မိအောင် ပြောသည်။

"နေနိုင်လိုက်တာ . . . ခင်မိုးဗိုင်ရယ် . . . မင်းဖုန်း[...]





မလားလို့ ကိုယ်နေ့တိုင်းမျှော်နေတာ၊ ကိုယ်စဆက်ချင် ပေမယ့်၊ မင်းက မဆက်နဲ့ဆိုလို့ . . . ဆက်ရင် မင်းက ကြိုက်ချင်မှ ကြိုက်မှာ . . ."

သူ့အသံကို နားထောင်ရင်းပင် သူ ကျွန်မဆီက ဖုန်းကို [...]နေမှန်း သိသာပြန်သည်။

"ကျွန်မရှင့် အခြေအနေကို သိချင်လို့ပါ"

ပြောပြီး ရယ်ချင်စိတ်တော့ ဖြစ်မိသည်။ ဘာမဟုတ်တဲ့ [...]လေးကို ကျွန်မက ခုတုန်းလုပ်ပြီး သူ့ကို ဆက်သွယ်နေမိပြန် [...]ပါလား။

"ဟာ၊ စိတ်ချ၊ ကိုယ်အရက်ရော၊ ဆေးလိပ်ရော လုံးဝ ဖြတ်လိုက်ပြီ၊ မင်း . . . တကယ်ယုံ"

ကျွန်မနည်းနည်းတော့ ထိတ်လန့်သွားသလိုပင်။ အရက် [...]တာကို ကျွန်မမအံ့သြမိ။ သည်လူက အရက်သမား အရက် [...]တ်သလို အရက်ကို ကြိုက်တာမဟုတ်။ ဆေးလိပ်ကို ဖြတ်လိုက် [...]ဆိုတော့ ကျွန်မအံ့အားသင့်သွားရ၏။ သူ အင်မတန်ကြိုက်နှစ် [...]တ်သော၊ ဖြတ်ရအခက်ဆုံးဟု သူထင်ခဲ့သော သူ့သွေးသားထဲ [...]င် တောင်းဆိုနေပြီဖြစ်သော လူပေါင်းများစွာ စွဲလမ်းနေသည့် [...]ကို သူက တံခါနဲ့ဖြတ်နိုင်သတဲ့လား။ ဘုရား . . . ဘုရား [...]ည်လူ၏ စိတ်ကို ကျွန်မကြောက်လန့်သွားမိတာ အမှန်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းမယုံလို့လား"

ကျွန်မငြိမ်ပြီး တွေးနေတော့ သူက ထပ်မေးသည်။

"ယုံချင်ပါတယ်"

"ယုံပါ . . . ခင်မိုးခိုင်ရယ်၊ ကိုယ် မင်းကို မညာပါ

ကိုယ်ဘာပဲလုပ်လုပ် မင်းကို အမှန်အတိုင်း အသိ

ချင်နေတာပဲလေ။ ကိုယ်က လုပ်ချင်တာလုပ်ပြီး မင်း

ညာပြောလဲရတာပဲဟာ၊ ကိုယ်ကိုယ်တိုင်က မင်း

လားတာတွေ . . . မလုပ်ဖြစ်အောင် ထိန်းချင်လို့

"ဘယ်လောက်ကြာထိန်းမှာတဲ့လဲ"

"မင်းသာ ကိုယ့်အနားမှာ၊ ကိုယ့်ဘဝထဲမှာ ရှိနေမယ်

ရင် တစ်သက်လုံး ထိန်းနိုင်မှာပဲ . . . အဲဒါယုံ"

သူ့အသံမှာ မျှော်လင့်တကြီးခြင်းနှင့် သူကိုယ်သူယုံကြ

မှု ပြည့်ဝခြင်းတို့ကြောင့် ပို၍ နားထောင်ကောင်းနေသလို

သည်လူက ပါရမီအတော်ကောင်းတာပါပဲဟု ကျွန်မတွေးမိခဲ့

သည်။ သူ့ရုပ်ရည်သာ ကြည့်ကောင်း၍ စွဲမက်ဖွယ်ရှိသည်မဟု

တယ်လီဖုန်းထဲမှာ ကြားရသည့် သူ့အသံကလည်း ဆွဲဆော

အပြည့်ရှိနေသည့်အသံပင်။ အနည်းငယ် ဩသလိုရှိပြီး မန္တ

သော်လည်း ချိုသည်။ ချိုသော်လည်း ဩဇာဖြင့် လွှမ်းမိုးချုပ်

နိုင်စွမ်းရှိနေပြန်သည်ပဲ။

သူက ကျွန်မကို ရွှေသမင် စာပေ တွက်ထားပုံပင်။



"ကျွန်မက ရှင့်အနားမှာ . . . ရှင့်ဘဝထဲမှာ ရှိနေမှာပါ

လို့ မပြောဘူးနော် . . . တကတိလဲ မပေးဘူး"

"ပေးရမှာပေါ့ ကွ"

သူက မကြည်မလင်ဖြင့် ဖုန်းထဲမှ အော်ပြန်သည်။ သူ့

ချက်နှာ စူပုပ်နေမှာ အတွေးဖြင့် မြင်ယောင်ကြည့်သည်။ စူပုပ်

ထားရင်တောင်မှ သည်လူက ကြည့်ကောင်းနေဦးမှာလားတွေးရင်း

ကျွန်မ သူ့အပေါ် နှစ်သက် တွယ်မက်မှုတွေကို ဘာသာသတိထား

နေမိပြန်တော့၏။

"မင်း . . . ကိုယ့်ကို သတိမရဘူးလားဟင်"

ရတာပေါ့ . . . ရတာပေါ့ကွယ် . . .။ ဒါပေမယ့် ကျွန်မ

သူ့ကို ဝန်မခံလိုပါ။ ကျွန်မညာရပါလိမ့်မည်။ ဆုံမှတ်မရှိနိုင်တော့

ကျွန်မက ယူဆထားသော သူနှင့် ကျွန်မအတွက် ကျွန်မသူ့ကို

ကတိမပေးချင်တော့ပါ။

"မရပါဘူး"

အင်အားများစွာဖြင့် ကျွန်မနှုတ်မှ ထိုစကားထွက်လာ

အောင် ကြိုးစားလိုက်ရပါ၏။

"ရမှာပါ၊ မင်းလဲ ကိုယ့်ကို ချစ်မှာပါ . . . ကိုယ်သိတယ်

မင်းကိုယ်မင်း ညာနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ကျွန်မ မချစ်ပါဘူး"

"မင်းညာတာ"

"မညာပါဘူး"

"ညာတယ်၊ ကိုယ့်ကိုလဲ ညာတယ် . . . မင်းကိုယ် မင်းလဲ

ညာတယ်"

ညာတယ်၊ မညာတယ်၊ ကျွန်မကိုယ် ကျွန်မပင် အတ အကျ မသိနိုင်တော့ပါဘူး။ ကျွန်မ မသိချင်တော့တာလား။ ရှ ပြောတဲ့ အတိုင်း ညာတယ်ပဲ ထားလိုက်ပါတော့ကွယ် . . .။ ဘ တွေများ ထူးလာတော့မှာမို့လဲ။

"ကျွန်မ နောက်နေ့မှ ဆက်လိုက်တော့မယ်နော်၊ နောက် မှာ ဖုန်းဆက်စရာရှိနေလို့တဲ့"

ကျွန်မညာပြီး ပြောလိုက်၏။ သူ့ဆီက စကားကို နာ မထောင်တော့ဘဲ၊ ကျွန်မဖုန်းကို ချပစ်လိုက်မိသည်။ သူက မတေ မနုပ်ဖြစ်နေမှာတော့ အမှန်ပင်။

ဖုန်းချလိုက်ပြီး ကျွန်မကိုယ် ကျွန်မ မကျေမနပ်ဖြစ်နေ တော့၏။

သူက ကျွန်မစိတ်ဝင်စားလောက်တဲ့ ယောကျ်ားမို့လား သူ့ စရိုက်တွေပြင်လိုက်ရင်ရော ကျွန်မက လက်ခံနိုင်မှာတဲ့လား ဘယ်လိုမှ ဖြစ်နိုင်မည် မထင်ပါ။ ရည်းစားများခဲ့တဲ့ စရိုက်ကိုတေ





ကျွန်မဘယ်လိုမှ ခွင့်လွှတ်လို့ ရနိုင်မည် မထင်ပါ။ သူရည်းစားများ ခဲ့တလည်း တစ်ယောက်နဲ့လွဲပြီး နောက်တစ်ယောက်တွဲတာ မဟုတ်။ ကောင်မလေးတွေကို အပျော်တွဲပြီး ကစားနည်းတစ်မျိုး လို ကစားခဲ့သူပဲ။ သည်လိုလူမျိုး ကျွန်မဘယ်လို ယုံရမှာတဲ့လဲ။

မယုံရဲပါဘူး။ ဦးနှောက်က အကြိမ်ကြိမ် ငြင်းပယ်နေမိ ပါလျက် ကျွန်မ သူ့ကို တွယ်မက်နေမိပြီလား။ သူ့ဟန်ပန် အမူ အရာ၊ အပြောအဆို၊ သူ့အသံကအစ၊ ကျွန်မကို ဖမ်းစားထားပြီး တဲ့လား။

ဒါဆိုလည်း ကျွန်မသူ့ကိုကြိုက်တာလောက် ဖြစ်ချင်ဖြစ် မည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

(၁၄)

အအိပ်ပျက်ညတို့ဖြစ်အောင် သူကျွန်မကို ဖန်တီးနိုင်ခဲ့သလဲလေ။ သူ့ကို မယုံတာ၊ ယုံတာတစ်ပိုင်း။ အမှတ်တရနဲ့ သူ့ကို သတိရကာ သူ့အကြောင်းတွေ စဉ်းစားနေမိတာတော့ အမှန်ပင်။

တစ်ခါတစ်ခါလည်း သူ့ရင်ထဲ ဘယ်လိုရှိပါ့မလဲဟု တွေးကြည့်နေမိ၏။ သူငါ့ကို ချစ်လို့တကယ်ပင် ခံစားနေရပြီလားဟု သနားစိတ်ဝင်သည်။ ကိုယ့်အားမှာ ကောင်မလေးလှလှ တစ်ယောက်တွဲကျရင် အမြန်မပျင်းတော့ဘူးပေါ့ . . . ဟု မြန်မည့်ကိုက သူ့အပျော်အပြက်ပြောသွားတာ သတိရနေပြန်သည်။ ကျွန်မကိုခွဲပြီး အမြန်မှာတောင် သည်စကားမျိုး သူပြောထွက်ပါသတဲ့လား။ တွဲကျ ရင် သူတကယ်ပျော်မှာတဲ့လား။ ကျွန်မကို



www.burmeseclassic.com

www.burmeseclassic.com



မေ့သွားမှာတဲ့လား။ တစ်ယံပဲ အပြန်လမ်းမှာ ကောင်မလေ
ချော့ချော့နဲ့ တွဲကျပါသလား။ ကျွန်မသာ စဉ်းစားရင်း ဒေါသထွ
နေပြန်သည်ပဲ။ ကျွန်မသူ့အပေါ် ဘာကြောင့် အူတိုနေမိပါသ
တွေးရင်း ရှက်ချင် လာပြန်သည်။

သူ့ကို ကျွန်မက ဘာကြောင့် တူးတူးခါးခါး မငြင်းမိ
လိုက်လိုက်လျောလျောဟု သူသဘောပေါက်နိုင်သည့် ဆက်ဆံ
မျိုးတွေကို ပေးနေရပါသတဲ့လဲ။

ကျွန်မခေါင်းထဲက သူ့ကို ထုတ်ပစ်ချင်သည်။ အလွ
အကူ ထုတ်ပစ်နိုင်မည်ဟုလည်း ထင်ထားခဲ့၏။ ထုတ်မပစ်နိ
လောက်အောင် ပျော့ညံ့တဲ့ မိန်းမ ကျွန်မမဖြစ်ချင်ပါ။

သူ့လို ရုပ်ကလေး နှစ်လိုဖွယ်ရာ၊ အသံကလေး စွဲမေ
ဖွယ်ရာရှိသည့် ယောကျ်ားတစ်ဦးကို ကျွန်မက ပုထုဇဉ်ပီပီ နှ
သက်တာလောက်၊ ဆာယာတာလောက်သာ ဖြစ်ချင်ပါ၏။

သူ့ကို မိတ်ဆွေအဖြစ်ထက် ပိုမည် ကျွန်မတွေး
ခေါင်းမာသော၊ အတ္တကြီးသော၊ ကိုယ့်ကိုယ်ကိုသာ ခွင့်လွှတ်တတ်
သော၊ လိုချင်တာကို ရအောင်ယူတတ်သော ကျွန်မနှင့် ထိုအရာ
အချင်းတွေအားလုံး ကျွန်မကဲ့သို့ ရှိနေသည့် သူ့ကို ဘယ်လို
ပေါင်းစပ်ရန်မလွယ်ဟု ကျွန်မတွက်ပြီးသား။

အခုတော့ သူ ကျွန်မရင်ထဲအထိ ရောက်နေပြီလာ





တွေးရင်း ထိတ်လန့်လာခဲ့သည်မှာအမှန်။

ခေါင်းထဲက သူ့အကြောင်းတွေကို ကျွန်မလွယ်လွယ် ထုတ်နိုင်စွမ်းရှိကောင်းရှိမည်။ ရင်ထဲက အရာကို ကျွန်မနုတ်ယူနိုင်ပါ့မလား။ ကျွန်မရင်ထဲမှာ သူ့တစ်ချောင်း စူးဝင်နေခဲ့ပါပြီလား။

× × ×



www.burmeseclassic.com

www.burmeseclassic.com

(၁၅)

ကျွန်မ ကိုယ့်ကိုယ်ကို ဆုံးမရင်း ကျွန်မနှလုံးသားကို ကျွန်မစောင့်ကြည့်နေခဲ့မိသည်။ ကျွန်မမျက်ခြည်ပြတ်လို့ မဖြစ်တော့ပါ။ ကျွန်မက စိတ်ကိုလွှတ်ထားလိုက်လျှင် ကျွန်မ၏အတ္တနှင့် မာနတို့ပူးပေါင်း တည်ဆောက်ထားသည့် ကျွန်မရောက်ချင်သော ခန်းတိုင်ကို လွဲချော်သွားပေမည်။

ကျွန်မဘာကြောင့် တွန့်ဆုတ်နေရမှာတဲ့လဲ။ ကျွန်မဆုံးဖြတ် ချက်ကို လိုက်နာရုံပါပဲ။ နှလုံးသားဒဏ်ရာဆိုတာ ကြာရင် ပျောက်သွားနိုင်မှာပါပဲ။

ကျွန်မသူ့ကို လမ်းခွဲဖို့ ဆုံးဖြတ်လိုက်ပါပြီ။

ဆုံးဖြတ်လိုက်ပြီဆိုကတည်းက ကျွန်မသူ့ဆီ ဖုန်းဆက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



မလိုအပ်တော့။ သူ့ဖုန်းကိုလည်း နားထောင်ဖို့ မလိုတော့ပေ။

အမှန်ကတော့ ကျွန်မ သူ့အသံကို မကြားရခြင်းသာ လေမည်။ သူ့အသံကို ကြားရလျှင် ကျွန်မတင်းထားသ အင်အား တို့ ဆုတ်ယုတ်ကုန်ခန်းသွားနိုင်မည် သိနေပြန်သည်

ဆုံးဖြတ်ချက်သည် ရင်၌ အနာတရဖြင့် ကျွန်မလဲလ လိုက်ရမှန်း ကျွန်မအသိဆုံး။

ဖုန်းမဆက်ဖို့ ဆုံးဖြတ်ပြီးမှ ဖုန်းရှိသည့် နေရာနား ခ ခဏသွားမိပြန်သည်ပဲ။ သည်လောက်ဆို သူ့ကျွန်မဖုန်းကို မျှော် တော့မှာပဲ တွေးရင်း ရင်ထဲမှာနာသည်။

အခုလည်း ဖုန်းနားရောက်ပြီး ဖုန်းကို ကျွန်မစူးစိုက် ကြ နေမိပြန်သည်။

အဆောင်ဖုန်းက ကျွန်မတို့ဘက်မှာ ပေးထားသည် လွတ်လွတ်လပ်လပ် ပြောလို့ရသည်။

"တူ . . . တူ . . . တူ"

ဖုန်းကို ကျွန်မစူးစိုက်ကြည့်နေစဉ်မှာပင် ဖုန်းသံက မြည် လာသည်။

ရုတ်တရက် မြည်သည့် ဖုန်းသံကြောင့် ကျွန်မထိတ်လ သွားသည်။ ပြီးတော့ ဖုန်းကို မရဲတရဲ ကောက်ကိုင်လိုက်မိ၏။

"ဟလို . . . ဟလို"





ကျွန်မမှင်တက်မိသလို တောင့်တောင့်ကြီး ရပ်နေမိပြန် သည်။ သူ့အသံပါလားဟု ကျွန်မသိပြီး လိပ်ပြာနုတ်ယူခံလိုက်ရ သလို ဖြစ်သွားတော့၏။

"ဟလို . . . ခင်မိုးခိုင်နဲ့ ပြောချင်လို့ပါ"

"ကျွန်မပါ"

နှုတ်မှ ထွက်သွားပြီးမှ မိမိဘာသာ ဒေါသထွက်၍ မဆုံး တော့။

"ကိုယ်ပါ . . . တက်နေဝန်းပါ"

ကျွန်မသူ့အသံမှာ နစ်မျောပျော်ဝင်သွားပြန်သည်။ န်းကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိပြန်သည်။

"ဘာလို့ . . . ဖုန်းမဆက်တာလဲကွာ"

ကျွန်မဘာမှ ပြန်မပြောမိတော့ဘဲ ဖုန်းကို ချပစ်လိုက်၏။ ဆက်ပြီးနားထောင်ရင် သည်ထက်ဆိုးတဲ့ ဝေဒနာတွေ ကျွန်မ ရတော့မည်။ ကျွန်မရင်ထဲမှာ အခုပင် ဗလောင်ဆူ၍ နေပေ ပြီ။ ကျွန်မသည်လောက်ခံစားနေရပြီဆိုလျှင် ကျေနပ်ပါတော့ ယ်။ ကျွန်မမျက်ဝန်းမှ မျက်ရည်စတွေ စီးကျလာရပြီပဲ။

"တူ . . . တူ . . . တူ"

အသံထပ်၍ မြည်သောဖုန်းကို ကျွန်မစူးစိုက်ကြည့်နေမိ ပြန်၏။ သူ ကျွန်မဆီကို ဖုန်းထပ်ခေါ်နေပါရောလား။ သူ့ဘာ့ပြင်း



www.burmeseclassic.com

www.burmeseclassic.com



ရှည်ကိုချရင်း အသံမြည်နေသည့် ဖုန်းကလေးကို ကျွန်မငေးကြ
ရင်း မျက်ရည်တွေ တွေတွေစီးကျလာတော့သည်။

တူ . . . တူ . . . တူ။

ဖုန်းပလတ်ကို ကျွန်မဆွဲဖြုတ်ပစ်လိုက်မိတော့
တယ်လီဖုန်းမြည်သံကို ကျွန်မဆက်မကြားရဲတော့။ ထိုအသံသ
ကျွန်မ နှလုံးသားထဲမှာ ဆူညံကျယ်လောင်လွန်းလှ၏။ နာကျ
ထိခိုက် လွန်းလှပြီထင်၏။

× × ×



(၁၆)

နှလုံးသားဆိုတာ ပန်းပုဆရာက လိုသလိုထုဆစ်ပုံသွင်း
ယူနိုင်တဲ့ သစ်သားမဟုတ်ဘူးဆိုတာ ကျွန်မသိသွားချိန်မှာတော့
လွန်စွာမှ နောက်ကျသွားခဲ့ပါပြီလေ။

ကျွန်မစံနှင့် အယ်လို့မှ မဝင်နိုင်ပါဘူး ဆုံးဖြတ်မိသူ
တစ်ဦးကို ကျွန်မနှလုံးသားက တမ်းတမ်းမက်မက် လက်ခံခဲ့ပြီပဲ။

ကိုယ့်ကိုယ်ကိုပင်မယုံ။ ကျွန်မက သည်လောက်မျော့ညံ့တဲ့
မိန်းမတစ်ယောက်တဲ့လား။ ကျွန်မကိုယ်ကျွန်မ အပြစ်တင်ရင်း
သူ့ကို လွမ်းဆွတ်နေခြင်းမှာ ကျွန်မမွေလျော်နေတတ်ပြီပဲ။

"မနိုင်တဲ့ ဇာတ်ကိုကခဲ့မိသူ" ဟု ဘာသာစွပ်စွဲရင်း ထိခိုက်
ရှနာရသော နှလုံးသားမှ ဒဏ်ရာတို့ ကိုယ်တိုင်သတိပြုမိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ ရေစက်ဖြစ်နိုင်တယ် . . . သိလား . . . ကိုယ် မင်းကို မြင်မြင်ချင်းပဲ ချစ်မိတာ" ဆိုသည့် စကားတို့ ကြိမ်ဖန်များစွာ ပြန်၍ ကြားယောင်နေပြန်သည်။

"ကိုယ် . . . ဖုန်းဆက်မယ် . . . မင်းစောင့်နေ"

ဆိုခဲ့တုန်းကလည်း ဘာလို့ ငါကစောင့်နေရမှာတဲ့လဲ၊ မကျေမနပ်ဖြစ်ရင်း မသိမသာ သူဖုန်းဆက်လာမှာကို မျှော်နေတတ်ခဲ့ပြန်တာပါပဲ။

"မင်းရော ကိုယ့်ကို ချစ်တယ် . . . မဟုတ်လား"

ဆိုတော့ ချက်ချင်း ခေါင်းခါငြင်းနိုင်ခဲ့တာဟာလဲ . . . နှလုံးသားဇာမဟုတ်ပါဘဲ ကိုယ့်အတ္တကို ကာကွယ်ခဲ့တာပါပဲလား။

အရာရာကို အမှန်ပြန်မြင်ချိန်မှာတော့ ကျွန်မအလှူ အလဲ ခံနေရပြီပဲလေ။

သွက်လက်ဖျတ်လတ်စွာ အချိန်ကို ဇယားနှင့် အသုံးချ လှုပ်ရှားတတ်ခဲ့သူ ကျွန်မက ဆေးလုံးတုံ့မှိုင်းစွာ ဖြစ်လာပြီဆိုတော့ ကျွန်မသူငယ်ချင်းတွေက သတိထားမိလာကြပြီ။

"မင်း . . . ဘယ်လိုဖြစ်နေတာလဲ၊ ခါတိုင်းလို မဟုတ်ပါလား"

ဟု ထားထားအေးက မေးပြီ။





"ဘာမှ မဖြစ်ပါဘူးကွာ"

ငြင်းရင်း မိမိအတ္တ၏ အကျဉ်းသားအဖြစ် စံမြန်းနေခဲ့ရပြီလေ။

ရုံးမှာလည်း ကြာကြာမနေဘဲ၊ အပြင်ထွက်ရသည့် အလုပ်တွေကိုသာ တာဝန်ယူရင်း အပြင်မှာ အချိန်ကုန်လိုက်၏။ အဆောင်ရောက်လျှင်လည်း တယ်လီဖုန်းလာရင် ငါမရှိဘူး ပြောပေးပါမှာ[illegible] အားလုံးက ရိပ်မိဟန်ပြတော့၏။

မိ[illegible]းသားနှင့် မိမိ၏ အတ္တမာနဖြစ်ခဲ့သည့် စစ်ပွဲလေပဲဟု နား[illegible]လာသည်။ သိတတ်ခါစမှ စတင်ပျိုးထောင်လေ့ကျင့်ခဲ့သော [illegible]တ္တနှင့် မာနသည် ကြီးရင့်ဖွံ့ထွားကာ နှလုံးသားထက် အင်အားကောင်းနေသည်မှာ အမှန်ပင်။ အလေ့အကျင့်မရှိသေးသော နှလုံးသားနုနုကို အနိုင်ကျင့် ဗိုလ်ကျခဲ့တာပါလားတွေးမိ၏။

ကိုယ့်ကိုလွမ်းလားဆိုသည့် အမေးကို ဟင့်အင်းဟု နှုတ်မှ မဆိုင်းမတွ ထွက်သွားနိုင်သော်ငြား ကျွန်မနှလုံးသားက ကျွန်မကို မဲ့ပြုံးပြုံးရင်း ကြည့်နေပေလိမ့်မည်။

တွေ့ချင်၊ မြင်ချင်၊ ကြားချင်စိတ်တို့ကို ချုံးနှိမ်ထားရသော အခါ အရာရာသည် အလိုမကျသလို ဖြစ်လာရတော့၏။

သူနှင့်ပတ်သက်ပါက သူ့နာမည်ကို ရေရွတ်နေရုံမျှနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပင် သာယာတွယ်မက်နေမိပါလား အသိက ကျွန်မဘာယ်အထိ စွဲ လမ်းနေပြီဆိုတာ နားလည်သည်။

သူကိုယ့်ကို တကယ်ချစ်၊ မချစ် မသိခင်မှာဘဲ ကိုယ့်နှလုံး သားက သူ့ကိုလက်ခံချင်နေခဲ့တာပါလား။

"မင်းကိုယ့်ကို ချစ်နေပါတယ် . . . ကိုယ်သိပါတယ်"

လို့ သူပြောခဲ့တာကို ဘာမှ မဖြစ်သလို အေးတိအေးစက် တုံ့ပြန်နိုင်ခဲ့မိတာ ကိုယ့်ကိုယ်ကို ကျေနပ်စေခဲ့ပြန်သည်ပဲ။ နှလုံး သားမှာ ကြေကွဲနေမိခြင်းကိုတော့ ဘာသာငြင်းဆန်ခဲ့ဖူးသည် လေ။

"မင်းကိုယ့်ကိုရော . . . မင်းကိုယ်မင်းရော ညာနေတာ ပါ"

ဘာသာမသိချင်ယောင် ဆောင်နေခဲ့ပေမယ့် တစ်ဖက် လူက အားလုံးကို ထွင်းဖောက်သိမြင်နေတာကိုက သူ့နှလုံးရဲ့ အပျော်အနှံ့ပါလားဟု အခုတော့ နောင်တမရချင်တော့။

သူ့ကို အတ္တနှင့်မာနတ ငြင်းဆန်နေသော်ငြား နှလုံးသား က လက်ခံမြုပ်နှံထားတာ ကျွန်မဘာတတ်နိုင်တော့မှာတဲ့လဲ။

× × ×



(၁၇)

မနက်ပိုင်း ကဲင်းတင်းမှာ မုန့်စားလျှင်လည်း ပေါင်မုန့်တို့ သူယိုသုတ်ပေးခဲ့တာ ကျွန်မဘာကြောင့် သတိရနေပြန်တာလဲ။

ဆိုင်ရှေ့မှာ သွယ်သွယ်လျလျ ကောင်မလေးတွေ ဖြတ် သွားတာမြင်ပြီး ကိုယ်က သွယ်သွယ်လျလျလေးတွေပဲ သဘောကျ တတ်တာဆိုတဲ့ စကားပြန်ကြားယောင်ရင်း စားလက်စ ပေါင်မုန့် တို့ ချပစ်လိုက်မိပြန်သည်။

စာကြည့်စားပွဲမှာ ထိုင်တော့လည်း သူကဗျာလေးတွေ ချစ်တတ်တာ အတွေးရောက်သွားပြန်သည်။

စားပွဲပေါ်က စာရွက် အစအနတွေပွေရှုပ်နေတာ ကြည့် ရင်း ကိုယ်က စားပွဲပေါ် ရှုပ်ပွနေရင် မကြည့်တတ်ဘူးပြောတာ



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခန်းထဲမှာ ကျွန်မနှင့် စကားပြောနေရင်းက ကျွန်မ ပါး
သုတ်ထားသည့် စက္ကူအစအနတွေ ကောက်ကာ အမှိုက်တော
ထဲ ထည့်တတ်တာ ပြန်မြင်ယောင်လာပြန်သည်ပဲ။

သူ့ကို သည်လောက်သတိရနေစရာမှ မလိုဘဲဟု တွေ
ရင်း သူ့အကြောင်းမိုးလင်းလုအထိ စဉ်းစားနေမိတာလည်း များ

x x x





## (၁၈)

ကျွန်မ သူ့ကို တစ်ခုမပြောဘဲ ချန်ထားခဲ့ခြင်းကလည်း
သူနှင့် ကျွန်မအခုလိုထိ ဖြစ်သွားမည် မထင်ခဲ့ခြင်းကြောင့်ပင်။
အထူးသဖြင့် ကျွန်မက အခုလို သူ့ကို တိမ်းညွတ်ချစ်ခင်သွားမည်
ဟု လုံးဝထင်မထားခြင်းကြောင့်ပင်။ သူ့ဘာမှ သိစရာ မလိုသည့်
အကြောင်းဟု ယူဆကာ မပြောဖြစ်ခဲ့။

"မောင်ရဲ့သီဟ ပြန်ရောက်လာတော့မယ်လို့ . . . သူ့အိမ်
ကပြောတယ် . . . သမီး"

ကျွန်မမြို့ကလေးပြန်သွားချိန်မှာ မေမေက သတင်းပေး
သည်။ ကိုရဲသီဟဆိုသည့် လူသည် ကျွန်မထက် အသက် ငါးနှစ်
လောက်ကြီးကာ မိဘချင်းသဘောတူပြီး ကျွန်မစံနှုန်းမှုနှင့်



www.burmeseclassic.com

www.burmeseclassic.com



အကိုက်ညီဆုံးလူအဖြစ် ကျွန်မတသတ်မှတ်ကာ သဘော
လက်ခံထားသူဝင်။

သူက စက်ရုံမှာ အလုပ်သွားလုပ်နေပြီး ပြန်လာတေ
မည်ဆိုတာ ကျွန်မသိထားသည်။

သည်တစ်ခေါက်ပြန်လာလျှင် ကျွန်မနဲ့လက်ထပ်
ကျွန်မစက်ရုံကိုလိုက်သွားရမည်။ ဟိုမှာ အလုပ်ဝင်လုပ်ရမည
ဒါကြောင့် အဆင်သင့်ဖြစ်အောင် ကျွန်မပါစ်ပို့လုပ်ထားနှင့်သ
ပဲ။

ကိုရဲသီဟသည် ကျွန်မ၏စံနှုန်းများနှင့်အကိုက်ညီဆုံး
ကျွန်မဆုံးဖြတ်ပြီးသောအခါ လောက၌ ကျွန်မလက်ထပ်သင့်
မှာ ကိုရဲသီဟမှလွဲ၍ နောက်ထပ် ယောကျ်ားမတွေ့နိုင်ဟု ကျွ
က ဆင်ထားခဲ့သည်။

နှလုံးသားတို့ အချစ်တို့ ဆိုသည့်အရာများမှာ သာ
ပျော့ညံ့ညံ့မိန်းမသားတို့အတွက်သာ အသုံးဝင်မည့်စကားလုံး
ဟု ကျွန်မကယူဆထားခဲ့သည်ပဲ။

ဒါကြောင့်လည်း သူ့ကိုတွေ့တော့ ကျွန်မခပ်ပေါ့ပေါ့
တွေးခဲ့သည်။ ကျွန်မမှာ နှလုံးသားတို့အချစ်တို့ မရှိဟုလည်း
ထားခဲ့သည်လေ . . .။

အခုတော့ ကိုရဲသီဟ ပြန်ရောက်လာမှာ လက်ထပ်





တွေကိုတွေးရင်း ကျွန်မဝန်ငှလေးလာတော့သည်။

ကျွန်မဘာလုပ်ရမှာတဲ့လဲ။

သူ့ကိုခွဲရမှာထက် သူ့ကိုတမ်းတသတိရနေရင်း ကိုရဲသီဟ
တို့ ကျွန်မလက်ထပ်သင့်ပါသတဲ့လား။

ကိုရဲသီဟဆိုတာက ကျွန်မလိုပင် အတ္တ မာနနှင့်
ဦးနှောက်သာရှိပြီး နှလုံးသားမရှိသော စက်ရုပ်တစ်ရုပ်ဆိုတာ၊
ကျွန်မနားလည်လာရင်း စက်ရုပ်အချင်းချင်း ပေါင်းစပ်ရမည့် အိမ်
ထောင်ရေးကို တွေးကြောက်နေမိပြန်တော့သည်ပဲ။

ရင်ထဲမှာ ဗလောင်ဆူနေရပြန်ပြီလေ . . .။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း သူဖုန်းဆိုတာ သူ့အလိုလိုသိနေသလို။ သူဘာ
တွေပြောသွားလဲဟု မေးချင်လျက် မမေးဘဲ ထိန်းချုပ်နေမိ၏။

"နင့်ဖုန်းသိလား၊ ကိုတာတ်နေဝန်း"

သူဘာမှ ပြန်မပြောဖြစ်။ သည်လိုပဲ သူ့ဆီကိုဖုန်း အဆ
လောက်ကြာဆက်နေနိုင်မှာတဲ့လဲ။

"သူ အခု မန္တလေး ရောက်နေတယ်တဲ့"

"ဟင်"

စကားမဆုံးခင် အလန့်တကြားစောင်းကြည့်လိုက်
သည်။ သူ မန္တလေးရောက်နေပြီတဲ့လား။ သူဘာလာလုပ်တာ
လဲ။ ရင်ထဲမှာ သိချင်တာတွေများပြီး လှုပ်ခတ်နေသည်။

"အရေးကြီးလို့ နင့်နောက်လိုက်လာတာတဲ့၊ မနက်ဖြ
ရှုံးမသွားခင် သူ့အဆောင်ကိုလာတွေ့မယ်၊ စောင့်နေ
လို့မှာတယ်"

"မနက်ဖြန်အဆောင် လာတွေ့မယ်ဟုတ်လား"

"ဟုတ်တယ်"

"ဒုက္ခပဲ"

သူ့နှုတ်မှ လေးလံစွာထွက်သွားသည်။

အရေးကြီးတဲ့ကိစ္စတဲ့။ သူကိုလာတွေ့မည်တဲ့။





သူ အတွေ့ ခံလို့ဖြစ်မည်တဲ့လား။ တင်းထားရသည့်
သူ့စိတ် တွေကို သူအသိဆုံး။ သူ့နှလုံးသားကို သူမြှင့်မြင့်မြှို့
သူ့အတ္တကို လည်း အားမကိုးလောက်မှန်း နားလည်ခဲ့ပြီလေ။

"အတွေ့ခံလိုက်ပေါ့ဟယ် ။ ဘာကိစ္စလဲ သိရတာပေါ့"

ထားထားအေးက အကြံပေးသည်။

ပြတင်းမှ အပြင်မှောင်ထုကို ငေးရင်း ထားထားအေးကို
သူဘာမှပြန်မပြောဖြစ်။

"နင်နဲ့ကျမှ တော်တော်လေး သခ်နန်းစာရသွားတဲ့ပုံပဲ။
နင်က ဘာမှမဖြစ်တာ၊ သူခံစားနေရတာကို အားပါးတရ
ကြည့် လိုက်ပေါ့ဟာ၊ ကိုယ်က အနိုင်ရတဲ့သူပဲ"

ခုတင်ပေါ် လှဲရင်း ထားထားအေး ပြောသည်။

ကိုယ်က အနိုင်ရတဲ့သူပဲတဲ့ . . . ။

ကိုယ်ရှုံးသွားတာ ထားထားအေးမှမသိလိုက်တာလေ။
ကိုယ့်နှလုံးကို သူရသွားပြီပဲကွယ် . . . ။

သူ့ကိုတွေ့ချင် မြင်ချင်သည့်စိတ်သည် ချိုးနှိမ်ဖိနှိပ်၍မရ
မှန်းသိပါလျက် သူ့ကို မတွေ့တော့ဟု ဆုံးဖြတ်ရခြင်းမှာ
ဘယ်အထိ ရင်နာစရာကောင်းပါသတဲ့လဲ။

နှလုံးသားသည် မခံမရပ်နိုင်အောင် နာကျင်ခဲ့ပြီ။
အစက နှလုံးသားမရှိသူ ဟု ထင်ထားတဲ့မိန်းမတစ်ယောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ နာကျင်ခံစားတတ်တဲ့ နှလုံးသားရှိပြီဟု သိရပြီပဲ။

ယောကျ်ားတစ်ယောက်ကို လျှော့တွက်ကာ မိမိကိုယ်မိမိ အထင်ကြီးမိတဲ့ မိန်းမတစ်ယောက်မို့ သောကကို ချိုမြိန်စွာပဲ ရင်စည်းခံရပါတော့မည်။

အကျိုးအမြတ်တွက်တတ်လွန်းတဲ့မိန်းမ။ သူ့ဆီက ရတဲ့ကြေကွဲမှုတွေကို အမြတ်အဖြစ်လက်ခံထားပါတော့မည်။

စားပွဲပေါ်မှာရှိနေသေးသော စန္ဒီးတာဝါလေးကို လှမ်းယူလိုက်မိ၏။ သည်စန္ဒီးတာဝါလေးက သူနှင့် ညှိခန်းထဲမှာ ဆုံစဉ်စားပွဲပေါ်မှာ သူသုံးပြီးတင်ထားတဲ့ စန္ဒီးတာဝါလေးပါလား။ ညစ်ထေးထေးဖြစ်နေတဲ့ပိတ်သားလေးမှာ သူ့ကိုယ်နံ့တွေရောပါလာမှာလားအတွေးဖြင့် သူမသိဘဲ ကျွန်မယူထားခဲ့မိတာလေ။ ဒါတွေကိုကျွန်မဦးနှောက်ကတားသည့်ကြားက ကျွန်မနှလုံးသားနဲ့ လုပ်ခဲ့မိတာတွေပါပဲ။

ကျွန်မတောက်ယူပြီလုံး ခြေနေလိုက်မိပြန်၏။ ပြီးတော့ကျွန်မ ယုယုယယနမ်းရှုပ်နေမိရင်း ရှုတ်တရက်ထိုင်ရာမှ ထရပ်လိုက်မိပြန်သည်။

ပြတင်းပေါက်နားမှာ ကျွန်မသွားရပ်ရင်း စန္ဒီးတာဝါလေးကို ပြတင်းပေါက်မှ ကျွန်မလွှင့်ပစ်လိုက်မိတော့သည်။

မျက်စိကိုမှိတ်ထားသည့်အခါ မျက်ရည်တို့ ပါးပေါ်သို့





ပွန္တွေးစေရင်းစီးပြန်၏။

စန္ဒီးတာဝါလေးကတော့ ရေဆိုးမြောင်းထဲကျသွားပြီပဲ ဟုအမှောင်ထဲမှာ မမြင်ရဘဲ ကျွန်မမှန်းကြည့်နေမိပြန်သည်။

စန္ဒီးတာဝါလေးမရှိတော့သော်ငြား ကျွန်မ နှလုံးသားထဲမှာ သူကတော့ ကျန်နေခဲ့ဆဲပင်။

ဘယ်သောအခါမှ နှုတ်ယူလို့ရနိုင်တော့မည်မဟုတ်သောသမ္ဗဒယအငုတ်ကို သူစိုက်သွင်းသွားခဲ့ပြီတဲ့လား။

အသက်ကိုပြင်းပြင်းရှူကာ စားပွဲဆီကျွန်မပြန်ခဲ့၏။

စားပွဲမှာထိုင်ကာ စာရွက်လွတ်တစ်ရွက်ကိုရှာသည်။

ပြီးတော့ မနက်ဖြန်သူလာလျှင် ပေးဖို့ စာတစ်စောင်ကျွန်မရေးလိုက်မိတော့သည်။

ကျွန်မရင်ထဲမှာတော့ မီးတောင်များစွာ ပေါက်ကွဲပြီးချော်ရည်ချော်မြုပ်တွေကျနေသလိုပါပဲ။

ချော်ရည်ချော်မြုပ်တွေရဲ့ အကြားမှာ နှလုံးသားကတော့ဖိနစ်ငှက်ငယ်တစ်ကောင်ပမာ ဘယ်တော့မှ သေဆုံးသွားမှာမဟုတ်တော့ပါလား။

× × ×



www.burmeseclassic.com

www.burmeseclassic.com

# မေ့ရက်ရဲ့စေ

မေ့ရက်ရဲ့စေ
မေ့ပါစေတွယ် . . .
လွှယ်လွှယ်ဒီစား
ချန်ထားပါစေ . . .
တံတရားလို့သာဖြေရင်းနဲ့ . . . ။

ရွှေသမင် စာပေ

www.burmeseclassic.com

www.burmeseclassic.com

(၁)

"ခင်မိုးခိုင် မရှိဘူးရှင့် မနက်အစောကြီးကပဲ၊ သူ့အမျိုးသားလာခေါ်သွားတယ်။ သူ့အမျိုးသား ကိုရဲသီဟ ပြန်ရောက်နေပြီလေ၊ သိတယ်မဟုတ်လား"

ထားထားအေးနှုတ်မှထွက်လာသည့်စကားတွေကို တက်နေဝန်းက အံ့ဩစွာနားထောင်နေမိတော့သည်။ သူ့နားကိုပင်မယုံချင်သလို။

"မထားထားအေး ကျွန်တော့်ကို နောက်နေတာလား"

"မနောက်ပါဘူး ကိုတက်နေဝန်းရယ်၊ ဒီမှာရှင့်အတွက်စာတစ်စောင် ပေးသွားခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"စာတစ်စောင် ပေးသွားခဲ့သေးတယ်"

ထားထားအေးလှမ်းပေးသည့် စာကို ယူလိုက်၏။ ဖြီး

တော့ ထားထားအေးရှေ့မှာပင် ဖောက်ဖတ်လိုက်မိသည်။

ကိုတက်နေဝန်း . . .

ကျွန်မဘဝမှာ စေတနာနဲ့ လုပ်ရင်းမှားတဲ့ အမှားပဲ ရှိခဲ့ပါတယ်။ ဒါပေမယ့် ကိုတက်နေဝန်းနဲ့ ပတ်သက်ခဲ့ တာမှာတော့ ရည်ရွယ်ပြီးမှားခဲ့တဲ့အမှားမို့ ကျွန်မ တောင်းပန်ချင်ပါတယ်။ ကျွန်မတ တောင်းပန်ဖို့ ဝန်လေး တတ်ပေမယ့် မှားမှန်းသိပြီး တောင်း ပန်ချင်တာပါပဲ။

ကျွန်မက ကိုတက်နေဝန်းနဲ့ ရင်းနှီးပြီး အခုလို ကျွန်မကို ချစ်လာတဲ့အထိ ကိုတက်နေဝန်းခံစားရအောင် တမင် ရည်ရွယ်ပြီး လုပ်ကြံခဲ့တာပါ။ နားရှုပ်သွားလား မသိဘူး။ ကိုတက်နေဝန်းနဲ့တွေ့စမှာပဲ ကျွန်မ ကိုတက် နေဝန်း အကြောင်းတွေ (အထူးသဖြင့် မိန်းမပွေတာ တွေ)ကို သိခွင့်ရပါတယ်။ ထားထားအေးပြောပြလို့ပါ။ အံ့ဩသွားပြန်ပြီလား။ ထားထားအေးက တေသွယ် ထွန်းရဲ့ အစ်မအရင်းပဲလေ။ တေသွယ်ထွန်းနဲ့တွေ့ရင်





မေး ကြည့်ပါလား။ တေသွယ်ထွန်းက ကိုတက်နေဝန်းကို ရူရူလမ်းလမ်းဖြစ်ပြီး ဘယ် လောက်အထိခံ စားရတာ၊ မိန်းမမာနကိုချိုးပြီး ကိုတက်နေဝန်းကို ဘယ်လောက်ထိ ချစ်ရတာတွေ ထားထားအေးကသိပြီး ကိုတက် နေဝန်း ကို မုန်းတီးနေသူပါပဲ။

သူက ကိုတက်နေဝန်းကို ရှုံးချပ်မှာတွေ့ဖူး၊ မြင်ဖူးပြီး သိနေတယ် . . .။

သူပြန်ပြောတော့ ကျွန်မလဲ ကိုတက်နေဝန်းကို မုန်းတယ်၊ တိုတိုပြောပြရင် ဒါကြောင့် ထားထားအေးနဲ့ တိုင်ပင်ပြီး ကိုတက်နေ ဝန်းကို ပညာပေးဖို့စီစဉ်တာပါပဲ။

ဒီနေရာမှာ ကျွန်မက ယောကျ်ားတွေကို အထင်မကြီးတတ်ခဲ့ဘူး။ ကျွန်မရဲ့အတ္တနဲ့မာနကိုလဲ အလွန်မြင့်ကိုးတယ်။ ကျွန်မရဲ့စံတွေနဲ့ ကိုက်ညီမယ့် ယောကျ်ားလဲ မတွေ့နိုင်ဘူးဆိုပြီး ကျွန်မကိုယ် ကျွန်မ ယုံကြည်ခဲ့တယ်။

ဖြီးတော့ ကျွန်မစံနဲ့ အကိုက်ညီဆုံးဖြစ်ပြီး မိဘတွေလဲ သဘောတူထားတဲ့ ကိုရဲသီဟကိုလဲ လက် ထပ်ဖို့ ကျွန်မက ကတိ ပေးထားတဲ့သူလေ။

တိုတိုပြောရရင်တော့ ကိုတက်နေဝန်း ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကို တကယ် ချစ်သွားပြီလို့ ကျွန်မယုံလိုက်ရင် ဒီပွဲမှာ ကျွန်မနိုင်ပါတယ်။ ကျွန်မကို ညာတာဖြစ်ခဲ့ရင်လဲ သရေ ပွဲပဲလို့ သဘောထားရင်း ပွဲရပ်လိုက် ကြရအောင်ပါ။

ကိုရဲသီဟလဲ ပြန်ရောက်ပြီဆိုတော့ ကျွန်မ ရှင်နဲ့အဆက် အသွယ်လဲမလုပ်ချင်တော့ပါဘူး။

ကျွန်မထပ်ပြောချင်တာကတော့ ကျွန်မ ရှင့်ကိုလုံးဝ မချစ်ဘူးဆိုတာပါပဲ။ ကစားပွဲလေးတစ်ခုကို ကစားနေရသလို၊ ရင်ခုန် တယ်ဆိုတာလောက်ပါပဲ။ ကျွန်မလဲအလုပ်ထွက်ဖို့ စာတင်ထားပြီးပါပြီ။ ကျွန်မကို နောက်နောင် လုံးဝမဆက်သွယ်ပါနဲ့ တော့..။

အားလုံးအတွက် ကျွန်မတောင်းပန်ပါတယ်။

ခင်မိုးခိုင်

တက်နေဝန်းက စာဖတ်ပြီးအဆုံးမှာ ထားထားအေးကို ငေးကြည့်သည်။

"ကေသွယ်ထွန်းရဲ့ အစ်မအရင်းနော်"

"ဟုတ်တယ်၊ ကိုတက်နေဝန်း၊ ကျွန်မကတော့ မိမိုးကို ကျေးဇူးတင်ရမယ်"

"ခင်ဗျာ"

"မိမိုးကို ကိုတက်နေဝန်း တကယ်ချစ်တဲ့အကြောင်းတွေ မိမိုးကိုပြောပြလို့ ကျွန်မညီမကေသွယ်လဲ ယုံသွားတယ်။ ကေသွယ် ဒီလာတုန်း မိမိုးနဲ့တွေ့သွားတယ်လေ။ အခု တော့ အိမ်က သဘောတူတဲ့သူကို ကေသွယ်ခေါင်းညိတ် လိုက်ပြီ"

ကေသွယ်ထွန်း သူ့ကိုအဆက်အသွယ်မလုပ်တော့တာ တက်နေ ဝန်းသတိထားဖြစ်သည်။ နောက်ဆုံးတစ်ခါဖုန်းဆက်စဉ် က ခင်မိုးခိုင်အကြောင်း မေးသည်။ ဘယ်လိုသိလဲဆိုတော့ ပြန် မဖြေ။ ခင်မိုးခိုင်ကို တကယ်ချစ်တာလားဆိုတော့၊ တကယ်ချစ်တာ ဟု ပြန်ဖြေ ခဲ့သည်ပဲ။ ဒါ ကေသွယ်ထွန်း မန္တလေးကပြန်လာပြီးမှ သူ့ထံဆက်တာဖြစ်မည်ပဲ စဉ်းစားမိလာ၏။

"ကျွန်တော်ပြန်မယ်"

ပြောရင်း အဆောင်ထဲမှ သူလှည့်ထွက်လာခဲ့တော့၏။

× × ×







www.burmeseclassic.com

www.burmeseclassic.com

## (၂)

အခန်းပြတင်းမှ အဆောင်ရှေ့ကို ခင်မိုးခိုင်က ချောင်းကြည့်နေခဲ့မိသည်။ ထားထားအေးနှင့်စကားပြောနေသော တက်နေဝန်းကို သူကောင်းစွာ မြင်နေရသည်ပဲ။

သူရေးခဲ့သည့်စာကို တက်နေဝန်းဖတ်နေစဉ် သူနှလုံးသားတွေတစ်စစီ ကြေမွနေတာ ဘာသာအသိဆုံး။ သူစာထဲမှ စကားတစ်လုံးစီသည် သူနှင့် တက်နေဝန်းတို့ကို ပို၍ဝေးကွာသွားစေပြီဟု သူနားအလည်ဆုံး။ တက်နေဝန်း နာကြည်းနိုင်ဖို့ သူနှလုံးသားတွေ တစ်စစီ တစ်မြွာစီ ခွဲပေးနေလိုက်ရသလိုပင်။

အဆောင်ကို ကျောခိုင်းသွားသူ၏ နောက်ကျောကိုငေးရင်း သူကြေကွဲဆို့နင့်စွာ မျက်ရည်တွေ စီးကျလာပြန်ပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



သူကို ထာဝရကျောခိုင်းသွားပါရောလား။

သူစာထဲမှာရေးထားသမျှသည် အားလုံးအမှန်တွေချည်းသာဖြစ်လျက် သူတက်နေဝန်းတို့ လုံးဝမချစ်မိပါဘူးဆိုသည့်အရာ လိမ်ညာထားလိုက်ရခြင်းပင်။

ထိုအရာကိုပင် တက်နေဝန်းက ယုံကြည်သွားတော့မည်ပဲ တွေးရင်း သူကြေကွဲမဆုံးနိုင်တော့။

အမှန်တကယ်ပင် မနက်ဖြန်မှာတော့ ကိုရဲသီဟ မန္တလေး ရောက်လာတော့မည်လေ။

တစ်နေ့ကပင် ရန်ကုန်မှ ဖုန်းဝင်လာသည်ပဲ။ သူသွားကြို ပြီး လက်ထပ်ဖို့ ကိစ္စတွေပြောရဆိုရဦးတော့မည်။

× × ×



(၃)

ရန်ကုန်ပြန်ရောက်လာပြီးတော့ မေမေနှင့်ဖေဖေတို့ကို သူခေါင်းညိတ်လိုက်တော့သည်။

"မာလာဝေလေးကို သနားပါတယ်ကွယ်။ မင့်အစ်ကို လုပ်သွားပုံက လူမဆန်ဘူး။ ဒီကောင်ပျော့ပျော့နဲ့ ဒီလောက်အေးတဲ့ကောင်က ဒီလိုယုတ်ယုတ်မာမာ လုပ်သွားမယ်မထင်ဘူး"

မေမေကသူထံမှခေါင်းညိတ်လိုက်သည့် အဖြေကိုရတော့မှ စိတ်အေးသွားသလိုဖြစ်ပြီး ကိုကို့အပြစ်တွေကို ပြောသည်။ တက်နေဝန်းကတော့ သူ့အစ်ကိုတက်နေထွန်းဟာ သွေးအေးအေးနဲ့ဒီလိုပဲ သူလုပ်ချင်ရာလုပ်သွားတတ်သူဖြစ်မှန်းသိထားခဲ့သည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားကို အလုပ်နှင့် စေလွှတ်လိုက်သည့်သူအစ်
က ပြန်မလာဘဲ ဖေဖေတို့ဆီ စာတစ်စောင်ထည့်လိုက်သည်
ဦးသန်းဝေ၏သမီး မာလာဝေတို လက်မထပ်နိုင်တော
ကြောင်း၊ သူပြန်လာချင်မှပြန်လာမည်ဖြစ်ကြောင်း ပါသည့်စာ
ဖတ်ရင်းဖေဖေက ဒေါသအလွန်ထွက်နေသည်။ ဦးသန်းဝေ
ဖေဖေက အစစအရာရာကြည့်ရှုစောင့်ရှောက်ထားရသူမို့ အာ
နည်းသူအပေါ် အနိုင်ကျင့်မိုက်ရိုင်းရာ ကျတော့မည် ပြောသည်
ဦးသန်းဝေတို့မျက်နှာကို မကြည့်ရဲအောင် ရှက်ရတော့မည်
သည်။ မာလာဝေလေးကိုလည်း သမီးမရှိသူများမို့ သမီးလေး
ချစ်ခင်ကာ နှစ်အိမ်တစ်အိမ်နေခဲ့ကြခြင်းပင်။ မာလာဝေနှင့် ကို
တို့က မကြာခင်လက်ထပ်ကြတော့မည့်သူတွေမို့ ဆွေကြားမျိုးကြ
အတိအလင်းသွားလာနေခဲ့ရာ မလာဝေ၏ အရှက်ကိုလည်း ငဲ့ည
ဖို့လိုသည်ပဲ။

နောက်ဆုံးမှာတော့ မေမေရော ဖေဖေပါ သူ့ကို မြားဦ
လှည့်လာသည်။ အားလုံးကို ငဲ့ညာ၍ မာလာဝေကိုလက်ထပ်ပေ
ပါဟု တောင်းဆိုလာခဲ့သည်။

တက်နေဝန်းက ခါးခါးသီးသီး ငြင်းဆန်ခဲ့သည်။ သူ့ဘ
မှာ ခင်မိုးခိုင်ကိုသာ သူလက်ထပ်ချင်သည်ပဲ။

"မဖြစ်နိုင်ဘူး ဖေဖေ သားမှာလက်ထပ်ရမယ့် ချစ်သူ





ရှိတယ်"

"ဟဲ့ . . . ဘယ်သူလဲ"

မေမေ့အမေးကို သူချက်ချင်းမဖြေနိုင်။

"နယ်မှာမေမေ"

ဟုသာ သူပြန်ဖြေနိုင်ခဲ့၏။ ခင်မိုးခိုင်ကို အသိပေးခွင့်တောင်းပြီးမှ သူက ဖေဖေနှင့် မေမေ့ကို ပြောမည်စဉ်းစားသည်။

သည်ကြားထဲမှာ ခင်မိုးခိုင်ဆီ ဖုန်းဆက်တော့ ခင်မိုးခိုင်က ဖုန်းမကိုင်။ ရုံးကိုဆက်ကြည့်တော့လည်းမရ။ ပြန်ဆက်ပါဟု အကြိမ်ကြိမ်မှာသော်လည်း ခင်မိုးခိုင်ဖုန်းပြန်မဆက်။

နောက်ဆုံးမှာတော့ သူမန္တလေးကို ထွက်လာခဲ့ပါသည်။ မန္တလေးရောက်လို့ ဖုန်းဆက်ပြန်တော့လည်း ခင်မိုးခိုင်ကိုမတွေ့ရ။ မနက်ကျလာတွေ့မည်၊ အရေးကြီးတဲ့ကိစ္စရှိသည်ဟုသာ မှာနိုင်ခဲ့၏။

မနက်ခင်မိုးခိုင် အဆောင်ရောက်တော့မှ သူ့အိပ်မက်တွေ တစ်စစီပြိုကွဲသွားစေရသည့် စာတစ်စောင်ကို သူဖတ်ခဲ့ရသည်လေ။ သူ့စိတ်ကူးတွေ အပြိုပြိုအလဲလဲဖြစ်ခဲ့ရပြီပဲ။

ခင်မိုးခိုင်က သူ့ကို ကစားစရာ အရုပ်ကလေးတစ်ရုပ်လို သဘောထားခဲ့ပြီပဲ။

မိန်းမတစ်ယောက်ရဲ့ အတ္တနဲ့မာန ကြဲ့ကြဲ့ခံနိုင်မှအတွက်



www.burmeseclassic.com

www.burmeseclassic.com



သူက အစမ်းသပ်ခံဖြစ်ခဲ့ရသည်ပဲ။

တွေးရင်းရှက်ရွံ့ကြေကွဲနေမိတော့သည်။

ရန်ကုန်ပြန်ရောက်တော့ ဖေဖေနှင့်မေမေတို့ကို သူခေါင်းညိတ်လိုက်တော့၏။ အဖြစ်ဖြစ် သူ့အတွက် မိဘတွေရေမာလာ ဝေတို့ မိသားစုပါ စိတ်ချမ်းသာပါစေတော့။

× × ×

(၄)

"လက်ထပ်ဖို့ ကိုစွကိုနောက်တစ်ခါပြန်လာမှပဲ စီစဉ်ချင်တယ်၊ လောလောဆယ်ပြန်သွားရင် တစ်ဆင့်မြင့်ရာထူးနဲ့ အာဖရိကကိုသွားရလိမ့်မယ်။ အဲဒီရာထူးက လူမျိုးလူလွှတ်ဖြစ်ဖို့ လိုတယ်လေ။ ရမယ့်လခက နှစ်ဆလောက်ကွာတော့ အဲဒီအခွင့်အရေးကို ကိုယ်လက်လွှတ်မခံချင်ဘူး။ မြို့ရောက်ရင်လဲ ဖေဖေတို့ မေမေ တို့ကိုရော၊ အန်တီ့ကိုပါ ကိုရှင်းပြလိုက်မယ်"

ကိုရဲသီဟနှင့် ထမင်းအတူစားရင်း စကားတွေပြောရင်းနှင့် လက်ထပ်ဖို့ ကိစ္စဆီရောက်သွားသည်။ ကိုရဲသီဟထံမှ စကား





www.burmeseclassic.com

www.burmeseclassic.com



တွေကို ကြားရတော့ ခင်မိုးမိုးစော မဖအံ့သြ။ သည်လို ဦးနှောက်ကို ဦးစားပေးတာ၊ အရှုံးအမြတ်ကို တွက်တတ်တာတွေကိုပင် အရည်အချင်းဟု ခင်မိုးခိုင် အမှတ်ပေးခဲ့တာ မဟုတ်ပါလား။ အခုတော့ သည်လူမှာ နှလုံးသားမရှိပါလားဟုတွေးရင်း တိုတက်နေဝန်းကို တ,သ နေမိပြန်သည်ပဲ။

"မင်းဟိုမှာ အလုပ်လုပ်ရင်း ကိုယ့်ကို စောင့်လို့ရအောင် ကိုယ်စီစဉ်ပေးမယ်လေ"

ကိုရဲသီဟ စကားကြောင့် သူ့အာရုံတွေကို ပြန်စုစည်းရင်း မျက်နှာကို ဖျက်ခနဲကြည့်ဖြစ်၏။

"လက်ထပ်ဖို့ထက်၊ ဘဝမှာ ဘယ်လောက်မြင့်မြင့်မားမား ရပ်တည်နေနိုင်ဖို့က အရေးကြီးတာပဲကွာ၊ ဘယ်အချိန်မှာပဲ လက်ထပ်လက်ထပ်ပေါ့"

"ကိုရဲသီဟ"

သူမက ခေါ်လိုက်သည်။

"ဘာလဲ . . . မိုး"

"ကျွန်မတစ်ခု ပြောချင်တယ်"

"ပြောလေ"

"ကျွန်မတို့ နှစ်ယောက်ထဲက တစ်ယောက်ကို တစ်ယောက်



ဦးနှောက်နဲ့တွက်ပြီး . . . လက်ထပ်သင့်တဲ့ သူတွေပဲလို့ လက်ခံလို့ လူကြီးတွေစီမံတာကို ခေါင်းညိတ်ခဲ့ကြတာလေ"

"မိုး . . . ဘာပြောချင်တာလဲ"

"ကျွန်မ ကိုရဲသီဟကို . . . လက်မထပ်ချင်တော့ဘူး"

"ဟောဗျာ . . . နောက်နေတာလား"

"မဟုတ်ဘူး . . . တကယ်ပြောတာ"

"ဘာဖြစ်လို့လဲ . . . မိုး . . . ကိုယ်က . . . နောက်တစ်ခေါက်မှ လက်ထပ်မယ် ခွေ့တာကို မကျေနပ်လို့လား၊ ဒါဆိုရင်တော့ ဦးနှောက်ကို သုံးတတ်တဲ့သူလို့ ကိုယ်ထင်ထားတာ မှားတော့မယ်"

ကိုရဲသီဟကလည်း ခံစားမှုမဲ့စွာ ခပ်ပေါ့ပေါ့ ပြန်ပြောနေသည်ပဲ။

"ကိုရဲသီဟ ထင်သလို၊ လက်ထပ်ဖို့ ရွှေ့လို့မဟုတ်ဘူး၊ ကျွန်မတကယ် လက်မထပ်ချင်တော့တာ၊ မေးထားတဲ့ ကဓာကို ဖျက်တဲ့သူဖြစ်မှာ ကိုရဲသီဟဘက်က အတင်းအကျပ် တောင်းဆိုနေမှာပဲ ကျွန်မက စိုးရိမ်နေတာ"

"မိုး . . . ကိုယ့်ကို တကယ်ပြောနေတာလား"

www.burmeseclassic.com

www.burmeseclassic.com



ခင်မိုးခိုင်က ခေါင်းညိတ်သည်။

"စဉ်းစားပါဦး မိုးရယ် . . . ကိုယ်ဟာ မိုးနဲ့ လက်ထပ်သ

တဲ့ လူတစ်ယောက်ပဲလေ"

"ကျွန်မ မငြင်းချင်ပါဘူး၊ ကျွန်မ ကိုရဲသီဟနဲ့ လက်ထ

ရရင်လဲ၊ အရင်ကလို ကျေကျေနပ်နပ် ဖြစ်နိုင်တော့မယ

မထင်မိတော့လို့ပါ"

"ဒါဆိုလဲ . . . မိုး . . . သဘောပဲလေ"

မာနသံဖြင့် ပြောလိုက်သည့် ကိုရဲသီဟ၏ စကားေ

သူ့ရင်ထဲကို ပျော်ရွှင်ကျေနပ်မှုများ ဖြစ်သွားစေသည်ဟု ခင်မိုးခို

ထင်သည်။

"ကိုယ့်အိမ်နဲ့ အန်တီ့ကိုလဲ ကိုယ်ပြောလိုက်တော့မယ်"

သူမ ခေါင်းညိတ်ပြလိုက်၏။

မေမေကတော့ သူမ သဘောတစ်ခုတည်းသာမို့ မေ

အတွက် ခင်မိုးခိုင်တွေးမပူမိ။

စားသောက်ဆိုင်မှအထွက်မှာ သူတို့နှစ်ယောက်

ဘာသံယောဇဉ်မှ မထားတြဘဲ လမ်းခွဲနှုတ်ဆက်နိုင်ခဲ့ကြပြန်သည်

x x x



(၅)

သတင်းစာထဲမှာ စေ့စပ်ကြောင်းလမ်း သတင်းပါပြီးခါ

မှ ပြဿနာကတက်ရတော့သည်လေ။

ဖေဖေနှင့် မေမေတို့က သူ့သဘောတူညီမှုကိုရပြီးတော့

အားရဝမ်းသာ ဦးသန်းဝေတို့ကို ခေါ်ပြောကာ သတင်းစာထဲမှာ

သတင်းထည့်သည်။ အခမ်းအနားကိုတော့ နောက်မှလုပ်မည်

ဆိုသည့် သဘော။

သတင်းစာထဲမှာ ကြော်ငြာပါပြီးမှ မာလာဝေက သူ့အမေ

နှင့်အတူ အိမ်ရောက်လာပြီး ရှိက်ကြီးတငင်ငိုပါတော့သည်။

ပထမတော့ မေမေရော သူပါနားမလည်။ ဖေဖေက

တော့ အမြင်သွားနေ၍ မရှိ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ညည်းကိစ္စ ညည်းဆိုပါဦးရှင်း"

ဟု မာလာဝေ၏ အမေက စကားစသည်။ မာလာဝေက ခေါင်းငုံ့ရပ်ရင်း မျက်ရည်သုတ်၏။

"သမီးအတွက် အန်တီတို့ မိသားစုကရော့ပြီး အခုလို စီစဉ်လိုက်တာ သမီးနားလည်ပါတယ် . . . သမီးကို သမီး အရင်းလို ချစ်လို့ ဆိုတာလဲ သိပါတယ်"

"ဘာလဲ သမီးက သားငယ်ကို မကြိုက်လို့လား"

မေမေ့ စကားမှာ နည်းနည်းမာချင်နေသည်။

"မဟုတ်ပါဘူး၊ အန်တီ . . . သမီး ပြောတာဆုံး အောင် နားထောင်ပေးပါဦး"

"သမီးက ကိုလေးတို့ ဂ[illegible]ထပ်လို့ မရတော့လို့ပါ၊ သမီး . . . . သမီး"

တက်နေဝန်းကို မာလာဝေက ကိုလေးဟု ခေါ်သည်။ မာလာဝေ၏ စကားကို အားလုံးက နားမလည်အောင် ဖြစ်ရ၏။

"ဒီမှာ . . . သမီးတို့"

မာလာဝေက ယူလာသည့် ပလတ်စတစ်အိတ်ထဲမှ စာရွက်ကိုဆွဲထုတ်လိုက်သည်။ မေမေက ယူကြည့်ပြီး တက်နေဝန်းကို လှမ်းပေး၏။ သူလှမ်းယူကြည့်လိုက်သည်။ ကိုကိုနှင့် မာလာဝေ





လက်မှတ်ထိုးထားသည့် လက်ထပ်စာချုပ်ပါလား။

"သမီးနဲ့ ကိုကို လက်မှတ်ထိုး လက်ထပ်ပြီးသား"

ဆက်မပြောနိုင်ဘဲ ရှိုက်နေပြန်သည်။

"တော်တော် ရှုပ်တဲ့ကောင်ပဲကွာ . . . သမီးကလဲ စောစောက ဘာလို့မပြောတာလဲ"

မေမေက မေးသည်။

"ကိုလေးနဲ့ အခုလို ရှုတ်တရက်ကြီး စီစဉ်မယ် မထင်လို့ပါ အန်တီ . . . ပြီးတော့ ကိုကိုပြန်လာမှာပဲ ထင်နေလို့"

"ပြီးတော့ . . . ပြောလိုက်လေ"

မျက်စောင်းထိုးရင်း မာလာဝေ၏ မေမေက တိုက်တွန်း၏။

"သမီးမှာ ကိုကိုနဲ့ ကိုယ်ဝန်လဲ ရှိနေပြီ . . . အန်တီ"

မေမေက သူနဖူးသူရိုက်လိုက်၏။

ဘာဖြစ်ဖြစ် သူမကြိုက်ဘဲ မာလာဝေကို လက်မထပ်ရတော့မှာမို့ ပျော်သွားမိသည်မှာ အမှန်ပင်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## (၆)

ဘယ်လိုဖြစ်ဖြစ် သူမာနနှင့် အတ္တကို သည်တစ်ခါတော့ အဆုံးထိ လျှော့ချပစ်လိုက်မည် ဆုံးဖြတ်သည်။ ပါစ်ပို့တလည်း ကျနေပြီမို့ ရန်ကုန်ဆင်းကာ ကိုတက်နေဝန်းကိုတွေ့သည်။ မန္တလေးကနေ ဖုန်းမဆက်တော့။ ရန်ကုန်ရောက်မှ သူ့အိမ်အား သင့်သွားအောင် ဖုန်းဆက်ပြီး သွားတွေ့မည်ပေါ့။

သည်တစ်ခါတွေ့လျှင်တော့ သူဘယ်လောက်ခံစားရတာ တက်နေဝန်းကို ဘယ်လိုမှ မေ့မရတာတွေ သူကစပြီး ပြောလိုက်တော့မည်။

ကိုရဲသီဟနှင့် သူ ပမ်းခွဲခဲ့တာပင် သူ တက်နေဝန်းကို ချစ်ခြင်းရဲ့ အထင်ကရ သင်္ကေတအဖြစ် သူမြင်ရမည်ပဲ။

ရွှေသင်း ၈၇၆၀

www.burmeseclassic.com



သည်တစ်ခါ တက်နေဝန်း ဘယ်လောက်ပျော်သွားမည်ကို သူခန့်မှန်းကြည့်သည်။

တက်နေဝန်း၏ အပျော်မျက်နှာမှာ ဘယ်လောက်ကြည်ကောင်းလေမလဲဟု သူအတွေးဖြင့် ပျော်နေပြန်၏။

ရန်ကုန်ဘူတာကြီးရောက်ပြီးတော့ တစ်ခုခုစားဖို့ သူအလျှင် ဆုံးဖြတ်သည်။ တစ်ခုခုစားပြီးမှ တက်နေဝန်း၏ ရုံးကိုဖုန်းဆက်မည်တွေး၏။ စားသောက်ဆိုင်တစ်ခုကို သူသွားသည်။

ထမင်းကြော်မှာရင်း စောင့်နေလိုက်၏။

စောင့်ရတာ ပျင်းပျင်းရှိလာသည်နှင့် ရှေ့စားပွဲပေါ်မှာရှိသော သတင်းစာကိုယူရင်း ကြည့်နေလိုက်မိသည်။

ဘုရား . . . ဘုရား . . . ။

စေ့စပ်ကြောင်းလမ်းခြင်း သတင်းပါလား။

ကိုတက်နေဝန်းနှင့် မာလာဝေတို့ရဲ့ စေ့စပ်ကြောင်းလမ်းခြင်းဆိုပါလား။

လူမမှားအောင် သူအသေအချာထပ်ကြည့်သည်။ ကိုတက်နေဝန်း၏ ကုမ္ပဏီအလုပ် ဘာမှ မလွဲ။ သူတလွဲ၍ ဘယ်သူမှ မရှိနိုင်တော့။

မာလာဝေဆိုတာ သူ့ကောင်မလေးတွေထဲက တစ်ယောက်လား။နောက်ထပ်အသစ်တွေ့တဲ့ ကောင်မလေးလေလား





သူ့မျက်ဝန်းများ မှုန်ရီဝိုးဝါးဖြစ်လာသည်။

ပါးပြင်ပေါ်မှာ ပူနွေးသည့် အတွေ့ကြောင့် လတ်

ဖြင့် သုတ်လိုက်၏။

သူတစ်လမ်းလုံး စိတ်ကူးခဲ့သည့် အရာတို့ကား လှိုင်းရို

ခံရသည့်သဲပြင်ပေါ်မှ ခြေရာများပမာ ဖြစ်ရပြီပဲ။

သူမာနနှင့် အတ္တကို ခဝါချမည့်ပွဲသည်လည်း ဘယ်

နည်းနှင့်မှ မဖြစ်နိုင်တော့ပါလား။

အခုမှ သူတို့နှစ်ဦးတကယ်ပင် ဘဝခြားသွားပြီပဲတွေး

ရင်ထဲမှာ ပူလောင်လာရတော့ပြန်၏။

× × ×



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ပြီး

ရွှေအိမ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၁)

ဂျေဒိုးနပ်က ထွက်လာခဲ့ပြီးတော့ ကားမောင်းရင်း ဖေဖေ့
ရုံးကိုသွားသည်။ ဖေဖေက သူ့ကိုလာကြိုဖို့နှင့် သူ့မြေးကို တစ်ခေ
လိုက်ကျွေးဖို့ ခေါ်လာခဲ့ပါဆိုသဖြင့် သားသားကိုပါ သူခေါ်လာ
ရသည်။

လမ်းမှာ ခင်မိုးခိုင်အကြောင်းက အတွေးထဲပါလာပြ
၏။ ခင်မိုးခိုင်နှင့်အတူ ပါလာသူမှာ သူယောက်ျား ကိုရဲသီဟ
ဖြစ်ချည်တွေး၏။ သူကစေ့စပ်သတင်းပါလာပြီး ပြန်လည်ရှ
မနေနဲ့တော့ ဖေဖေ၊ သားရှက်တယ်ဟုပြောကာ ဂျပန်ကို ထွ
လာခဲ့သည်။ ဂျပန်မှာက ဖေဖေ့ကုမ္ပဏီနှင့် ကုမ္ပဏီချင်း အဆ
အသွယ်ရှိ၍ သူ့အတွက် အလုပ်မခက်ခဲ။





သူဂျပန်မှာရှိစဉ်ပင် မာလာဝေက ကလေးမွေးရင်း
ဆုံးခဲ့တာ သိလိုက်ရ၏။ မာလာဝေတို့ ဖေဖေတို့က ကိုကိုဇနီး
အဖြစ် အသိအမှတ်ပြုကာ အိမ်မှာ မွေးထားခဲ့သည်မို့ သားသားက
ဖေဖေတို့ လက်ထဲမှာကျန်ခဲ့သည်လေ။

သူဂျပန်မှာ လေးနှစ်ကျော်နေပြီး ပြန်ရောက်လာခဲ့သည်
မှာ တစ်လမပြည့်သေး။

တိုက်တိုက်ဆိုင်ဆိုင် ခင်မိုးခိုင်တို့ ဇနီးမောင်နှံကို ပြန်တွေ့
လိုက်ရပြန်သည်ပဲ။

စီးရာရင်ပေါ် တင်ထားသည့် သူ့လက်ဆီ ဖျတ်ခနဲ
အကြည့်ရောက်ပြန်၏။

နာရီကို ခရေစိစစ်သည့် သူသည် နာရီကောင်းများစွာတို
တွေ့ရှိသော်ငြား လက်မှာပတ်ထားသည့် နာရီလေးကိုကား မချွတ်
မိတော့။

သူနှင့် ခင်မိုးခိုင် စတွေ့စက ကြိုးပြတ်ကျသွားတဲ့ နာရီ
လေးလေ . . .။

သူသက်ပြင်းကို ချလိုက်မိ၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com

(၂)

သူ စက်ရုံမှာ အလုပ်လုပ်ပြီး ပြန်လာသည့် ရက်ပိုင်း အတွင်းမှာပင် သူငယ်သူငယ်ချင်း ကိုမိုးမြင့်နှင့်ဆုံသည်။

ကိုမိုးမြင့်က တိုက်တိုက်ဆိုင်ဆိုင်ပင် သူလုပ်ခဲ့သည့် စက် ပုက ကုမ္ပဏီမှာ အလုပ်သွားလျှောက်ရမည့်သူ။

သည်တော့ ကိုမိုးမြင့်က သူ့ထံမှ ကုမ္ပဏီအကြောင်း သိကောင်းစရာတွေ သိချင်ကြောင်းပြော၏။

သူနှင့် ကိုမိုးမြင့်တို့ ဗိုလ်ချုပ်ဈေးမှာ တွေ့ကြပြီး၊ ဈေး နတ်မှာ လက်ဖက်ရည်သောက်ရင်း စကားပြောကြဖို့ ဆုံးဖြတ် သည်။

ကိုမိုးမြင့်က ကောင်တာမှာ သူ့အတွက် မုန့်နှင့် လက်ဖက်



BURMESE CLASSIC .com



ချည်ယူနေစဉ် သူက စားပွဲလွတ်မှာ ဝင်ထိုင်လိုက်၏။

အမှတ်မထင် တိုသည်ကြည့်ဆဲမှာပင် ကိုတက်နေဝန်းကို လှမ်းမြင်သည်။ ပထမနှုတ်ဆက်ရန် တမိတော့မလို ဖြစ်သွား၏။ ပြီးမှ ကိုတက်နေဝန်းရှေ့ခုံမှာ မုန့်စားနေသော ကလေးကို မြင် လိုက်သည်။ ဪ . . . သူတောင့်ကလေး သည်အရွယ်ရှိနေပြီပဲ တွေးကာ စိတ်ကို လျှော့ချရင်း အကြည့်လွှဲလိုက်သည်။ ကိုရဲသီဟ လည်း ကလေးရနေပြီဆိုသည့် သတင်းတလောကလာသည့် မေမေ့ စာမှာပါလာသည်လေ . . .။

သူသာ တစ်ကိုယ်တည်း အတ္တနှင့် မာနကို အဖော်ပြုနေရ တုန်းပါပဲလား။

ကလေးလက်ဆွဲကာ အထွက်ပေါက်ဆီကို လျှောက်သွား သည့် ကိုတက်နေဝန်းကို သူ ငေးကြည့်နေမိဆဲပါလား။

သူ့နှလုံးသားထဲက ဆူးတစ်တော့ အခုထိ နာကျင်စူးစိုက် နေဆဲပါလေ။

× × ×



www.burmeseclassic.com

www.burmeseclassic.com

# (၃)

"အန်တီ . . . အန်တီ"

ဆွဲငင်၍သံအကြား နောက်လှည့်ကြည့်တော့ ကလေးငယ် တစ်ဦးက မပီကလာ၊ ပီကလာ သူ့ကို ခေါ်နေတာ တွေ့ရ၏။

"ဒီမှာ . . . အန်တီ့ဟာ"

လက်ထဲမှ လက်ကိုင်ပဝါအဖြူလေးကို ကောက်ရင်း ကလေးက သူ့ဆီလာပြီး လှမ်းပေးသည်။

"ကြော် . . . ဟုတ်လား၊ အန်တီကျသွားတာ ထင် တယ်၊ ကလေးက လိမ္မာလိုက်တာ"

လှမ်းယူရင်း သူက သည်ကလေးမျက်နှာကို တောင်း ကောင်း မြင်ဖူးသလို ခံစားနေမိပြန်၏။ ကလေးရှေ့မှာ သူ့ဒူး ထောက်ထိုင် ချလိုက်မိတော့သည်။





"သားသားက လူကြီးတွေ မပါဘူးလား"

"ပါတယ် . . . အန်တီ"

"သားဖေဖေနဲ့ မေမေလား"

"မဟုတ်ဘူး . . . သားသားရဲ့ ဦးဦး"

"ဦးဦးက ဘယ်မှာလဲ၊ အခုသားသားက တစ်ယောက် တည်းပါလား"

"ဦးဦးက ဟိုမှာ . . . ပုတီးစိပ်နေတာလေ"

လှမ်းမြင်နေရသော စနေထောင့်မှ နေလဘုရားဆီကို ကလေးက လက်ညှိုးညွှန်ပြရင်း ပြော၏။

ကလေးပြသည့် နေလဘုရားရှေ့ကို အကြည့်ရောက်သွား သည်။

ခပ်လှမ်းလှမ်းမှ မျက်နှာကို ဘေးတိုက်မြင်နေရသော်ငြား တိုတက်နေဝန်းဟု သူအတပ်သိလိုက်နိုင်သည်ပဲ။

"အဲဒါ . . . သားသားရဲ့ ဦးဦးလား"

"ဟုတ်တယ်"

"နာမည်က"

"ဦးဦးတက်နေဝန်း"

နာမည်ကို ကြားရရုံမျှ သူ့နှလုံးသားက ဆတ်ခနဲ တုန် ခြန်သည်။

"ဦးဦးရဲ့ အမျိုးသမီးလေ၊ မိန်းမကရော မပါဘူးလား"

ကလေးငယ်က ခေါင်းယမ်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားသားဦးဦးက မိန်းမ မရှိပါဘူး . . . ရှုမန်က ပြန်
လာတော့ မကြာသေးဘူး . . . အန်တီရဲ့"

ကလေးက ချက်ချာလွန်းသည်။ သည်ကလေး မျက်နှာကို သူမှတ်မိသွားပြီပဲ။ ဂျူဒိုးနတ်ထဲမှာ တွေ့ခဲ့တာ ပြန်မြင်ယောင်သည်။

"သား ဦးဦးကို တွေ့ရအောင် . . . အန်တီစောင့်နေမယ်
နော်။ လာ . . . ဟိုအနားသွားထိုင်ရအောင်"

နေသဘုရားရှေ့ရှိ တန်ဆောင်းဆီသို့ လျှောက်ခဲ့ကြသည်။ တန်ဆောင်းထဲ ဝင်ကာထိုင်လိုက်ကြ၏။

ကိုတက်နေဝန်း ပုတီးစိပ်နေသည်ကို နောက်မှ သူငေးကြည့်နေမိပြန်သည်ပဲ။ ရင်ထဲမှာ တလှပ်လှပ် ခုန်နေပြန်၏။ ကိုထက်နေဝန်းနှင့် ပတ်သက်၍ အတ္တ၊ မာနကင်းစင်နေပြီ ဖြစ်သောရင်ကား၊ ချစ်ခြင်းမှတစ်ပါးမရှိနိုင်တော့မှန်းဘာသာအသိဆုံး။

မိန်းမတစ်ယောက်၏ အတ္တသည် ချစ်သူ၏ ခြေရင်းမှာ မြူတစ်မှုန်ဖြစ်သွားနိုင်ပါသတဲ့လား။

သည်တစ်ခါ ကြားရသည့် ဆည်းလည်းသံလောက် ချိုမြိန်လွန်းသည့် အသံသည် မရှိနိုင်တော့ဟု ထင်လိုက်မိပြန်၏။

မောင်စိန်ဝင်း(ပုတီးကုန်း)
၂၅.၂.၂၀၀၀
(၁၃း၃၀)နာရီ



BURMESE CLASSIC .com
www.burmeseclassic.com